www.burmeseclassic.com

# ချိုက်ဖျား

မကောင်းဆိုးဝါး



ချောက်ချောက်ချားချား ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂/၇၈၀၀၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂/၆၇၀၉၀၉

ထုတ်ဝေသူ - ဦးကျော်ဆန်း(ရဲအောင်စာပေ)
အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ပုံနှိပ်သူ - ဦးကျော်စိန်(ကျောက်စိမ်းပုံနှိပ်တိုက်)
၁၇၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ပထမအကြိမ်

ထုတ်ဝေခြင်း - ဇန်နဝါရီလ၊ ၂၀၁၀

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၀၀ ကျပ်

၈၉၅·၈၃

သိုက်ဖွား

မကောင်းဆိုးဝါး/ သိုက်ဖွား ။ - ရန်ကုန် ၊

ရဲအောင်စာပေ၊ ၂၀၁၀။

(၂၁၆) စာ၊ ၁၂ စင်တီမီတာ X ၁၈ စင်တီမီတာ

(၁) မကောင်းဆိုးဝါး


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


အခန်း (၁) လက်သန်းပြတ်တစ်ချောင်း

အခန်း (၂) အိပ်မက်ဆိုး

အခန်း (၃) အိပ်မက်ဝိညာဉ်

အခန်း (၄) သင်္ချိုင်းပစ္စည်းတွေရေမျောတဲ့ည

အခန်း (၅) သေခြင်းရဲ့ နိမိတ်ပုံများ

အခန်း (၆) ပရလောကသား

အခန်း (၇) မီးနေသည် အစိမ်းသေမ

အခန်း (၈) သင်္ချိုင်းမြေ

အခန်း (၉) သင်္ချိုင်းပူးစာ




BURMESE CLASSIC .com



## အခန်း (၁)

## လက်သန်းပြတ်တစ်ချောင်း

သည်နေ့ဟာ…

ဝေဟင်မိုးမြင့်အတွက် တကယ့်ကို ရင်သိပ်တုန်ခဲ့ရတဲ့ နေ့တစ်နေ့ပါပဲ။ ဘာဖြစ်လို့လဲ ရင်သိပ်တုန်ရသလဲဆိုတော့…

ဒီနေ့ဟာ ဒုတိယနှစ် ဆေးကျောင်းသားများရဲ့ ပထမဦးဆုံး ဆေးရည်စိမ်အလောင်းကို လက်တွေ့ခွဲစိတ်ပြသတဲ့ နေ့တစ်နေ့ ဖြစ်လို့ပါပဲ။

နံနက် (၈) နာရီမှာ…



www.burmeseclassic.com

www.burmeseclassic.com



ဝေဟင်မိုးမြင့်တို့ ဒုတိယနှစ် ဆေးကျောင်းသားတွေဟာ ဂျူတီကုတ်ဖြူဖြူကလေးတွေဝတ်ပြီး ခန္ဓာဗေဒဌာနအတွင်းကို ရောက်ရှိနေလေရဲ့။

ခွဲစိတ်ခန်းရဲ့ စားပွဲရှည်ပေါ်မှာ ဆေးရည်စိမ်ထားတဲ့ အလောင်းတစ်လောင်းကို ပတ်လက်အနေအထားအတိုင်း တွေ့ရတယ်။ အဲဒီအလောင်း မပုပ်သိုးအောင် ဖော်မလင်ဆိုတဲ့ ဆေးရည်စိမ်ထားလို့ တစ်ကိုယ်လုံးက အရေပြားတွေဟာ ခပ်မည်းမည်းဖြစ်ပြီး တစ်ချို့နေရာတွေမှာ ရှုံ့တွနေတယ်။ ဝေဟင်မိုးမြင့်က အလောင်းကောင်ကို လှမ်းကြည့်ပြီး…

"မျက်လုံးကပြူးပြီး အသားအရေက မည်းနက်နေတယ်။ သွားကလည်း ခေါနေတဲ့ ကုလားတစ်ယောက်ရဲ့ အလောင်းပဲ"

"မျက်နှာက ရှုံ့တွနေလိုက်တာ ညဘက်မှာသာ တစ်ယောက်ချင်းတွေ့ရင် လိပ်ပြာလွင့်သွားနိုင်တယ်"

ဒီလိုအတွေးနဲ့ ကြည့်နေစဉ်မှာ

အလောင်းကို ခွဲစိတ်မယ့်ဆရာ ရောက်လာတယ်။

"ကဲ… တပည့်တို့ကြည့်ကြ ဆရာခွဲပြမယ်"





ဆရာက အဲဒီလိုပြောပြီး အလောင်းကို စတင်ခွဲစိတ်ပြခဲ့တယ်။

ပထမဦးဆုံး လက်မောင်းလက်ဖျံကို စတင်ခွဲလိုက်တယ်။ အရေပြားအောက်က ကြွက်သား၊ အရွတ်၊ သွေးကြော၊ အကြောစတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို တွေ့ရှိရတယ်။ နောက်တော့ ရင်ပတ်ကနေ ဝမ်းဗိုက်အထိ ဖွင့်လိုက်တယ်။ အသည်းနှလုံး၊ အဆုတ်အပြင် အူများရဲ့ တည်နေပုံကအစ ကျောက်ကပ်၊ အစာအိမ်၊ စအိုသွားရာလမ်းကြောင်းတွေကို တွေ့ရှိရတယ်။ ပထမဦးဆုံးနေ့မို့ ဝေဟင်ဟာ အထူးအဆန်းတစ်ခုလို ဖြစ်ခဲ့ရတယ်။ အဲဒီခွဲစိတ်မှုကိုကြည့်ပြီး ရင်တဒိတ်ဒိတ်ခုန်နေတယ်။

တကယ်တော့ ဝေဟင်မိုးမြင့်ဟာ ငယ်ငယ်ကလေးကတည်းက ကြောက်တတ်သူပါ။ အိမ်သာတောင် တစ်ယောက်ထဲ မသွားရဲဘူး။ အိမ်သားတစ်ယောက်ယောက်က လိုက်စောင့်ရတယ်။

ဒါပေမယ့် ပညာရေးက ထူးချွန်တယ်။ သူငယ်တန်းကစပြီး ပထမပဲရခဲ့တာ။ မိဘနှစ်ပါးကလည်း ပညာတော်လွန်းလို့ သမီးလေးကို မြှောက်စားခဲ့ကြတယ်။ တက္ကသိုလ်ဝင်တန်းကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ဝေဟင်ကလည်း ကြိုးစားတယ်။ မိဘနှစ်ပါး ကလည်း ဝေဟင်အနီးမှာ ဂိုက်တစ်ယောက်လို အားလုံးပံ့ပိုး ကူညီခဲ့တယ်။ ဒါ့ကြောင့် စာမေးပွဲအောင်စာရင်းလည်းထွက် ရော…

"မာမီနဲ့ဒယ်ဒီ… သမီး… ခြောက်ဘာသာဂုဏ်ထူး ထွက်တယ်"

"ဟာ… ငါ့သမီးက သိပ်တော်တာပဲ။ ကဲ… ငါ့သမီး ကို ဂုဏ်ပြုမယ်။ ဘယ်ဟိုတယ်ကြိုက်လဲပြော… လိုက် ကျွေးမယ်"

"ဆီဒိုးနားမှာ စားမယ်"

"ကျွေးမယ်ဗျာ၊ ကျွေးမှာပေါ့"

တစ်ဦးတည်းသောသမီးလေးရဲ့ ထူးချွန်စွာ အောင်မြင်မှု အတွက် မိဘနှစ်ပါးဟာ ဝမ်းသာပီတိ ဝွမ်းဆီထိဆိုသလို ဖြစ်ခဲ့ ကြတယ်။

တက္ကသိုလ်ဝင်တန်းအောင်ပြီဆိုတော့ တက္ကသိုလ်ဆက် တက်ဖို့ ဆွေးနွေးခဲ့ကြတယ်။

"သမီး… ဘယ်တက္ကသိုလ်ကို ဆက်တက်မလဲ"





"သမီးက ကွန်ပျူတာ ဝါသနာပါတယ်ဆိုတော့ ကွန်ပျူတာတက္ကသိုလ်ကို ဆက်တက်ချင်တယ် ဒယ်ဒီ"

"သမီး ဝါသနာပါတာတော့ မှန်ပါတယ်။ ဒါပေမယ့် သမီးအမှတ်က ဆေးတက္ကသိုလ်ဝင်တာပဲ ဆေးတက္ကသိုလ်ပဲ တက်ပေါ့ သမီးရယ်"

"ဒယ်ဒီ သမီးက ကြောက်တတ်တယ်။ သွေးမြင်ရင် တောင် လန့်တတ်တာ။ သမီးနဲ့ ဖြစ်မယ်မထင်ဘူး"

"သမီးရယ် ဒါဟာ စိတ်ကဖြစ်နေတာပါ။ ဒယ်ဒီ ကတော့ ဆေးတက္ကသိုလ်ပဲ တက်စေချင်တယ်"

"ဒယ်ဒီ မဖြစ်ဘူးနဲ့တူတယ်။ သမီးက အလောင်းတွေ ဘာတွေ ကြောက်တယ်။ သရဲကားကြည့်ရင်တောင် ည…ည အိပ်မက်ဆိုးတွေ မက်တတ်တယ်"

"သမီးရယ် ဒီလောက် စိတ်က မပျော့ညံ့ပါနဲ့။ ဒါဟာ အသက်မွေးဝမ်းကျောင်းပညာပဲ။ သမီးသာ ဆရာဝန်ဖြစ်သွားရင် ဒယ်ဒီတို့ရဲ့ ကျန်းမာရေးကို ပြုစုစောင့်ရှောက်နိုင်မယ်။ နောက် တော့ လူသားများရဲ့ ကျန်းမာရေးကိုလည်း သမီးကကုသနိုင်မယ်။ ဒီတော့ သမီးဟာ ဆေးတက္ကသိုလ်ကိုပဲ တက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောပြီး အဖေက ဧည့်ခန်းထဲက ထသွားတယ်။

ဒီတော့ ဝေဟင်မိုးမြင့်က ကြောက်လန့်စွာနဲ့ မာမီကို ဖက်ငိုပြီး…

"မာမီ… သမီးရဲ့ ကြောက်တတ်တဲ့စိတ်နဲ့ ဆရာဝန်လိုင်းကို လိုက်ဖို့ ဖြစ်နိုင်ပါ့မလား မာမီရယ်"

"သမီးရယ် သမီးကြောက်တတ်မှန်းလည်းသိတာပဲ။ ဒါပေမယ့် သမီး ဒယ်ဒီက တစွတ်ထိုးကြီး သမီးရဲ့ သမီးကို ငယ်ငယ်လေးကတည်းက ဆရာဝန်ဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ထားပြီး သမီးရဲ့ပညာရေးကို ထူးချွန်အောင် ကြိုးစားပေးခဲ့တာ"

"ဟုတ်ပါတယ် မာမီရယ် သမီးလည်း သိပါတယ်။ ဒါပေမယ့် သမီးက သူများတွေလို မရဲရင့်ဘူး၊ ကြောက်တတ်တယ်။ ဒါကြောင့် ဆရာဝန်လိုင်းကို မယူပါရစေနဲ့။ ကွန်ပျူတာ အင်ဂျင်နီယာ လုပ်ချင်တာ။ ကွန်ပျူတာကိုင်နေရရင် သမီးပျော်နေတာပဲ"

"ဒီလိုလည်း မဟုတ်သေးဘူး သမီးရယ်။ ကွန်ပျူတာ တတ်ချင်ရင် မာမီ သင်ပေးပါ့မယ်။ ကွန်ပျူတာအသစ်တစ်လုံးလည်း ဝယ်ပေးမယ်။ အခု ကျောင်းပိတ်ထားတုန်းမှာ သမီးကြိုက်





တဲ့ ကွန်ပျူတာသင်တန်းတွေလည်း တက်နိုင်တယ်။ ဒီတော့ သမီးအကြိုက်လည်းလုပ်ပါ။ ဒယ်ဒီကြိုက်တဲ့ ဆေးတက္ကသိုလ်လည်း တက်လိုက်ပါ။ ဒယ်ဒီကိုလည်း စိတ်ချမ်းသာအောင်ထားပါ သမီးရယ်"

မာမီက… ဝေဟင်ကို ခေါင်းကလေးပွတ်ပြီး ချော့ပြောလိုက်တယ်။ မာမီနဲ့ဒယ်ဒီကို စိတ်ချမ်းသာစေချင်တာနဲ့…

"မာမီနဲ့ဒယ်ဒီကလည်း သမီးလုပ်ချင်တာလုပ်ပေးတော့ သမီးကလည်း မာမီတို့အကြိုက် လိုက်လျောပါ့မယ်။ သမီးဆေးတက္ကသိုလ်ကို တက်မယ် မာမီ"

လို့ မာမီကို ဂတိပေးလိုက်တယ်။ ဒီတော့ မာမီက အရမ်းဝမ်းသာသွားပြီး…

"လိမ္မာလိုက်တဲ့ သမီးလေးရယ်"

ပြောပြောဆိုဆို ဝေဟင်ရဲ့ပါးကလေးကို နမ်းလိုက်တယ်။

ဒီလိုနဲ့… ဝေဟင်မိုးမြင့်ဟာ ဆေးတက္ကသိုလ်ကို တက်ခဲ့တယ်။ ပထမနှစ်၊ ဒုတိယနှစ်တွေမှာ ဝေဟင်က လက်ချာပိုင်းတွေများတာမို့ အခက်အခဲမရှိဘဲ ထူးထူးချွန်ချွန်နဲ့ အောင်မြင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ....

ဒီနေ့အလောင်းကို စတင်ခွဲရမယ့်နေ့မှာ ရင်တွေ တဒိန်းဒိန်း ခုန်နေတယ် ပထမဦးဆုံး အတွေ့အကြုံမို့ ထင်ပါရဲ့...

နဂိုကမှ သွေးမြင်ရင် ကြောက်တတ်တဲ့ ဝေဟင်ဟာ ဒီမြင်ကွင်းဟာ ပိုပြီး ရင်ခုန်စရာဖြစ်လာခဲ့တယ်...

ဒီ Practical တချိန်လုံး ရင်ထဲမှာ တသိမ့်သိမ့်နဲ့ ခံစားခဲ့ရတယ်။ ဒီလိုနဲ့ လက်တွေ့ ခွဲစိတ်ပြီးချိန်မှာ ကင်(န်)တင်းမှာ နားနေခဲ့ရတယ်။ ထမင်းတောင် စားချင်စိတ်မရှိလို့ လက်ဖက်ရည်နဲ့မုန့်ပဲ စားလိုက်တယ်။

ဝေဟင်ရဲ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ...

ဖော်မလင်နံ့တွေရယ် ညှီစို့စို့အနံ့မျိုးကြီး ပေါင်းစပ်ထားတော့ နဂိုကတည်းက ရှုံ့တတ်တဲ့ဝေဟင်ဟာ အန်ချင်သလိုလို ခံစားရတယ်။

"အမလေး... အန်ချင်လိုက်တာ...ဝေါ့"

မသိမသာလေး ပါးစပ်ပိတ်ပြီး အန်လိုက်မိတယ်။ ဒါပေမယ့် ဖော်မလင်နံ့ကြီးကိုပဲ နှာခေါင်းထဲမှာ စွဲကျန်ရစ်ခဲ့တယ်။

"ဒီနေ့တော့... ဒုက္ခပါပဲ။ ဒီအနံ့ကြီးနဲ့ ဘယ်လိုလုပ်ပြီး





ထမင်းစားရမလဲ မသိဘူး"

ပျို့ချင်ချင်... အန်ချင်ချင်နဲ့ ကျောင်းဆင်းလာခဲ့တယ်။

အိမ်မှာလည်း ဒယ်ဒီနဲ့မာမီက ခရီးသွားနေတော့ ဘစ်ယောက်ထဲ ဖြစ်နေမှာစိုးလို့ သူငယ်ချင်းတွေရှိတဲ့အဆောင်မှာ စကားပြောနေခဲ့တယ်။

"ဟောတော့... မိုးတွေရွာနေပြီ"

"မိုးစဲမှပင် ပြန်ပါဟယ်"

"အေးပါ... အိမ်မှာလည်း ဘယ်သူမှမရှိဘူး။ မိုးတိတ်မှပဲ ပြန်တော့မယ်"

"အေးဟယ်၊ ဒီနေ့ Practical ကလည်း စိတ်ညစ်လိုက်တာ"

"ဟုတ်တယ် ဖော်မလင်နံ့က ပြင်းလိုက်တာ၊ ခေါင်းကို မူးနေတာပဲ"

"အေးလေ... ငါကလည်း ငါတစ်ယောက်ထဲ ခေါင်းမူးတယ်မှတ်တာ၊ နင်တို့လဲ မူးတာပဲလား"

"ဒါကတော့ မပုပ်အောင် ဆေးရည်စိမ်ပါတယ်ဆိုနေမှ အနံ့ကတော့ ပြင်းမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကတော့ ဒီအနံ့လောက်နဲ့ ဘာမှမဖြစ်ဘူး"

သက်ပိုင်ချိုက ဝင်ပြောလိုက်တယ်။

"ဟုတ်တယ်၊ ဝေဟင်က နဂိုကတည်းက စူးရှတဲ့အနံ့ကို မခံနိုင်ဘူး။ မွှေးလွန်းရင်လည်း ခေါင်းကိုက်တယ်။ နံလွန်းရင်လည်း မခံနိုင်ဘူး"

"ဒါဆိုရင် ဝေဟင်မှာ ဦးနှောက်ပိုင်းဆိုင်ရာ ရောဂါ ရှိလိမ့်မယ်"

"ဖြစ်နိုင်ပါတယ် သက်ပိုင်ချိုရယ်၊ ဝေဟင်က အမြဲတမ်းလိုလို ခေါင်းကိုက်တတ်တယ်။ ခေါင်းမကိုက်တဲ့နေ့ဆိုရင် တောင် ထူးဆန်းနေတာ"

"ဝေဟင် သက်ပိုင်က စဟာနော်။ တော်ကြာတစ်မျိုး ထင်နေဦးမယ်"

"မထင်ပါဘူး ဝေဟင်က ကိုယ့်ရောဂါကို ကိုယ်သိပါတယ်"

ဝေဟင်တို့ စကားဝိုင်းက ကောင်းနေပါတယ်။ ဒီအချိန်မှာ မိုးကလည်း စဲသွားပြီဖြစ်လို့...

မနှင်းဆီက...





"ဝေဟင်ရေ မိုးတော့စဲသွားပြီ"

"ဘယ်နှနာရီထိုးသွားပြီလဲ"

"ခုနစ်နာရီ"

"ဒါဆို တော်တော်မှောင်သွားပြီ၊ ဝေဟင်ပြန်တော့မယ်"

"ဒါဆို ကားဂိတ်အထိ လိုက်ပို့ပေးမယ်"

"အေး... အေး"

ဝေဟင်က ရန်ကင်းတိုက်ခန်းမှာ နေသူမို့ လှည်းတန်း အဆောင်မှာနေတဲ့ သူငယ်ချင်းတွေက သူမကို ကားဂိတ်အထိ လိုက်ပို့ပေးခဲ့တယ်။

ကားစီးနေစဉ်မှာ...

မိုးက ခပ်ဖွဲဖွဲကလေး ရွာနေတယ်။

ကားပေါ်ကဆင်းလိုက်တာနဲ့ တပြိုင်နက် မိုးထစ်ချုန်း သံတွေပေးပြီး သည်းသည်းမည်းမည်း ရွာချလိုက်တယ်။

မိုးသီးမိုးပေါက်များကျလာပြီး ပိန်းပိတ်အောင် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွားတယ်။ ဟိုး... ရှေ့က မီးတိုင်ကလေးမှာ ပြာလဲ့လဲ့မီးရောင်လေးကို လှမ်းတွေ့လိုက်ရတယ်။ ဘတ်(စ်)ကားဂိတ်မှာလည်း လူသိပ်မရှိဘူး တစ်ယောက်စ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စပဲ ရှိတယ်။

"အင်း… မိုးကလည်း သည်းလိုက်တာနော်. အခန်းရောက်ဖို့ အများကြီးသွားရဦးမယ်။ ဘတ်(စ်)ကားဂိတ်မှာပဲ ရပ်ပြီး မိုးစဲအောင် စောင့်ရရင် ကောင်းမလား။ အင်း… မိုးကဆက်ရွာမှဖြင့် အရမ်းမိုးချုပ်သွားလိမ့်မယ်"

"မထူးပါဘူး၊ ဘာပဲဖြစ်ဖြစ် မိုးသည်းသည်းထဲမှာ သွားရမှာပဲ"

ဝေဟင်က ဒီလိုပဲ စဉ်းစားဆုံးဖြတ်လိုက်တယ်။

ဒါ့ကြောင့် ထီးကလေးကိုဖွင့်ပြီး ကျောင်းစာအုပ်တွေ ထည့်ထားတဲ့ အိတ်ကလေးကို ရင်ခွင်မှာပွေ့ပြီး… စတင်လျှောက်လှမ်းခဲ့တယ်။ ပထမတော့ လေခပ်ကြမ်းကြမ်း၊ မိုးသည်းနေလို့ ပတ်ဝန်းကျင်ကို ဂရုမပြုမိဘူး။ ခပ်မြန်မြန်လေး လျှောက်ချိန်မှာ အနီးအနားမှာ လူသူတစ်ဦးတစ်ယောက်မှ မရှိဘူးဆိုတာကို သတိထားမိလာတယ်။ ဒါ့ကြောင့် ခြေလှမ်းကို ဒီထက်ပိုပြီး အားတင်းကာ ခပ်မြန်မြန်လျှောက်လှမ်းချိန်မှာ…

နောက်နားဆီက…

"ဖျပ်"





"ဖျပ်"

"ဖျပ်"

ဆိုတဲ့ ခြေသံ တဖျပ်ဖျပ်သံကို စတင်ကြားလိုက်ရတယ်။

"ဘုရား… ဘုရား… ငါ့နောက်က လူတစ်ယောက်များ လိုက်လာသလားမသိဘူး"

"လူဆိုးလား… လူကောင်းလား၊ နောက်လှည့်မကြည့်ဝံ့ဘူး"

ဝေဟင်တစ်ယောက် မိုးသည်းသည်းထဲက ခြေသံရှင်ကြောင့် ရင်တွေ တဒိတ်ဒိတ်ခုန်ပြီး…

"အမလေး… ငါ့နှယ် ကြောက်လိုက်တာနော်"

ခြေလှမ်းပင် မမှန်ချင်လောက်အောင် ကြောက်လန့်လာတယ်။ နဂိုကမှ ဖော်မလင်နဲ့ကြောင့် မှုံဝေနေရတဲ့အထဲမှာ လူဆိုးလား၊ တစ္ဆေသရဲလား၊ ခြေသံတဖျပ်ဖျပ်ကြောင့် အရမ်းပင် တုန်လှုပ်လာတယ်။

လူစိတ်က ဆန်းကြယ်တယ်။ နောက်ကလိုက်လာတဲ့ ခြေသံရှင်ကို အရမ်းကြည့်ချင်မိတယ်။ ဒါကြောင့် ကြောက်စိတ်ဝင်နေပေမယ့် အသာလေး မသိမသာ စောင်းငဲ့ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အို… တွေ့လိုက်ရပါပြီ…

ခေါင်းစွပ် မိုးကာအင်္ကျီမည်းမည်းကို ဝတ်ထားတဲ့ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး အမျိုးသားတစ်ယောက်…

ဝင်းကနဲ… လက်ကနဲ… လင်းလက်သွားတဲ့ လျှပ်ပန်းလျှပ်နွယ်ကြားမှာ ရုတ်တရက် အကြည့်မှာ… သူ့ရဲ့မျက်နှာဟာ ခပ်မည်းမည်းနဲ့ ကြောက်မက်ဖွယ် ပုံသဏ္ဌာန်မျိုး…

ဝေဟင်ရဲ့ ခြေလှမ်းတွေ ပိုမြန်လာတယ်။ တနည်းပြောရရင် မပြေးရုံတမယ်ပဲ၊ ဝေဟင်စဉ်းစားထားတယ်။ တကယ်လို့များ သူ့အနားကပ်ပြီး တစ်ခုခုလုပ်မယ်ဆိုရင်တော့ အော်ဟစ်ပြီး အကူအညီတောင်းရမှာပဲ…

"ဘုရား… ဘုရား… မြန်မြန်လျှောက်မှာပဲ"

ဝေဟင်က မြန်မြန်လျှောက်လေလေ…

နောက်ကခြေသံကလည်း မြန်လာလေပဲ…

လျှောက်ရင်း… လျှောက်ရင်း… အခန်းနားကိုရောက်လာခဲ့ပြီ။

အတော်ပဲ… အခန်းရှေ့က ဝင်းတံခါးကလေးကိုဖွင့်ပြီး အမြန်ဆုံး ဝင်လိုက်တယ်။ ပြီးတော့ အခန်းတံခါးက သော့ကို





ခပ်မြန်မြန်လေး ဖွင့်လိုက်တယ်။

"ဟင်… ဟိုလူ ဘယ်ရောက်သွားပါလိမ့်"

လှမ်းအကြည့်မှာ… မီးတိုင်အောက်မှာ ခပ်မော့မော့ကလေးရပ်နေတာ လှမ်းမြင်လိုက်ရတယ်။ ဝေဟင်က ခပ်ကြောက်ကြောက်နဲ့ တိုက်ခန်းထဲ ပြေးဝင်းပြီး လော့(ခ်)လုပ်လိုက်တယ်။

နောက်တော့… အဲဒီလူကို သိပ်ကြည့်ချင်တာနဲ့ မှန်ပြတင်းတံခါးက လှမ်းကြည့်လိုက်တော့… မီးတိုင်ကလေးဟာ မှိုးသည်းသည်းထဲမှာ အထီးကျန်စွာ တည်ရှိနေဆဲ…

ခုနက မိုးကာအင်္ကျီဝတ်ထားတဲ့ ကြောက်စရာ မျက်နှာပိုင်ရှင်ကို လုံးဝမတွေ့ရတော့ဘူး။

"ငါပဲ မျက်စေ့အမြင်မှားတာလား… ခုနကပဲ ဒီလူကို မီးတိုင်အောက်မှာ တွေ့ရတယ်။ ငါအိမ်ထဲဝင်တာ အလွန်ဆုံး ငါးမိနစ်ပေါ့။ ဒီလူထွက်သွားရင်လည်း သွားစရာလမ်းတစ်လမ်းပဲရှိတာ သူသွားနေတာ မြင်ရမယ်။ အခုတော့ ဒီလူဘယ်ရောက်သွားသလဲ"

"ဒါဆို… သူဟာ လူစင်စစ်မှ ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"တစ္ဆေ၊ သရဲ တစ်ကောင်လား"

ဝေဟောင်စိတ်ထဲမှာ အမျိုးမျိုးအတွေးတွေဝင်လာခဲ့တယ်။ သူနဲ့ဝေဟောင်နဲ့ကြားမှာ တစ်ခုခုတော့ မှားယွင်းနေပြီလား…

မကောင်းဆိုးဝါးတစ်ကောင်ရဲ့ ခြေသံလား…

စိုးထိတ်တဲ့ အတွေးတစ်ခု ဝင်နေစဉ်မှာ…

"ကလင်"

"ကလင်"

"ကလင်"

ဧည့်ခန်းထဲက တယ်လီဖုန်းမြည်လာတယ်။

ဝေဟောင်က တယ်လီဖုန်းကို အပြေးအလွှား ကောက်ကိုင်လိုက်တယ်။

"ဟယ်လို"

"ဝေဟောင်လားဟင်"

"ရှင်… ရှင်… ဘယ်သူလဲ"

ဝေဟောင်က ကြောက်ရွံ့ထိတ်လန့်စွာ မေးလိုက်တယ်။

သူမရဲ့စိတ်ထဲမှာ ပြုံးကနဲ သတိရတဲ့သူဟာ စောစောက သူမရဲ့နောက်ကို လိုက်လာတဲ့ ခြေသံရှင်လား…။ အဲဒီအသံ





ကြောင့် အရှိန်းပဲ တုန်လှုပ်ခြောက်ခြားသွားတယ်။

"ဟား… ဟား… ဟား"

"ရှင်… ဘယ်သူလဲ၊ ဖုန်းသူရဲလား။ ကျွန်မ ဖုန်းချလိုက်မနော်"

အသံတုန်ယင် ကွဲအက်အက်နဲ့ ပြောလိုက်တယ်။

"ဝေဟောင်… ငါပါဟ… ကိုတာကြီးပါ"

"အမလေး… ကိုတာကြီးရယ် စောစောကတည်းက ပြောပါတော့လား"

ဝေဟောင်တို့အတန်းထဲက ကိုတာကြီးမှန်းသိလိုက်ရမှ အကြောက်ပြေသွားခဲ့တယ်။ ကိုတာကြီးဆိုတာ သူ့ရဲ့ ငယ်နာမည်ပါ။ တကယ့်နာမည်ရင်းက မိုးထွဋ်ခေါင်။ သူက အရမ်းအစအနောက်သန်တယ်။ တစ်ခါတရံမှာ သူစလွန်းလို့ မိန်းကလေးတွေ ငိုယူရတဲ့အထိ စနောက်တတ်တယ်။

ဒါ့ကြောင့်…

ကိုတာကြီးဆိုကတည်းက… သူ… ဘာများစ,နောက်မှာလဲလို့ တွေးမိတယ်။ ဒါပေမယ့် ဝေဟောင်က နောက်ကလိုက်တဲ့ ခြေသံပိုင်ရှင်မဟုတ်ဘူးဆိုတဲ့အသိနဲ့ ရင်ထိတ်တာ လျော့သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။

"ကိုတာကြီး ဘာပြောမလို့လဲ ပြောလေ"

"ဩော်... ငါတို့အုပ်စုက နှင့်အိပ်ထဲကို လက်ဆောင် တစ်ခု ထည့်ပေးထားတယ်"

"ဝေဟင်တောင် မသိဘူး၊ ဘာလက်ဆောင်လဲ"

"နှင်... အံ့သြသွားအောင် မသိအောင် တမင်ထည့်ပေး လိုက်တာ"

"ဘာကြောင့် လက်ဆောင်ပေးရတာလဲ၊ ကိုတာကြီး မဟုတ်တာ လျှောက်မပြောနဲ့နော်"

"ဩော်... တကယ်ပါ။ တကယ့်ကို လက်ဆောင် တစ်ခု ထည့်ပေးလိုက်တယ်။ မယုံရင် နှင့်ရဲ့ကျောင်းတက်တဲ့ အိပ်ထဲကို သွန်ကြည့်လိုက်"

"အေး... ကြည့်လိုက်မယ်"

"ဒါပေမယ့်... ဒီလက်ဆောင်ကြည့်ပြီး ငါ့ကို သိပ်ပြီး ကျေးဇူးမတင်နဲ့နော်"

"ဘာဖြစ်လို့ ကျေးဇူးတင်ရမှာလဲ"

"အဲဒီလက်ဆောင်က အရမ်းတန်ဖိုးကြီးတဲ့ လက်ဆောင်





ခဲ့လို့ပေါ့"

"ငါကတော့ ဒီလောက်ပြောနေရင် သိပ်မထင်ဘူး"

"အေးပါ... နှင့်အိပ်ထဲ သွန်ကြည့်လိုက်၊ ဒါပဲ"

"အေး... ငါ ဖုန်းချလိုက်တော့မယ်"

"ဘိုင့်... ဘိုင်"

"ဘိုင်"

ဝေဟင်က ဖုန်းချလိုက်တယ်။

ဟင်... ကိုယ့်ဖာသာကိုယ် ကြောက်ရတဲ့အထဲမှာ သူက ဖုန်းဆက်ရသေးတယ်။ ပြီးတော့ လက်ဆောင်တဲ့...

"ဘာလက်ဆောင်လဲ မသိဘူး"

သည်လိုစဉ်းစားပြီး စာကြည့်စားပွဲပေါ်မှာ တင်ထားတဲ့ အိတ်ကို လှမ်းယူလိုက်တယ်။

"အင်း... ကိုတာကြီးက ဘာလက်ဆောင်ထည့်ပေး လိုက်တယ် မသိဘူး အိပ်ကိုသွန်ကြည့်ဦးမှပဲ"

ဝေဟင်က ဤသို့စဉ်းစားပြီး အိပ်ကို သွန်တော့...

"ဟောတော့"

အိပ်ထဲက အချောင်းသေးသေးကလေးတစ်ခု ခုန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ကျလာတယ်။ ပြီးမှ… ကြမ်းပင်ပေါ်မှာ ကျသွားခဲ့တယ်။

အဲဒီအချောင်းကလေးကို သေသေချာချာကြည့်လိုက်တော့…

"အမလေး… လက်သန်းအပြတ်ကလေးပါလား"

လက်သန်းအပြတ်ကလေးကိုကြည့်ပြီး အရမ်းလန့်သွားခဲ့တယ်။ ပင့်သက်ရှူမောလို့… နှလုံးတွေက တဆပ်ဆပ်တုန်ယင်နေတယ်။

"ကိုတာကြီး… သိပ်ယုတ်မာတယ်။ အလောင်းကိုခွဲတုန်းက အဲဒီအလောင်းက လက်သန်းလေး ကြွေကျနေတာကို ကောက်ပြီး ငါ့အိတ်ထဲ ထည့်လိုက်တာနေမှာ"

"တွေ့မယ်… တွေ့မယ်… ဖုန်းဆက်ပြီး ရန်တွေ့ပစ်လိုက်မယ်"

စိတ်လည်းဆိုးတယ်…

ကြောက်လည်းကြောက်တယ်။

ကြောက်တတ်တဲ့သူတစ်ယောက်ကို စ,စရာလား…

ဖုန်းဆက်လိုက်တော့… တတူတူနဲ့…

ကိုင်မယ့်လူ မရှိဘူး…





ဒါလောက်ဆို သိပါပြီ။ ဝေဟာင်ဖုန်းဆက်မှာကို အသေအချာသိနေတဲ့ ကိုတာကြီးဟာ ဖုန်းကြိုးကို ဖြုတ်ထားလိုက်ပြီ…

သူ့ဆီကို ဖုန်းဆက်လို့မရတာ အရေးမကြီးဘူး။ ဒီလက်သန်းနဲ့ ဝေဟာင် ထိတ်တိုက်တွေ့နေပြီ။ လက်သန်းကလေးကို ဘယ်လိုလုပ်ရပါ့…

ဖြစ်ချင်တော့… ဒီအခန်းထဲမှာ အိမ်သားဆိုလို့ တစ်ယောက်မှမရှိဘူး။ ဝေဟာင်တစ်ယောက်တည်း…

အရင်တုန်းကလည်း အကြောင်းကိစ္စရှိရင် ဒက်ဒီနဲ့မာမီက သွားနေကျ။ ဝေဟာင်တစ်ယောက်ထဲ နေခဲ့တယ်။ အဲဒီတုန်းက

"ဘယ်သူမှမရှိမှ ကောင်းတယ်။ စာကျက်လို့ အရမ်းကောင်းတာပဲ" လို့ ပြောခဲ့မိတယ်။

ဒီနေ့တော့… ဘာမဟုတ်တဲ့ လက်ငန်းလေးကိုကြည့်ပြီး ကြောက်နေမိတယ်။ အခုတွေ့နေရတာ လက်သန်းဆိုပေမယ့် လက်သန်းပိုင်ရှင်ရဲ့ အလောင်းကို တွေ့ခဲ့တဲ့အတွက်…

အဲဒီလူရဲ့မျက်နှာကို ကွက်ကနဲ ပြေးမြင်လိုက်တယ်။

"ငါ… ဒီ… လက်သန်းကို ဘယ်လိုလုပ်ရပါ့"

"လွှင့်ပစ်ရအောင်လည်း မဖြစ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဒီအတိုင်းထားလို့ ကြွက်ချီပြီး အိပ်ခန်းအောက်တွေမှာ ထားရင်လည်း ဒုက္ခပဲ''

''ဘာပဲဖြစ်ဖြစ် ဖန်ပုလင်းနဲ့ ထည့်ထားမှဖြစ်မယ်''

ဒါ့ကြောင့် အိမ်နောက်ဖေးက မီးဖိုခန်းမှာ ဖန်ပုလင်းခပ်သေးသေးလေးတစ်လုံးကို သွားယူလိုက်တယ်။

နောက်တော့ မွေးညှပ်နဲ့ အဲဒီလက်သန်းကလေးကို ညှပ်ပြီး ဖန်ပုလင်းထဲ ထည့်လိုက်တယ်။ ချက်ချင်း အဲဒီပုလင်းကို အဖုံးနဲ့တင်းကြပ်နေအောင် ပိတ်လိုက်တယ်···။

''ဟင်း··· တော်ပါသေးရဲ့''

လက်သန်းကလေး··· ပုလင်းထဲရောက်သွားတော့ နည်းနည်းစိတ်အေးသလိုလိုပဲ။ ပြီးတော့ အဲဒီပုလင်းကလေးကို အိမ်နောက်ဖေးက မီးဖိုခန်းမှာ သွားထားလိုက်တယ်။ ပြီးတော့ စာကြည့်စားပွဲမှာထိုင်ပြီး စာကြည့်လိုက်တယ်။ ည၉(၁၀)နာရီကျော်ကျော်မှာ အရမ်းသန်းဝေပြီး အိပ်ချင်လို့ အိပ်ရာထဲဝင်ခဲ့တယ်။ ဝေဟင်ရဲ့ကြောက်စိတ်တွေဟာ အိပ်ပျော်သွားရင် ပြီးသွားမှာပဲလို့ ထင်မိတယ်။ အိပ်ရာထဲဝင်ပေမယ့် ချက်ချင်းအိပ်မပျော်ခဲ့ပါ။

အိုယွန်းယုဥ်စာပေ



ခွဲစိတ်စားပွဲရှည်ပေါ်က ပိုးလိုးပက်လက်လန်နေတဲ့ အလောင်းကောင်ကြီးကိုပဲ မြင်ယောင်နေမိတယ်။ လူတွေဟာ ထမဦးဆုံး အတွေ့အကြုံမှာ ဒီလိုစွဲလန်းမှုတွေ ရှိတယ်လို့ နောင်တော်ကြီးတွေဖြစ်တဲ့ အတန်းကြီးသမားတွေက ပြောခဲ့ ူးတယ်။

အခုလည်း ဒီအတိုင်းပဲ···

မျက်လုံးပြူးပြူး၊ သွားခေါခေါ၊ မျက်နှာမည်းမည်း အလောင်းကို မြင်ယောင်နေတယ်။

ဒီကြားထဲမှာ မဲခြောက်ခြောက် လက်သန်းကလေး ကလည်း ကြောက်စိတ်ကို ပိုပြီးဖြစ်စေတယ်။

နဂိုကမှ ကြောက်တတ်ရတဲ့အထဲမှာ ဒက်ဒီနဲ့မာမီ ကလည်း ခရီးသွားနေတယ်။ ဝေဟင်မှာ အကျင့်တစ်ခုရှိတယ်။ အဲဒါက နေ့ခင်းက ထူးခြားတဲ့ အကြောင်းတွေကို ညမှာ အိပ်မက် မက်တတ်တယ်။

တစ်ခါတစ်ရံမှာ···

ကြောက်ရွံ့ဖွယ်ကောင်းတဲ့ အကြောင်းအရာနဲ့တွေ့ရင် ညဘက်မှာ ''အိပ်မက်ဆိုး'' တွေ မက်တတ်တယ်။

အိုယွန်းယုဥ်စာပေ

www.burmeseclassic.com


www.burmeseclassic.com



"ဘုရား…ဘုရား… အိပ်မက်ဆိုးတွေ မမက်ပါစေနဲ့ ဘုရား"

ဘုရားရှိခိုးပြီး ဒီလိုဆုတောင်းကာ အိပ်ခဲ့တယ်။

* * *








## အခန်း (၂)

## အိပ်မက်ဆိုး

တိမ်ပုဝါ ဇာခန်းဆီးကလေးတွေ လေအနှေ့မှာ လွင့်မျော နေတယ်။ အိပ်စက်ခြင်းရဲ့ ခရီးအစမှာ အိပ်မက်ဆိုတဲ့ အရာတစ်ခု ဆီကို တဖြည်းဖြည်း မျောပါသွားတယ်။

ဝေဟင်က တိမ်လွှာတွေကြားမှာ လွင့်မျောနေရင်းနဲ့ ဖြူးဆို ခန္ဓာဗေဒအခန်းဆီကို ရောက်ရှိသွားခဲ့တယ်။

အဲဒီမှာစပြီး… စိတ်တစ္ဆေ စတင်ခြောက်လှန့်ခဲ့တယ်။

လွင့်မျောခြင်းခရီးအစမှာ ခွဲစိတ်ခန်းက အလောင်း ကောင်ကြီးကို စတင်တွေ့လိုက်ရပြီး အလောင်းကောင်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ဆရာက ခွဲစိတ်ပြနေစဉ်မှာ သူ့ရဲ့လက်သန်းကလေးဟာ အလောင်းကောင်ဆီက ကြွေကျသွားခဲ့တယ်။ ဖော်မလင်စိမ်ထားတဲ့ အလောင်းကောင်ဟာ မျက်နှာက ခပ်မည်းမည်း၊ သွားကခေါခေါ၊ အဲဒီအချိန်မှာ ကိုတာကြီးက အဲဒီလက်သန်းကလေးကို ကောက်ကိုင်ပြီး ဝေဟာင်ရဲ့အိပ်ထဲကို ထည့်လိုက်တယ်။

"ဟင်" ဆိုတဲ့ သပ်ပြင်းချသံကြီးနဲ့အတူ မနှစ်သက်တဲ့ပုံစံမျိုးနဲ့ ခေါင်းကို ပြန်ချသွားတယ်။ ဝေဟာင်ကတော့ လက်ညှိုး သူ့အိတ်ထဲထည့်လိုက်တာ မသိခဲ့ဘူး။

ဒါနဲ့ ကလပ်(စ်)အပြီး ညနေစောင်းမှာ သူငယ်ချင်းတွေနဲ့ လမ်းခွဲပြီး အိမ်ကိုပြန်လာခဲ့တယ်။

ဒီအချိန်မှာ…

မိုးကလည်း သည်းသည်းမည်းမည်း ရွာချလိုက်တယ်။

ဘတ်(စ်)ကားအဆင်း… မိုးသည်းထဲမှာ တိုက်ခန်းဆီသို့ လမ်းလျှောက်လာခဲ့တယ်။

"ဖျပ်"

"ဖျပ်"





"ဖျပ်"

"ဟော… ငါ့နောက်က လိုက်လာတဲ့ ခြေသံကြားတယ်"

ဝေဟာင်… အရမ်းကို ကြောက်လန့်တုန်လှုပ်သွားခဲ့တယ်။ အဲဒီအချိန်မှာ….

မိုးကောင်းကင်က လျှပ်ပန်းလျှပ်နွယ်တွေ လင်းလက်လာတယ်။ အဲဒီအလင်းရောင် လင်းလက်စဉ်မှာ…

နောက်ကိုလှည့်ကြည့်လိုက်တော့…

"အမလေး… အလောင်းကောင်ကြီးပါလား"

ခွဲစိတ်ခန်းရဲ့စားပွဲရှည်ပေါ်မှာ လဲလျောင်းနေတဲ့အလောင်းကောင်ကြီးရဲ့ မျက်နှာမှ သူ့မျက်နှာစစ်စစ်…

သွားခေါတာလေးမြင်တာနဲ့ သိလိုက်တယ်။

ဝေဟာင်က ခပ်သုတ်သုတ်ကလေး လျှောက်သွားလိုက်တယ်။ ဟော… သူက ဝေဟာင်နောက်က ခြေလှမ်းကျဲကြီးနဲ့ လိုက်လာခဲ့တယ်။ အနက်ရောင် မိုးကာအကျီကိုဝတ်ထားပြီး ခေါင်းစွပ်ကိုပါဆောင်းထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဟင်ဟာ ကြောက်ရွံ့စွာနဲ့ အမြန်ဆုံး တိုက်ခန်းဆီကို လျှောက်လာခဲ့တယ်။ တိုက်ခန်းရောက်တော့ သော့ဖွင့်ပြီး အခန်းတွင်းကို အမြန်ဆုံး ပြေးဝင်လိုက်တယ်။ သူဟာ မီးတိုင်အောက်မှာ ရပ်ပြီးကျန်ခဲ့တယ်။

မှန်ပြူတင်းပေါက်က လှမ်းကြည့်တော့… သူ့ကို မတွေ့ရတော့ဘူး။

"သူ… ဘယ်ရောက်သွားပါလိမ့်"

အဲဒီလိုအတွေးနဲ့ သူ့ကို ကြည့်နေစဉ်မှာ…

သူရဲ့ ခန္ဓာကိုယ်က အခိုးအငွေ့တန်းတွေဟာ လူတစ် ယောက်အဖြစ်ပုံပေါ်ပြီး အခန်းထဲကို ရောက်လာပြီး…

"ရှင်… ဘာဖြစ်လို့… ဒီအထိလိုက်လာရတာလဲ၊ မလာနဲ့… သွား"

ဆိုတဲ့စကားကို ကြောက်ရွံ့တုန်လှုပ်စွာ ပြောလိုက်တယ်။

ဒီတော့… အဲဒီလူက ကျွန်မရဲ့ အခန်းက ကုလားထိုင်





ပေါ်မှာထိုင်ကာ…

"မိန်းကလေး… မကြောက်ပါနဲ့။ ကျွန်တော်ပြောစရာ ရှိလို့ လာတာပါ"

"ရှင်… ဘာပြောမှာလဲ ပြောပါ"

"ကျွန်တော်ဟာ… လူ့ဘဝတုန်းက မောင်နှမ ခုနှစ်ယောက်နဲ့ တော်တော်ပျော်ခဲ့တာဗျ"

"ရှင်ပျော်တာ ကျွန်မ မသိချင်ဘူး။ ရှင် အခု ကျွန်မ အခန်းထဲက ထွက်သွားပါ"

"ကျွန်တော်ဟာ ဝိညာဉ်တစ်ကောင်ပါ။ အခုလို သူများ နောက်ကိုလိုက်ဖို့ အလွန်အခွင့်အရေးနည်းပါတယ်"

"ဒါဆိုရင် ဘာဖြစ်လို့ ကျွန်မရဲ့နောက်ကို လိုက်ရတာလဲ"

"အဲဒါ နောက်မှပြောမယ်ဗျာ။ အခုလောလောဆယ်မှာ ပြောချင်တာက ကျွန်တော့်အကြောင်းပဲ"

"ကဲ… ဒီလောက်တောင်ပြောချင်တာ ပြောရှင်"

"ကျွန်တော်ဟာ မောင်နှမခုနှစ်ယောက်မှာ အငယ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်ခဲ့တယ်။ အရက်အလွန်အကျွံမြေ့ခွက်ပြီး သေခဲ့တယ်။ ကျွန်တော့်ကို အစ်ကိုကြီးက ဒီမှာလာထားပေးလိုက်တယ်။ ကျွန်တော်ဟာ မကျွတ်မလွတ်တဲ့ဘဝနဲ့ ရောက်နေတယ်။ နေ့ခင်းတုန်းက ကျွန်တော့်ရဲ့ ခန္ဓာကိုယ်အလောင်းကောင်ကြီးကို ခွဲစိတ်ခဲ့တယ်။ ကျွန်တော့်ရဲ့လက်သန်းကလေး ကြွေကျသွားတာကို ကျောင်းသားတစ်ယောက်က ကောက်ပြီး မိန်းကလေးရဲ့အိတ်ထဲကို ထည့်လိုက်တယ်''

''ဟုတ်တယ်၊ အဲဒီအကြောင်း အစက မသိခဲ့ဘူး။ ခုနကမှ ဖုန်းဆက်ပြီးပြောလို့ သိတာ''

''ဒါကြောင့် ကျွန်တော့်ရဲ့ခန္ဓာကိုယ် အစိတ်အပိုင်း ပါသွားလို့ ကျွန်တော် နောက်ယောင်ခံပြီး လိုက်လာခဲ့တာ''

''ဒါဆို ရှင် အဲဒီလက်သန်းကို ပြန်ယူချင်လို့ လိုက်လာတာပေါ့''

''ဟုတ်ပါတယ်''

''ကျွန်တော့်လက်သန်း ပြန်ပေးပါ''

''ညကပဲ ဒီလက်သန်းကို ဖန်ဘူးထဲထည့်ပြီးထား





တယ်။ အဲဒါ ယူသွားလိုက်''

''ဒီလိုယူလို့ မရဘူး၊ ငါဝိညာဉ်လေ''

''ဒါဆိုရင် ငါဘယ်လိုလုပ်ရမလဲ''

''မနက်ဖြန်ကျရင် ကျွန်တော့်အလောင်းမှာ ပြန်တပ်ပေးပါ''

''ကောင်းပါပြီ''

''ဒါဆိုရင် ရှင်ပြန်တော့''

''ပြန်မယ်''

အဲဒီလိုပြောပြီး သူဟာ တိမ်ခိုးတမ်ငွေ့လိုပဲ တဖြည်းဖြည်းပြောင်းပြီး ပျောက်ကွယ်သွားတယ်။

အဲဒီအချိန်မှာ ဝေဟင် လင်းနိုးလာတယ်။

ဝေဟင်မျက်နှာမှာ ချွေးသီးချွေးပေါက်တွေ သီးနေတယ်။ ရင်တွေ တဒိတ်ဒိတ်ခုန်နေတယ်။

တိုက်ဆိုင်တာလား…

စွဲလန်းတာလား…

အိပ်ရာဘေးမှာတော့ ရေဗူးထဲကရေကို ဖန်ခွက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြီး မော့သောက်လိုက်တယ်။

"ဘုရား… ဘုရား… တကယ်လား… ငါစိတ်စွဲလ
လို့လား"

တစ်ယောက်ထဲ အရူးတစ်ယောက်လို မြည်တမ်းလို
တယ်။ ပြီးတော့ မီးဖွင့်ပြီး နောက်ဖေးခန်းဆီသို့ သွားခဲ့တ

လက်သန်းထည့်ထားတဲ့ ဖန်ပုလင်းလေးကို ကောက်
ကြည့်လိုက်တယ်။ ပုလင်းကို စောင်းလိုက်တဲ့အတွက် လက်သ
ကလေး နိမ့်တဲ့ဘက်ကို လိမ့်လာတယ်။

"အမလေး"

လက်သန်းကလေးကိုကြည့်ပြီး လန့်သွားတယ်။

"လက်သန်းကလေးရယ်၊ ငါ… နင့်ကို မနက်ပြ
ကျရင် ပြန်ထားပေးပါ့မယ်။ ငါ့ကို မခြောက်ပါနဲ့နော်"

ဝေဟင်လည်း သူ့စိတ်မှာ ထင်ရာမြင်ရာ ပြောလိုက်ပြ
စားပွဲပေါ်မှာ ပြန်ထားလိုက်တယ်။

နံရံပေါ်က နာရီကို ကြည့်လိုက်တော့…

နံနက်လေးနာရီထိုးနေပြီ။





ပြန်အိပ်ပေမယ့် ဘယ်လိုမှ အိပ်လို့မပျော်ဘူး။

အလောင်းကောင်ကိုပဲ မြင်နေမိတယ်။

အိပ်မရတဲ့အတူတူ စာကြည့်စားပွဲမှာထိုင်ပြီး စာကြည့်
ဘယ်။ အတွေးတွေ ယောက်ယက်ခတ်နေတာမို့ စာထဲ
ည်း စိတ်မဝင်စားခဲ့ဘူး။ နံနက် ခြောက်နာရီထိုးတဲ့အထိ
ာက်ရှုံ့ဖွယ် အတွေးတွေနဲ့ ချာချာလည်နေခဲ့တယ်။ ခုနစ်နာရီ
ာနဲ့ ရေချိုးအဝတ်လဲပြီး သူငယ်ချင်းကေသီတို့အဆောင်ကို
ို့ အဆင်သင့်လုပ်ခဲ့တယ်။

ကံကောင်းလို့ လက်သန်းလေး မေ့ကျန်ခဲ့မလို့…

လက်သန်းထည့်ထားတဲ့ ဖန်ဘူးလေးကို အိပ်ထဲထည့်
က်တယ်။ ပြီးတော့ အခန်းတံခါးကိုသော့ခတ်ပြီး ပေါ့ပါးတဲ့
ေလှမ်းများနဲ့ ကေသီတို့အဆောင်ရှိရာ လှည်းတန်းကိုထွက်လာ
တယ်။

နံနက်စောစောစီးစီး ရောက်လာတဲ့ ဝေဟင်ကိုကြည့်ပြီး
ကေသီတို့တစ်သိုက် အံ့ဩနေတယ်။ သူတို့အုပ်စုက နံနက်
စောစော ထမင်းကြော်နဲ့ပဲပြုတ် စားနေတုန်း ဝေဟင်ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။

"ဟယ်… ဝေဟာင်… စားစားစီးစီး ပေါက်ချလာ
တယ်"

"အေး… ငါတော့ တစ်ညလုံး ဒုက္ခရောက်နေလို့ဟေ့"

"ဘယ်လိုဖြစ်တာလဲ"

"ကိုတာကြီးလေ… ကိုတာကြီးပေါ့"

"ဟို… ပေါချာချာနဲ့ ကိုတာကြီးကို ပြောတာလား"

"ဟုတ်ကယ်… သိပ်ဟုတ်တာပေါ့"

"သူက ဘာလုပ်လို့လဲ"

"သူက တော်တော်အကျင့်ယုတ်တယ်"

"ဘယ်လို အကျင့်ယုတ်တာလဲ"

"ဒီမှာ ကြည့်စမ်းပါဦး… ဘာလဲလို့"

ဝေဟာင်က ပြောပြောဆိုဆို လက်သန်းထည့်ထားတဲ့ ဖန်ဘူးလေးကို ထမင်းစားနေတဲ့ စားပွဲပေါ်ကို တင်လိုက်တယ်။

နံနက်စောစော အလင်းရောင်ကလည်း သိပ်ပြီးမလင်းတလင်းနဲ့…





"ဟဲ့… ဖန်ဘူးထဲက ဘာကြီးတုန်း"

"ဘာကြီးဖြစ်ရမလဲ… ကိုတာကြီးပေးလိုက်တဲ့ လက်ဆောင်လေ"

"ကိုတာကြီးပေးတဲ့လက်ဆောင် ဟုတ်လား"

ကေသီက ဖန်ဘူးလေးကိုကိုင်ပြီး သေသေချာချာမြှောက်ကြည့်လိုက်တော့…

"အမလေး… လူရဲ့ လက်သန်းလေးလား"

"ဟုတ်ပါ့… ဟုတ်ပါ့"

"ဒုန်း"

ဝေဟာင်က ဟုတ်ပါ့လို့ပြောလိုက်တာနဲ့ တပြိုင်နက် ကေသီလည်း ဖန်ဘူးလေးကို လန့်ပြီး လွှတ်ချလိုက်တယ်။

"အမလေး… ဝေဟာင်ရယ် စားစားစီးစီး ဒုက္ခလာပေးတယ်"

"အဲဒါ ငါပေးတာမဟုတ်ဘူး။ ကိုတာကြီးပေါ့ မနေ့က ခွဲစိတ်ခန်းမှာ အလောင်းကောင်က ကြွေကျတဲ့ လက်သန်းကို လာထည့်ပေးလိုက်တယ်။ ပြီးတော့ ည (၉)နာရီထိုးလောက်မှ



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတွက် လက်ဆောင်ပေးလိုက်တယ်တဲ့။ ငါရှာကြည့်တော့ အဲဒီလက်သန်းကို တွေ့လိုက်ရတယ်"

"ဟယ်… အကျင့်ယုတ်လိုက်တာ"

"အေးလေ… နောက်ပြီး အိမ်မှာ ဒယ်ဒီတို့ မမီတို့လဲ မရှိကြဘူး။ ငါတစ်ယောက်ထဲရယ်"

"ဒါဆို နင် သိပ်လန့်နေမှာပေါ့"

"အေးပေါ့ဟာ၊ ငါက နဂိုကတည်းက ကြောက်တတ်ပါတယ်ဆိုနေမှ နောက်ပြီး နေ့ခင်းဘက်က ကြောက်စရာ၊ လန့်စရာတွေဆိုရင် ညဘက်မှာ အိပ်မက်မက်နေကျ"

"ဒီတော့… အဲဒီအကြောင်းတွေကို တစ်ညလုံး အိပ်မက်မက်တော့တာပဲ"

"ဟယ်… ဝေဟင်ရယ်"

"မနေ့ညကတော့ အလူးအလဲပဲ ကြုံတွေ့ရတာ စိတ်တစ္ဆေခြောက်တဲ့ညလို့တောင် ပြောရမလားပဲ"

"အေး… ဒီလောက် ဒုက္ခပေးတဲ့အကောင် ဒီနေ့တွေ့မယ်"





ကေသီတို့အုပ်စုက ဒီလိုကြိမ်းဝါးသံတွေနဲ့ ကျောင်းကို သွားခဲ့တယ်။ လက်ချာခန်းအဝမှာ စပ်ဖြဲဖြဲလုပ်နေတဲ့ ကိုတာကြီးကို တွေ့လိုက်ရတယ်။ ဝေဟင်က ဒေါသထွက်ထွက်နဲ့ ဖန်ဘူးအလေးကို ထုတ်ကာ…

"ရှော့… ရှင့်အတွက် လက်ဆောင်"

"ဘာလဲဟ"

"မနေ့က ရှင်ထည့်ပေးလိုက်တဲ့ လက်သန်းလေးလေ"

"ဝေဟင်ကလည်း… ဒါကိုများ ပြန်ယူလာသေးတယ်"

"မယူလို့မဖြစ်လို့ ပြန်ယူလာရတာပေါ့။ ညကတစ်ညလုံး အိပ်မက်မက်တယ်"

"ဘာမက်တာလဲ"

"သူ့လက်သန်းယူလို့ မကျေနပ်လို့တဲ့၊ အဲဒါ သူ့အလောင်းမှာ ပြန်ပြီးတပ်ပေးပါတဲ့"

"ဟား…ဟား…ဟား…ဝေဟင်က တကယ့်ကိုကြောင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာဖြစ်လို့ ကြောင်ရမှာလဲ"

"အဲဒီလက်သန်းလေးကို သေသေချာချာ ကြည့်လိုက်စမ်း"

"မကြည့်ချင်ပါဘူး"

"မဟုတ်ပါဘူး၊ သေသေချာချာကြည့်လိုက်စမ်းပါ၊ အမှန်တရားကို တွေ့လိမ့်မယ်"

"ဘာ…အမှန်တရားလဲ"

ဝေဟင်က ထိုသို့ပြောလိုက်ရာ ကိုတာကြီးက ဖန်ဘူးကိုဖွင့်ပြီး လက်သန်းကလေးကို သွန်ချလိုက်တယ်၊ ပြီးတော့ ကိုတာကြီးက လက်သန်းကလေးကို ကောက်ကိုင်ပြီး…

"ဒီမှာကြည့်စမ်း…ဝေဟင်၊ ဒီလက်သန်းလေးက တကယ့်လက်သန်းအစစ် မဟုတ်ဘူး၊ ပလပ်စတစ်နဲ့ လုပ်ထားတဲ့ လက်သန်းလေး"

"ဟယ်…ပလပ်စတစ်လက်သန်း၊ ဟုတ်လား၊ တကယ့်လက်သန်းနဲ့ အရမ်းတူတာပဲ"





ဝေဟင်က အံ့သြစွာ ပြောလိုက်တော့ ကိုတာကြီးက…

"တကယ့်အစစ်လက်သန်းနဲ့တူဆို အဲဒါ ရုပ်ရှင်ရိုက်တဲ့အခါ အသုံးပြုတဲ့ပစ္စည်းတွေပဲ၊ ငါ့အစ်ကို ဂျပန်ကဝယ်လာတာ၊ ကဲ…ကိုင်ကြည့်ပါဦး"

ပလပ်စတစ်နဲ့ လုပ်ထားတယ်လို့ပြောမှ အဲဒီလက်သန်းကလေးကို ကိုင်ကြည့်လိုက်တယ်၊ သေသေချာချာကြည့်မှ ပလပ်စတစ်နဲ့လုပ်ထားမှန်း သိလိုက်တယ်၊ သည်တော့မှ သက်ပြင်းတစ်ချက်ချရင်း …

"ဟုတ်ပါရဲ့၊ ဒါက ပလပ်စတစ်လက်သန်းပဲ၊ ငါက လက်သန်းအစစ်မှတ်ပြီး ကြောက်လိုက်တာ၊ အိပ်မက်တွေတောင် ကယောင်ခြောက်ခြားမက်တယ်"

"အဲဒါကြောင့် ပြောတာပေါ့၊ နင်တို့မိန်းကလေးတွေဟာ တစ္ဆေသရဲဆိုတာနဲ့ ကြောက်တာကအရင်ပဲ"

"အေးပေါ့…ကာ…ပလပ်စတစ်လက်သန်းဆိုတာ သိရင်



www.burmeseclassic.com


www.burmeseclassic.com



ဒီလောက် စိတ်ချောက်ချားမှာမဟုတ်ဘူး၊ အခုတော့ လက်သန်း အစစ်ထင်ပြီး အိပ်မက်ဆိုးတွေ မက်လိုက်တာ"

ဘာပဲဖြစ်ဖြစ် စိတ်တစ္ဆေခြောက်ခြင်းဆိုတာ ကြောက်တဲ့စိတ်က အရင်းခံတာပဲကို သိလိုက်ရတယ်။

* * *








## အခန်း (၃)

## အိပ်မက်ဝိဉာဉ်

ဆေးကျောင်းသူ၊ ကျောင်းသားတိုင်း မရှိမဖြစ် မဝယ်မဖြစ်ရှိထားတဲ့ အရာတွေထဲမှာ လူတစ်ယောက်ရဲ့ အရိုးစုတစ်စုံလည်း အပါအဝင်ဖြစ်တယ်။ ခန္ဓာဗေဒဖွဲ့စည်းပုံကို ကျက်မှတ်ရာမှာ အရိုးတစ်စုံဟာ အဓိကနေရာက ပါဝင်နေပါတယ်။

အရိုးများကိုပြပြီး ဆရာက...

ဘယ်နေရာမှာ အသားမျှင်ရှိတယ်။ အရွတ်၊ သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ နာဗ်ကြောများ ယှဉ်တွဲသွားလာခြင်း၊ ဖြတ်သွားခြင်း ဆုံမှတ်စကားတွေကို မြင်လွယ်မှတ်လွယ် ခဲတံအနီ၊ အနက်၊ အပြာ၊ အညိုတို့နဲ့ ရေးမှတ်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့် အနီရဲ့သင်္ကေတဟာ သွေးလွှတ်ကြောများကိုပြသလေ့ရှိတယ်။ သွေးပြန်ကြောကိုတော့ အပြာရောင်နဲ့ ပြသတယ်။

ဒီနေ့ ... အရိုး အစုံလိုက်ဝယ်ကြတယ်။

ဒီမှာတင် ကိုတာကြီးတို့အုပ်စုက ...

"ဒါက မိန်းမအရိုးစု"

"ဒါက ယောကျ်ားအရိုးစု"

ဆိုပြီး အရိုးစုကို သရုပ်ခွဲနေကြတယ်။

ဟုတ်ပါတယ်။ ယောကျ်ားအရိုးခေါင်းနဲ့ မိန်းမအရိုးခေါင်းဆိုတာ သာမာန်လူတွေက မသိပေမယ့် ဦးခေါင်းရဲ့ လက္ခဏာ အမှတ်အသားအရ ခွဲခြားနိုင်ကြတယ်။

အရိုးက သွားကိုကြည့်ပြီး

"ဒီလူဟာ အသက်သုံးဆယ်အရွယ်မှာ သေတာဖြစ်မယ်"

ဒီလိုခန့်မှန်းနိုင်တယ်။

ဦးခေါင်းခွံကို ကြည့်ပြီးတော့ ...

"ဒီလူဟာ မျက်လုံးပြူးမယ်၊ အောက်မေးရိုးကားမယ်"





ဆိုတာလည်း ခန့်မှန်းကြည့်ရင် သိနိုင်တယ်။

အရိုးတစ်စုံဟာ ပဟေဠိတစ်ခုလိုပါပဲ ...

အရိုးကိုကြည့်ပြီး သူ့အသက်ရှင်စဉ်က အရုပ်အမောင်း ဘယ်လောက်ရှိမယ်။ မျက်ခုံးရိုး၊ ပါးရိုးကိုကြည့်ပြီး သူ့ရဲ့မျက်နှာ အနေအထားကို အနီးစပ်ဆုံး သိနိုင်တယ်။

ဇော်မိုးနောင်က ကိုတာကြီး ဝယ်လိုက်တဲ့ အရိုးကို ကြည့်ပြီး ...

"ဒီလူဟာ မသေခင်တုန်းက လက်ကျိုးဘူးတယ်"

"ပြောစမ်းပါဦး၊ ဘယ်နေရာကိုကြည့်ပြီး ပြောတာလဲ"

"ဒီ ဘယ်ဘက်လက်ဖျံကို ကြည့်ပါလား။ အရိုးဆက်တဲ့ နေရာမှာ ကျိုးပေါင်းတက်နေတယ်"

"သိပ်ဟုတ်တာပေါ့"

ကိုတာကြီးတို့အုပ်စုလည်း ဇော်မိုးနောင်ရဲ့ စကားကို ထောက်ခံခဲ့ရတယ်။

နောက် ကေသီဝယ်တဲ့ အရိုးစုကိုကြည့်ပြီးတော့ ဇော်မိုးနောင်က ...

"ကေသီ ... နင့်အရိုးစုဟာ မသေခင်တုန်းက အား



www.burmeseclassic.com

www.burmeseclassic.com



ရိုက်တစ် (အဆစ်အမြစ်ရောင်တဲ့ရောဂါ) ဖြစ်ခဲ့ပုံရတယ်''

''ပြောစမ်းပါဦး… နင့်အစ်ကိုက ဆရာဆိုတော့ နင်က ငါတို့ထက် ပိုသိနေတာပေါ့''

''အေး… အစ်ကိုပြောတာကို တဆင့်ပြန်ပြီး ဖော် သည်ချတာပေါ့။ နင့်အရိုးစုမှာ အဆစ်အမြစ်နေရာမှာ သာမာ ထက်ကြီးနေလို့ပဲ''

''ဟုတ်တယ်နော်… ငါ့အရိုးက အခြားသူတွေအရို ထက် အဆစ်အမြစ်နေရာမှာ ပိုကြီးနေတယ်''

''ဟုတ်တယ်နော်''

ကိုတာကြီးရဲ့အရိုးစုက ရင်အုပ်ရိုးတစ်ချောင်း ကျိုးန တယ်။

သူတို့အုပ်စုဟာ အရိုးစုကို ရတဲ့နေ့မှာ အထူးအဆန်းတွေ ဖြစ်ခဲ့တယ်။

ဒီတစ်ခါတော့ ဇော်မိုးနောင်ရဲ့အလှည့်လို့ ဆိုရပေမယ် ဘာဖြစ်လို့လည်းဆိုတော့ ဇော်မိုးနောင်က အရိုးနဲ့ပတ်သက်ရင် ဆရာတစ်ဆူပေါ့။ ဆရာဖြစ်ခြင်း အကြောင်းရင်းကလည်း ရှိပါ တယ်။ သူ့အစ်ကိုဆရာဝန်ကြီးက သင်ကြားရေးမှာ တာဝန်ယူထာ





ဆရာတစ်ယောက်မို့ အစ်ကိုရဲ့စကားတွေဟာ သူ့အတွက် သူများထက် ပိုပြီး အသိဉာဏ်ရင့်ကျက်စေခဲ့တယ်။

ဇော်မိုးနောင်က အရိုးဝယ်စရာမလိုပါ။ သူ့အစ်ကို ဆေးကျောင်းသားဘဝက ဝယ်ထားတဲ့ အရိုးစု အပြည့်အစုံ သေတ္တာလိုက်ရှိတယ်။

ဒါပေမယ့် သူက တကယ့်ကိုအရိုးသုတေသီတစ်ယောက် မို့ အရိုးစုကို သူ့ရဲ့စာဖတ်ခန်းမှာ ချိပ်ဆွဲထားတယ်။

အရိုးစုကိုကြည့်ပြီး မိန်းမတစ်ယောက်ရဲ့ အရိုးစုဆိုတာ သိလိုက်တယ်။ ဖြူဖွေးတဲ့သွားတွေဟာ (၃၂)ချောင်း မပြည့်သေး ဘူး။ သွားကိုကြည့်ပြီး အသက်နှစ်ဆယ်ကျော်လောက်ပဲရှိဦးမယ် လို့ ခန့်မှန်းရတယ်။

တစ်နေ့တစ်နေ့ ဇော်မိုးနောင်ဟာ အရိုးကို ဆေးခြယ် လိုက်ပြီး ခန္ဓာဗေဒ ဖွဲ့စည်းပုံကို ကျက်မှတ်ခဲ့တယ်။ စာကျက်လို့ ပြင်းတဲ့အခါ… သူဟာ အိပ်ရာဘေးမှာထားတဲ့ ဂီတာလေးကို တီးလေ့ရှိတယ်။ အဲဒီအခါမှာ ပါးစပ်က အငြိမ်မနေဘူး…

''ချစ်ချစ်ရေ… ကိုကို ဂီတာတီးပြမယ် နားထောင် နော်''



www.burmeseclassic.com

www.burmeseclassic.com



လို့ မကြာခဏ ပြောတတ်တယ်။

ပြီးရင်… ဂစ်တာလေးကို တီးခဲ့တယ်။

သီချင်းတွေကလည်း အစုံအလင်ပဲ…

ခေတ်ပေါ်တေးဂီတတွေလည်းပါရဲ့။

ဟာစ်ဟော့…တို့လည်း ပါတယ်။

ဒါကြောင့်…

ဖေဖေကတောင် အရိုးစုကိုကြည့်ပြီး…

"ဘယ်ဘဝကဝဋ်ကြွေးပါလာလို့လည်း မသိဘူး။ အရိုးစုဘဝရောက်တာတောင် နားငြီးခံနေရတယ်" လို့ ပြောလေ့ရှိတယ်။

သည်နေ့ည…

အချိန်က… ဆယ်နာရီခန့်ရှိပြီ…

အပြင်မှာ မိုးသည်းသည်းမည်းမည်း ရွာနေတယ်။

ပြတင်းတံခါးကို ဖွင့်ထားလို့ လေခပ်ကြမ်းကြမ်းကလေး တိုက်နေတယ်။ ဇော်မိုးနောင်ရဲ့ စာကြည့်စားပွဲရဲ့ အနောက်ဘက်မှာ ချိပ်ဆွဲထားတဲ့ အရိုးစုဟာ လေတိုက်တဲ့အရှိန်ကြောင့် လှုပ်ရှားနေတယ်။





ပုံမှန်လှုပ်ရှားနေချိန်မှာ…

လေခပ်ကြမ်းကြမ်း တစ်ချက်တိုက်လိုက်တိုင်း အရိုးစုက ပြီး ကလိုက်သလိုပဲ…

ဂစ်တာတီးရင်း… အရိုးစုရဲ့ လှုပ်ရှားမှုကိုကြည့်ကာ… ဆေးကျောင်းသားအမြင်နဲ့ ဦးခေါင်းပိုင်းကို မျက်စေ့၊ မျက်ခုံး၊ နှာတန်၊ ပါးစပ်၊ မေးရိုးအကျကအစ ဖြည့်ဆည်းပြီး ကြည့်မိတယ်။

"မင်းဟာ လူဘဝတုန်းက တော်တော်လှတဲ့မိန်းကလေး ဒ်မှာပဲ အသက်နှစ်ဆယ်ကျော် အရွယ်လောက်မှာ သေဆုံးပုံရတယ်။ ဘာဖြစ်လို့များ အသက်ငယ်ငယ်နဲ့ သေဆုံးခဲ့တာလဲ"

ဟိုဟိုသည်သည် တွေးနေမိတယ်။

နောက်တော့… အရမ်းအိပ်ချင်လာလို့ ပြတင်းတံခါးကို ပိတ်လိုက်တယ်။

မီးမှိတ်ပြီး အိပ်လိုက်တယ်။

အပြင်မှာ မိုးသည်းသည်းရွာနေတဲ့ အသံတွေကို ကြားနေရတယ်။ မိုးသံဟာ အိပ်ချင်နေတဲ့သူတစ်ယောက်ကို ချော့သိပ်နေသလိုပဲ…



www.burmeseclassic.com

www.burmeseclassic.com



ဇော်မိုးနောင်… မျက်လုံးတွေ စင်းလာတယ်။

အိပ်ချင်စိတ်တွေ လွှမ်းမိုးလာပြီး… အိပ်မပျော့်တပျော် အချိန်လေးမှာ ငိုညီးသံလိုလို… ရှိုက်သံလိုလို စတင်ကြားလိုက်ရတယ်။

"ဟင်… ဘယ်သူလဲ"

"ဘယ်သူ ငါ့အခန်းထဲ ရောက်နေပါလိမ့်"

ဇော်မိုးနောင်က အံ့သြစွာနဲ့ အသံလာရာကို လှမ်းကြည့်လိုက်တယ်။

"အလို… ဘုရား… ဘုရား… ငါ့အခန်းထဲကို မိန်းမ တစ်ယောက် ရောက်နေပါလား"

"မိန်းကလေးကလည်း ချောလိုက်တာ"

အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိ မိန်းကလေးတစ်ဦးကို မမျှော်လင့်ပဲ တွေ့လိုက်ရသည့်အတွက် အံ့သြသွားမိတယ်။

ရှည်လျားလှတဲ့ဆံနွယ်တွေရဲ့ကြားက မျက်လုံးအစုံမှာ မျက်ရည်စတွေနဲ့…။

ငိုကြီးသံရယ်၊ ရှိုက်သံတွေရယ်ဟာ သူမဆီက ထွက်ပေါ်လာတယ်။ သူမရဲ့နှုတ်ခမ်းပါးကလေးဟာ ပန်းနုရောင်လေးသန်း





နေတယ်။ ဇော်မိုးနောင်ဟာ သူမရဲ့အနားဆီသို့ တဖြည်းဖြည်း လျှောက်သွားခဲ့တယ်။

"ခင်ဗျား… ဘယ်သူလဲ"

လို့ ခပ်ထန်ထန်မေးလိုက်မိတယ်။

ဒီတော့… မိန်းမပျိုလေးက…

သူမရဲ့ ကော့ရွန်းတဲ့ မျက်တောင်ကို တစ်ချက်ပင့်ကြည့်လိုက်တယ်။

"ကျွန်မနာမည်က… သက်မာပါ။ ရှင်တို့ခေါ်လာလို့ ကျွန်မ ဒီကိုရောက်လာတာ" လို့ ခပ်တိုးတိုးလေး ဖြေလိုက်တယ်။

"ကျွန်တော် ခင်ဗျားကိုလည်း မသိဘူး။ ခေါ်လည်း မခေါ်ဘူး"

"မဟုတ်ဘူး… ရှင်မှားနေပြီ၊ ကျွန်မက ဟိုအရိုးစုပေါ့"

"ဩော်… ဒါဆိုဟုတ်ပြီ"

"ရှင်ပဲ ကျွန်မကို ညတိုင်း ဂစ်တာတီးပြခဲ့တယ်။ ကျွန်မကလည်း ဂီတကို နှစ်သက်တယ်။ ရှင့်ကို ကျွန်မက ကျွန်မအကြောင်းတွေ ပြောပြချင်လို့ လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့အသံဟာ ဆွေးဆွေးမြည့်မြည့်ကလေး ပေါ်ထွက်လာခဲ့တယ်။

''ကျွန်မအသက်ရှင်တုန်းက… ကျွန်မမှာ သိပ်ချစ်ရတဲ့ချစ်သူတစ်ဦး ရှိခဲ့ဖူးတယ်''

''ဩော်… ခင်ဗျားမှာ ချစ်သူရှိတယ်ဟုတ်လား ကျွန်တော် စိတ်ဝင်စားလာပြီဗျာ ပြောစမ်းပါဦး''

မိန်းမလှကလေးတစ်ယောက်မှာ ချစ်သူရှိတယ်ဆိုတော့ ဇော်မိုးနောင် စိတ်ဝင်စားသွားတယ်။ သူမကလည်း ချစ်သူရှိတယ်ဆိုတဲ့အကြောင်းကို မျက်ရည်များကြားထဲက ပြောနေတာဖြစ်တယ်။ သူ့မျက်နှာကလေးက ချစ်သူကို တမ်းတမ်းတတလွမ်းဆွတ်နေတဲ့ ပုံစံမျိုးပဲ…

''သူက အရပ်မြင့်မြင့်နဲ့ ယောက်ျားပီသပြီး ချောမောလှပတဲ့ လူတစ်ယောက်ပဲ။ သူ့ရဲ့ရှည်သွယ်နူးညံ့တဲ့ လက်ချောင်းလေးတွေနဲ့ ကျွန်မကို ဂစ်တာတီးပြလေ့ရှိတယ်။ သူဟာ အသံကောင်းရုံသာမက ဂစ်တာတီးတာလည်း တော်တယ်။ ဒီတော့ သူဟာ အဆိုတော်တစ်ဦးဖြစ်လာတယ်''

''ကဲ… ဆက်ပြောပါဦး''





''ဂီတာကိုချစ်မြတ်နိုးတဲ့ ကျွန်မနဲ့ အဆိုတော်တစ်ဦးဟာ ရင်းနှီးရာကအစ ချစ်သူတွေဖြစ်လာခဲ့တယ်။ ကျွန်မတို့နှစ်ယောက်ဟာ သိပ်ချစ်တဲ့ချစ်သူတွေမို့ တစ်နေ့မမြင်ရရင်တောင် မနေနိုင်ခဲ့ဘူး။ ဒါပေမယ့် ကျွန်မရဲ့ချစ်သူဟာ တဖြည်းဖြည်း နာမည်ကျော်လာတော့ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်လာတယ်။ အလုပ်လည်း အများကြီးလုပ်ရတော့ သူနဲ့ကျွန်မဟာ အေးအေးဆေးဆေးတွေ့ခွင့်မရအောင် ဖြစ်လာခဲ့တယ်။ ဒီတော့ ကျွန်မဟာ သူနဲ့ကောင်မလေးတွေနဲ့ စကားပြောတာတွေ့ရင် သဝန်တိုလာတယ်။ ကျွန်မရဲ့အချိန်တွေကို သူတို့ကိုပေးရသလို ခံစားရတယ်။ ဒီတော့ သူနဲ့ကျွန်မ ကတောက်ကဆဖြစ်လာခဲ့တယ်။ ကျွန်မကလည်း လူတစ်မျိုးပဲ အစွဲအလမ်းကြီးတယ်၊ နောက်ပြီး ရင်ထဲမှာ တနုံ့နုံ့ခံစားတတ်တဲ့လူမျိုးပဲ။ အဲဒီလိုမျိုး နေရတာကို မကျေနပ်ပြီး ကျွန်မဟာ အစွန်းရောက်တဲ့သူတစ်ယောက်ဆိုပါတော့''

''ခင်ဗျားတို့ဇာတ်လမ်းက စိတ်ဝင်စားစရာဖြစ်လာပြီ၊ ဆက်ပြောပါဦး''

''အဲဒီအချိန်မှာ ကောင်မလေးတစ်ယောက်က သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချဉ်းကပ်လာတယ်။ အဲဒီကောင်မလေးနဲ့ပတ်သက်ပြီး ကျွန်မဟာ စိတ်ညစ်စရာ၊ စိတ်ကောက်စရာတွေဖြစ်ခဲ့တယ် ခက်တာက သူက နဂိုကတည်းက ခပ်အေးအေးနေတတ်သူ ဆိုတော့ ကျွန်မကို မချော့တတ်ဘူး၊ သူကမချော့လေ ကျွန်မမှာ အထီးကျန်သလိုခံစားလေပဲ။ တစ်နေ့တစ်နေ့ မစားနိုင်၊ မအိပ်နိုင် အောင် ဖြစ်ခဲ့တယ်။ ကျွန်မရဲ့ ခန္ဓာကိုယ်ဟာ တစတစ်ပိန်လို့ လာခဲ့တယ်။ သူ့နောက်ကွယ်မှာ ရင်နာတဲ့ဝေဒနာကို ပြင်းပြင်းရှရှ ခံစားခဲ့ရတယ်။ နောက်တော့ ကျွန်မဟာ အိပ်ရာထဲကို လဲတဲ့ အဖြစ်ရောက်လာခဲ့တယ်။ ရောဂါက နှလုံးသွေးကြောကျဉ်းတာတဲ့ အဲဒီအချိန်မှာ သူ... ကျွန်မဆီကို ရောက်လာခဲ့တယ်။ သူဟာ ဟိုကောင်မလေးနဲ့ ဘာမှမဖြစ်ကြောင်း ရှင်းပြခဲ့တယ်။ တကယ်တော့ ကျွန်မပဲ ကံဆိုးတာလို့ပြောရမလားပဲ။ ကျွန်မဟာ ဘယ်လိုမှ အသက်ရှင်သန်ခွင့် မရတော့ဘူး။ အားအင်တွေ ချိနဲ့နေပြီး ကျွန်မရဲ့ နောက်ဆုံးထွက်သက်မှာ သူရဲ့သီချင်းနဲ့ ဂစ်တာလက်သံကလေးကို နားထောင်ချင်ခဲ့တယ်။ ဒါ့ကြောင့် သီချင်းဆိုပြပါ ပြောလို့ သီချင်းလေးကိုဆိုပြီး ဂစ်တာတီးပြခဲ့တယ်။ အဲဒီမှာပဲ ကျွန်မရဲ့ခန္ဓာကိုယ်ထဲက ဝိညာဉ်ဟာ အဝေးကို လွင့်မျောသွားခဲ့





တယ်။ သူ့ကိုကျွန်မ မတွေ့ရတော့ဘူး။ ကျွန်မရဲ့ဝိညာဉ်ဟာ ဒီအရိုးစုမှာပဲ တွယ်ငြိနေတယ်။ ရှင်က အရိုးစုကို အခန်းထဲမှာ ထားတော့ ကျွန်မဟာ ဒီအခန်းထဲမှာ ရောက်နေခဲ့ပါတယ်။

"ဖြစ်မှဖြစ်ရလေဗျာ"

"ရှင့်ကိုလည်း အနှောင့်အယှက်မပေးချင်လို့ ကျွန်မရှိတယ်ဆိုတဲ့ အရိပ်အယောင်တောင် မပြခဲ့ဘူး။ ဒါပေမယ့် ရှင်က ဂစ်တာတီးပြီး သီချင်းဆိုပြတော့ တမလွန်က အတိတ်ကို ပြန်သတိရတယ်။ ကျွန်မရဲ့အဖြစ်ကိုတွေးရင်းနဲ့ ကြေကွဲဝမ်းနည်းလာမိတယ်။ ကျွန်မဟာ ရှင်ဂစ်တာတီးတိုင်း ချစ်သူကို တမ်းတပြီး ငိုကြွေးမိတယ်။ ဒါကို ရှင်သိအောင် ကျွန်မလာပြောပြတာ"

"ဪ... ကျွန်တော်ဟာ ဒီလိုအကြောင်းတွေကို မသိခဲ့ရိုးအမှန်ပါ။ ကျွန်တော်လည်း ဂစ်တာသမားတစ်ယောက်မို့ ညတိုင်း ဂစ်တာမတီးရရင် အိပ်မပျော်နိုင်ဘူး။ ဒါ့ကြောင့် ဂစ်တာတီးတာပါ။ ခင်ဗျားကို ဝမ်းနည်းအောင် မရည်ရွယ်ပါဘူး"

"ရှင်သိရင် ပြီးတာပါပဲ။ ကျွန်မသွားတော့မယ်"

"နေပါဦး"

ဇော်မိုးနောင်က လှမ်းတားပေမယ့် သူမဟာ အခိုးအငွေ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလိုဖြစ်ပြီး အဲဒီအခိုးအငွေ့တွေဟာ အရိုးစုထဲကို တဖြည်း
ဖြည်း ဝင်ရောက်ပျောက်ကွယ်သွားခဲ့တယ်။

အဲဒီအချိန်မှာပဲ ပြုံးကနဲ ကျွန်တော်အိပ်ရာက နိုးလ
တယ်။ အိပ်ခန်းမှာ မီးဖွင့်ထားတာဖြစ်လို့ အခန်းတစ်ခုလ
လင်းထိန်နေတယ်။ ဇော်မိုးနောင်က… အရိုးစုရှိတဲ့နေရာ
လှမ်းကြည့်လိုက်တယ်။ အရိုးစုကတော့ ပုံမှန်အတိုင်း နံရံမှ
ချိပ်ဆွဲထားတယ်။

အရိုးစုကိုကြည့်ပြီး…

"တကယ်လား… အိပ်မက်လားကွယ်"

သူက တိုးတိုးကလေး ပြောလိုက်တယ်။

တကယ်တော့ အိပ်မက်မှန်း သိလိုက်တယ်။

ဒီနေ့ည… လေတွေအရမ်းတိုက်တုန်းမှာ အရိုးစု လှုပ်ရှာ
မှုကိုတွေ့ပြီး အိပ်မက်တစ္ဆေ ခြောက်လှန့်တာလား…

မသိစိတ်ရဲ့ စိတ်ခွဲလန်းမှုကြောင့်လား

အရိုးစုကိုကြည့်ပြီး မသေခင် ဘဝတစ်ခုတုန်းက သူမရဲ့
ပုံရိပ်ကို အရိုးစုထဲမှာ ဖြည့်ပြီးကြည့်လိုက်တယ်။

အိပ်မက်ထဲက ချောမောလှပတဲ့ ပုံရိပ်ကလေးကို တွေ့





ိုက်ရတယ်။ ဒီညတော့ ဇော်မိုးနောင်တစ်ယောက် ဘယ်လိုမှ
ပြန်ပြီး အိပ်မပျော်တော့ဘူး…

အတွေးတွေ ခေါင်းထဲဝင်လာခဲ့တယ်။

သူမပြောတဲ့ဇာတ်လမ်းဟာ စိတ်ဝင်စားစရာဇာတ်လမ်း
တစ်ပုဒ်ဖြစ်ခဲ့တယ်။ လူသားတွေရဲ့ လူ့လောကနဲ့ဝိညာဉ်လောကရဲ့
ဆက်နွယ်မှုဟာ အင်မတန် နူးညံ့သိမ်မွေ့ပြီး နားလည်ဖို့ခက်ခဲ
တဲ့အရာတစ်ခုလို့ ထင်မိတယ်။

အဲဒီနေ့ကစပြီး ဇော်မိုးနောင်ဟာ အရိုးစုနဲ့ပတ်သက်ပြီး
စဉ်းစားစရာဖြစ်လာခဲ့တယ်။

နောက်ရက်… နောက်ရက်တွေမှာလည်း ရက်ခြား
ဆိုသလို သူ့ဆီကို ရောက်… ရောက်လာခဲ့တယ်။

တစ်ခါ… တစ်ခါ ဝမ်းနည်းဖွယ်စကားတွေကို ပြော
တတ်တယ်။ တစ်ခါ… တစ်ခါတော့ သူပြောတဲ့အထဲမှာ ရယ်
စရာစကားတွေလည်း ပါလာခဲ့တယ်။

ညစဉ်… ညတိုင်းလိုလို အိပ်မက်တွေမက်နေလို့
အိပ်ရေးတွေပျက်ပြီး မျက်လုံးတွေ လာတယ်။ ဘာ့ကြောင့်မှန်း
မသိဘူး။ စာကြည့်ချိန်မှာ အရိုးစုကိုပဲ ကြည့်နေမိတယ်။ အရိုးစုရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုံရိပ်ဟာ မိန်းမလှလေးရဲ့ ပုံသဏ္ဍာန် ထင်ဟပ်လာတယ်။ ဇော်မိုးနောင်ကိုကြည့်ပြီး အိမ်သားတွေက သတိထားမိလာတယ်။ သူ့ရဲ့အမေက…

"သားလေးကို ကြည့်ရတာ တဖြည်းဖြည်းနဲ့ ပိန်လာတယ်။ သား… နေမကောင်းဘူးလား"

"နေကောင်းပါတယ် မေမေ"

"သားမှာ တစ်ခုခု ထူးခြားမှုရှိသလား"

သည်ညနေမှာ… သူ့အမေက သူ့ကို အေးဆေးစွာမေးလိုက်တယ်။ သည်တော့ ဇော်မိုးနောင်ရဲ့ အဖေက…

"သားကို စာကျက်နေလားလို့ ကြည့်လိုက်ရင် အရိုးစုကိုပဲ ငေးမောကြည့်နေတာ တွေ့ရတယ်။ ဟိုးရှေးခေတ်က မြတ်စွာဘုရားရှင်လက်ထက်က အရိုးခေါက်ဆရာ ဝင်္ဂီသဆိုတဲ့ ပုဂ္ဂိုလ်ကြီးရှိခဲ့ဖူးတယ်။ သူက အရိုးခေါင်းကိုကြည့်ပြီး သေသူရဲ့ လားရာကို ပြောနိုင်တယ်။ သားလည်း ဆရာဝန်မလုပ်ဘဲ အရိုးခေါက်ဆရာလုပ်မလို့လားမှ မသိတာ"

"ဖေဖေ… သားကို အရိုးခေါက်ဆရာအကြောင်း မသိလို့ ပြောပြပါ ဖေဖေ"





"အေး… ဂေါတမမြတ်စွာဘုရားရှင်လက်ထက်မှာ အရိုးခေါက်ဆရာဝင်္ဂီဆိုတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ရှိခဲ့ဖူးတယ်။ သူဟာ အမိအဖမျိုးက ပရိဗိုဇ်မျိုးရိုးဖြစ်ပြီး မိဘနှစ်ပါးစီက ဝါဒ ငါးရာစီရတဲ့အတွက် ဝါဒတစ်ထောင် တတ်ကျွမ်းခဲ့တယ်။ ဒါ့အပြင် အရိုးခေါက်ရောဂါတစ်ခုကိုပါ တတ်ကျွမ်းခဲ့တယ်။ သူဟာ သေသူရဲ့ ဦးခေါင်းရိုးကို လက်နဲ့ခေါက်ပြီး သေသူဟာ ဘယ်ဘဝကိုရောက်တယ်ဆိုတာ ပြောနိုင်တယ်။

အကျွတ်တရားရချင်တော့ ဂေါတမမြတ်စွာဘုရားဟာ သာဝတ္ထိပြည်မှာ သီတင်းသုံးနေတော်မူစဉ် ဝင်္ဂီသလည်း သာဝတ္ထိကို ရောက်လာခဲ့တယ်။ လူအများဟာ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ကျောင်းကို သွားနေကြလို့ မေးကြည့်တဲ့ အခါမှာ ဘုရားပွင့်မှန်းသိခဲ့ရတယ်။ ဒါကြောင့် ဘုရားရှင်ထံဝင်ပြီး ဖူးမျှော်တယ်။ ဘုရားရှင်က သူဟာ ကျွတ်ချိန်တန်မှန်းသိလို့ တန်ခိုးတော်နဲ့ ဦးခေါင်းခွံ သုံးလုံးယူဆောင်ပြီး ဘယ်ဘဝရောက် တယ်ဆိုတာ ဟောခိုင်းတယ်။ ဒီတော့ ပထမဦးခေါင်းရိုးကိုခေါက် ပြီး ဒီလူဟာ ငရဲပြည်မှာ ရောက်နေတယ်လို့ ဖြေတယ်။ ဒုတိယ ဦးခေါင်းရိုးကိုခေါက်ပြီး ဒီလူဟာ နတ်ပြည်မှာရောက်နေတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဖြေတယ်။ တတိယဦးခေါင်းရိုးကိုခေါက်ပေမယ့် သူဘယ်ရောက်နေတယ်လို့ မဖြေနိုင်ဘူး။ ဒါ့ကြောင့် သူမဖြေနိုင်ကြောင်း လက်လျှော့တော့မှ ဘုရားရှင်က နိဗ္ဗာန်သို့ စံဝင်ခဲ့ပြီလို့ မိန့်တော်မူခဲ့တယ်။

သူဟာအလွန်အံ့အားသင့်ပြီး ဘုရားရှင်ထံမှာ ဒီပညာသင်ပေးဖို့ တောင်းခံခဲ့တယ်။ ဘုရားရှင်က ရဟန်းဝတ်မှ သင်ပေးမယ်လို့ ပြောတော့ ဝင်္ဂီသဟာ ရဟန်းဝတ်ခဲ့တယ်။ နောက်တော့ ပါရမီရင့်ကျက်သူမို့ ကျင့်ကြံအားထုတ်တဲ့အခါမှာ ရဟန္တာဖြစ်သွားခဲ့တယ်။

ဖေဖေက ရဟန္တာဝင်္ဂီသ အကြောင်းကို ပြောပြခဲ့တယ်။

''ဖေဖေပြောမှပဲ ရဟန္တာဖြစ်သွားတဲ့ ဝင်္ဂီသအကြောင်းကို ကြားဖူးတော့တယ်''

''အေးပေါ့သားရယ်၊ သားတို့က ငယ်သေးတော့ ဗဟုသုတမကြွယ်သေးပဲကိုး''

''ဖေဖေ… ဒီအရိုးစုနဲ့ပတ်သက်ပြီး သား ပြောစရာရှိတယ်''





''ပြောလေ… သား''

''အဖြစ်ကတော့ ဒီလိုပါ''

အဲဒီလိုအစချီပြီး အဖြစ်အပျက်အားလုံးကို ပြောပြလိုက်တယ်။

''ဟင်… ဒီလိုအိပ်မက်တွေ မက်သလား''

သူ့ဖေဖေက အံ့ဩစွာ ပြောလိုက်သလို…

သူ့မေမေကလည်း…

''ကိုဖေသက်ရယ်… ဒီလို အိပ်မက်မျိုးတွေ ခဏခဏ …တာ မကောင်းဘူး။ ကျွန်မတို့တစ်ခုခုလုပ်မှဖြစ်မယ်''

''အေး… မင်းဘာလုပ်ချင်သလဲ ပြောပါ''

''ကျွန်မတော့… အိမ်မှာ ဘုန်းကြီးငါးပါးပင့်ပြီး …ွမ်းကျွေး ပရိတ်ရွတ်ပြီး အမျှအတန်းပေးဝေချင်တယ်''

''ကုသိုလ်ကောင်းမှုလုပ်တာပဲ ကောင်းပါတယ် လုပ်…''

သည်လိုနှင့်ပင် ဇော်မိုးနောင်တို့အိမ်မှာ ဘုန်းကြီးငါးပါး …ွမ်းကျွေးပြီး ပရိတ်ရွတ်တယ်။ အမျှအတန်းပေးဝေခဲ့တယ်။

နောက်တစ်ရက်မှာတော့…



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားသစ်သစ်လွင်လွင်နဲ့ ကောင်မလေးကို အိပ်မက်,မက်တယ်။

"အစ်ကိုတို့ မိသားစုကို ကျေးဇူးတင်ပါတယ်။ အစ်ကိုတို့ ဟာ ဆွမ်းကျွေးပြီး အမျှဝေလို့ ကျွန်မအခု ကောင်းတဲ့နေရာကို သွားရတော့မယ်။ ဒါကြောင့် အစ်ကိုတို့မိသားစုကို ကျေးဇူးတင်ကြောင်း ပြောတာပါ"

ပြောရင်းဆိုရင်း သူမရဲ့ခန္ဓာကိုယ်က ဝတ်ဆင်ထားတဲ့ အဝတ်အစားတွေဟာ ပြောင်ပြောင်လက်လက် ဖြစ်လာတယ် သူမရဲ့ခေါင်းမှာလည်း လင်းလက်တဲ့ အချွန်အတက်ပါတဲ့ ခေါင်းစည်းကို ဝတ်ဆင်ထားတယ်။

"အစ်ကို... ကျွန်မသွားပြီ"

လို့ စကားအဆုံးမှာ သူဟာ တဖြည်းဖြည်းမှိန်လာပြီး ပျောက်ကွယ်သွားတယ်။

"သက်မာ... သက်မာ"

သူဟာ သူရူးတစ်ယောက်လို လှမ်းခေါ်မိတယ်။

ဒါပေမယ့် အိပ်မက်ထဲက သက်မာဟာ အိပ်မက်ထဲ မှာပဲ ပျောက်ကွယ်သွားခဲ့တယ်။





ဒီအိပ်မက်ကို ဇော်မိုးနောင် ကျေနပ်နှစ်သိမ့်ခဲ့တယ်။

အသက်ရှင်စဉ်မှာ တစ်ခါမှမတွေ့ခဲ့ဖူးတဲ့ လူတစ်ယောက် ကို လည်ပတ်နေတဲ့ သံသရာကြီးမှာ ဝိညာဉ်ဘဝလို့ပဲပြောပြော အိပ်မက်ရှင်လို့ပဲဆိုဆို...

သူဟာ ကောင်းမွန်တဲ့ဘဝကိုတစ်ခုကို ရောက်သွားပြီလို့ ပြောတဲ့ အိပ်မက်ဟာ အိပ်မက်ကောင်းတစ်ခုလို့ပဲ သူယုံကြည် တယ်။ အဲဒီအချိန်ကစပြီး သူဟာ အိပ်မက်ကို တမ်းတပေမယ့် အိပ်မက်ဝိညာဉ်ဟာ အခုအချိန်အထိ တစ်ချက်ကလေးမှ ပြန်လည်လှည့်မလာတော့တဲ့ အိပ်မက်ဝိညာဉ်ကလေးပါပဲ...။ ဒါဟာ ဇော်မိုးနောင်ရဲ့အဖြစ်မှန်တစ်ခုပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

## သစ်ျိုင်းမစ္စည်းတွေ ရေမျောတဲ့ည

တကယ်တော့… အယူသီးတာ မဟုတ်ပါဘူး။

ဇော်မိုးနောင်ရဲ့အဘိုးဟာ ဒီအဖြစ်အပျက်တွေကြားသိပြီးတဲ့နောက်ပိုင်းမှာ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်က သူတို့ရွာမှာ သူကြုံတွေ့ရတဲ့ ထူးဆန်းတဲ့အကြောင်းကို ပြောပြခဲ့တယ်။

အဲဒီရွာမှာ ထူးခြားတဲ့ဖြစ်ရပ်ဆန်းကြယ်နဲ့ ကြုံခဲ့ရတယ်။

အဘိုး ဦးသာအေးတို့နေခဲ့တဲ့ ရွာကလေးဟာ ဧရာဝတီမြစ်ဝကျွန်းပေါ်က ရွာကလေးတစ်ရွာဖြစ်တယ်။ အဲဒီရွာဟာ မြို့နဲ့ဝေးပြီး တော်တော်လေးခေါင်တယ်။ အဲဒီရွာကတော့ "သစ်ဆုံ" ဆိုတဲ့ ရွာကလေးပါပဲ…





ဧရာဝတီမြစ်ဝကျွန်းပေါ်က ရွာတွေဟာ ရေလမ်းခရီးက …းရတဲ့ ရွာတွေဖြစ်တယ်။ မြစ်ချောင်းတွေပေါများတော့ ဒီရွာ …လေးဟာ ဒီရေအတက်အကျ ရေဝင်တဲ့ရွာလည်းဖြစ်တယ်။

ရွာအနောက်က သုသာန်ဟာ အနိမ့်ပိုင်းမှာရှိလို့ မြစ်ကွေ့ …ပြီး ရေတွေဝင်တယ်။ တစ်ခါတရံမှာ သုသာန်မှာ ရေကြီးပြီး …တိုင်တွေ ကျွတ်ထွက်ပြီး ရွာထဲကို ဝင်လာတတ်တယ်။

ဇာတ်လမ်းအစကတော့… သုသာန်ကပါပဲ…

အထက်ကပြောခဲ့သလို အယူမသီးပေမယ့် ကြုံဆုံလာ… အကြောင်းတစ်ရပ်ဟာ တကယ့်ကို အံ့သြစရာဖြစ်ခဲ့တယ်။

စတင်ဖြစ်ပွားခဲ့တဲ့နေ့ရက်က… လကွယ်ညတစ်ည… …ကွယ်ညဖြစ်လို့ မိုးကောင်းကင်တစ်ခုလုံး မည်းမည်းမှောင်နေ…ယ်။ တရှဲရှဲတိုက်ခတ်တဲ့ လေကြမ်းကြောင့် သစ်ပင်ပုများနဲ့ …တ်များဟာ ဘယ်ညာယိမ်းယိုင် လှုပ်ရှားနေတာဟာ အကာလ… …အတွက် ကြောက်ရွံ့စိုးထိတ်ဖွယ် မြင်ကွင်းတစ်ခုလိုပါပဲ။

ညဉ့်ဆယ့်နှစ်နာရီအချိန်လောက်မှာ…

သစ်ဆုံရွာကလေးဟာ တိတ်ဆိတ်ငြိမ်သက်နေလေရဲ့…

အဲဒီအချိန်မှာ ရွာအပြင်ဘက် သချိုင်းဆီက…



www.burmeseclassic.com

www.burmeseclassic.com



"အူး"

"အူး"

"အူး"

ဆိုတဲ့ ခွေးတစ်သိုက်က ဆွဲဆွဲငင်ငင် အူလိုက်တယ်။ အဲဒီခွေးအူသံကြားတာနဲ့ ရွာထဲက ခွေးတွေကပါ သံယောင်လိုက်ပြီး ဆွဲဆွဲငင်ငင် အူလိုက်တယ်။

"အူး"

"အူး"

"အူး"

ခွေးအူသံတွေဟာ တစ်စ… တစ်စ ရွာထဲကို တိုးဝင်လာခဲ့တယ်။ တိတ်ဆိတ်တဲ့ညကို ခွေးအူခြင်းက အစပျိုး ဖြိုခွင်းလိုက်တယ်။ သိပ်မကြာခင်အချိန်မှာ…

မှောင်မည်းနေတဲ့ ကောင်းကင်ကြီးမှာ…

"ဂစ်"

"ဂစ်"

"ဂစ်"

ဆိုတဲ့ ငှက်ဆိုးထိုးသံကိုပါ ကြားလိုက်ရတယ်။





ဦးသာအေးကတော့ စစ်ပြေးပီပီ သတိနဲ့အိပ်ခဲ့တဲ့အတွက် အသံတွေအားလုံးကို ကြားနေရတယ်။

"ဘုရား… ဘုရား… အချိန်မဟုတ် အခါမဟုတ် ငှက်ဆိုးထိုးသံတွေ ကြားရတာ နိမိတ်မကောင်းဘူး"

ဦးသာအေးက အသက်ကြီးသူပီပီ နိမိတ်ကောက်ကာ အသံဗလံများကို နားထောင်နေခဲ့တယ်။

သစ်ဆုံရွာရဲ့ အနောက်ဘက်မှာ….

ရွာသူရွာသားများ သေဆုံးတဲ့အခါ မြှုပ်နှံတဲ့သင်္ချိုင်းတစ်ခုရှိတယ်။ သစ်ဆုံရွာက ရွာကြီးဖြစ်လို့ အဲဒီသင်္ချိုင်းမှာ မြှုပ်နှံထားတဲ့ အုတ်ဂူတွေ၊ မှတ်တိုင်တွေ အများအပြားရှိခဲ့တယ်။

တစ်ချို့မှတ်တိုင်တွေက သိပ်ဟောင်းပြီး သစ်သားတိုင်တွေက ဆွေးမြေ့နေတာ တွေ့ရှိသလို သေတာ သိပ်မကြာသေးတဲ့ သစ်သားမှတ်တိုင်အသစ်တွေလည်း ရှိတယ်။

နောက်ပြီး သင်္ချိုင်းက အနိမ့်ပိုင်းမှာရှိတယ်။ လပြည့်လကွယ် ဒီရေတက်ချိန်မှာ မြစ်ကတက်လာတဲ့ ဒီရေတွေဟာ သင်္ချိုင်းထဲကို ရောက်လာတတ်တယ်။

နောက်တစ်နေ့မှာ ရေတွေအိုင်နေတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရေတိုက်စားတဲ့အတွက် တစ်ချို့မြေပြိုထားတဲ့ အခေါင်
တွေတောင် မြေကြီးပေါ်ကို ပေါ်လာတတ်တယ်။ မှတ်တိုင်တွေ
မကြာခဏ ပြိုလဲနေလို့ ပြန်ပြီးစိုက်ရတယ်။ အများအားဖြ
ဗွက်တွေ၊ သဲတွေနဲ့ စိုစွတ်နေတတ်တယ်။

အဲဒီလိုရေတက်ပြီး နောက်နေ့ဆိုရင် သင်္ချိုင်းမြေဟ
သွားလို့လာလို့ မကောင်းတော့ဘူး။ ပွစိစိနဲ့ ဗွက်တွေကလည်
နင်းလိုက်ရင် ခြေထောက်တစ်ဝက်လောက် မြုပ်သွားတယ်။

ဖြစ်ချင်တော့ ဒီနေ့ညမှာ ဒီရေတွေ အကြီးအကျယ်
တက်လာခဲ့တယ်။ ပထမဦးဆုံး သင်္ချိုင်းထဲကို ရေတွေ စတင်ဝ
လာခဲ့တယ်။ နောက်တော့ ဒီရေတွေ ပိုမိုတိုးဝင်လာတဲ့အတွက်
သင်္ချိုင်းတစ်ခုလုံး ရေမြုပ်သွားခဲ့တယ်။

ညဉ့်သန်းခေါင်ကျော်အချိန်လောက်ကစပြီး ရေတက်
ခဲ့တာ နံနက်လေးနာရီလောက်မှာတော့ ဒီရေကြီးတဲ့နှုန်းကတော့
စံချိန်တောင် တင်ရမလိုဖြစ်နေပြီ။ ရွာထဲမှာတောင် ရေတွေက
ပေါင်လည်လောက်ရှိတယ်။

မနက်လေးနာရီလောက်မှာ တစ်ချို့အိမ်တွေက အွမ်း
ထချက်ကြတယ်။ ဒီတော့မှ ရေတွေဝင်နေမှန်း သိခဲ့ကြတယ်။





ဒေါ်သိန်းကြီးတို့ အိမ်ရှေ့က အိမ်တိုင်မှာ…

"ဒုတ်"

"ဒုတ်"

"ဒုတ်"

ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

တစ်ချို့အိမ်မှာလည်း…

"ဘုန်း"

"ဘုန်း"

"ဘုန်း"

တစ်ခုခုနဲ့ ထိခိုက်မိတဲ့အသံမျိုးတွေ ကြားနေရတယ်။

နံနက်လင်းစ ရောင်နီဦးရဲ့ အလင်းရောင် မလင်းတလင်း
မှာ အိမ်ရှေ့တံခါးမကို ဖွင့်ကြည့်လိုက်ရာ…

"အမလေး… မှတ်တိုင်ကြီးပါလား"

ဦးစိန်သန်းက အိမ်ရှေ့ကပြင်မှာရောက်နေတဲ့ မှတ်တိုင်
ကြီးကိုကြည့်ပြီး လန့်သွားတယ်။

"မယ်မျှင်ရေ… လာကြည့်ပါဦး၊ သားတို့၊ သမီးတို့ရေ
လာကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်သန်းက အလန့်တကြား အော်ဟစ်လိုက်တယ်။

ဦးစိန်သန်း အသံကြောင့် အိမ်သားတွေ နိုးလာပြီး အိမ်ရှေ့ကို အပြေးလာခဲ့တယ်။

"ဟင်... သင်္ချိုင်းက မှတ်တိုင်ကြီးပါလား။ ဘယ်လို လုပ်ပြီး ဒီကိုရောက်နေတာလဲ"

ဦးစိန်သန်းရဲ့သား ကုလားပုက ထစ်ထစ်ငေါ့ငေါ့နဲ့ မေးလိုက်တယ်။

ဒီတော့ မယ်မျှင်က သေသေချာချာကြည့်ပြီး...

"ရေနဲ့မျောလာတာနဲ့တူတယ်။ အိမ်ရှေ့မှာလည်း ရေတွေ ပြည့်လျှံနေတာပဲ"

"ဟုတ်မယ်... ဟုတ်မယ်"

"ဟဲ့... ကုလားပု၊ အဲဒီမှတ်တိုင်ကြီးက သင်္ချိုင်းကမျော လာတာနဲ့တူတယ်"

"ဟုတ်မှာပေါ့ အဖေရဲ့... ဟဲ့ မိငယ် မီးခွက်ပေးစမ်း မှတ်တိုင်ကစာကို ဖတ်ရအောင်"

"ဟုတ်ကဲ့ အစ်ကိုကုလားပု"

မိငယ်က အစ်ကိုဖြစ်သူကုလားပုကို မီးခွက်လှမ်းပေး





လိုက်တယ်။

"မှန်းစမ်း... ဦးတုတ်ကြီး အသက်ခြောက်ဆယ် ဆိုပါလား"

"ဟဲ့... ဒါဆိုရင် လွန်ခဲ့တဲ့တစ်နှစ်ကျော်က သေသွားတဲ့ ရွာမြောက်ပိုင်းက ဦးတုတ်ကြီးပေါ့"

"ဟုတ်လိမ့်မယ် အမေ"

"အမလေး... ဦးတုတ်ကြီးက လူမိုက်ကြီး၊ အရက်သောက်၊ ဖဲရိုက်ပြီး ရမ်းကားနေတဲ့လူပဲ"

"အေ... သူသေရင် သရဲတစ္ဆေပဲဖြစ်မှာပဲလို့တောင် အရပ်က ပြောနေကြသေးတယ်"

ကုလားပုရဲ့ မိဘနှစ်ပါးက အချီအချ ပြောနေကြတယ်။

"အဲဒါက အကြောင်းမဟုတ်ဘူး။ အိမ်ခေါင်တိုင်မှာ ဒီမှတ်တိုင်ကြီးက လာပြီးထိနေတာ နိမိတ်မကောင်းဘူး။ ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"အေး... ဟုတ်တယ်၊ ဒါက ရှေးလူကြီးများ အလိုအရ ဆိုရင် နိမိတ်မကောင်းဘူး။ သွား... အိမ်နောက်ဖေးသွားပစ်ချေ"

"အဖေကလည်းဗျာ... အိမ်နောက်ဖေးပစ်လို့ရမလား။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နောက်ဖေးမှာလည်း ရေတွေပြည့်နေတယ်ဗျ"

"ဒါဆို ဘယ်လိုလုပ်ကြမတုန်း"

ထိုသို့ ကုလားပုတို့မိသားစု ပြောဆိုနေစဉ် ခေါင်းရင်းအိမ်မှ ဆူဆူညံညံအသံတွေ ကြားလိုက်ရတယ်။

"အမလေး… အိမ်ခေါင်းရင်းမှာ ဘာကြီးမှန်းမသိဘူး။ လာကြပါဦး"

ဆိုတဲ့ အော်သံကြားလို့ ကုလားပုတို့မိသားစု အပြေးအလွှား သွားခဲ့ကြတယ်။

ဒေါ်ပုမတို့အိမ်ရှေ့မှာ တွေ့လိုက်ရတာကတော့ အခေါင်းတလားကြီးတစ်လုံး…

"ဟယ်… အခေါင်းတလားကြီးပါလား"

အခေါင်းတလားကြီးဟာ ဒေါ်ပုမရဲ့အိမ်ခေါင်းရင်းမှာ ကန့်လန့်ကြီးဖြစ်နေတာ တွေ့ရတယ်။ ဒေါ်ပုမတို့အိမ်မှာ ဒေါ်ပုမရယ်၊ သူ့ယောကျ်ား ဦးဖြိုးကြီးရယ် နှစ်ယောက်ထဲနေတာ။ ဦးဖြိုးကြီးက အသက်ကြီးပြီး မျက်စေ့မှုန်နေလို့ ဘာမှသိပ်မြင်ရတာ မဟုတ်ဘူး။ ဒါ့ကြောင့်… ကုလားပုက…

"ကြီးတော် ဒေါ်ပုမရေ သင်္ချိုင်းမှာရေဝင်ပြီး သင်္ချိုင်းက





ပစ္စည်းတွေ ရေနဲ့မျောပါလာတာ"

"ဒါဆို ဒီအခေါင်းကြီးကို ဘယ်လိုလုပ်မလဲ"

"သင်္ချိုင်းကပစ္စည်း သင်္ချိုင်းပြန်ပို့ရမှာပေါ့"

"ကုလားပုရယ် နင်ပဲ ငါ့ကိုလုပ်ပေးပါဦး"

"စိတ်ချ ကြီးတော်ရေ… ကျွန်တော်တို့အိမ်မှာလည်း မှတ်တိုင်တစ်ခုရောက်နေတယ်။ သင်္ချိုင်းပြန်ပို့ရမှာပဲ"

"အမလေး… လေး… နိမိတ်မကောင်းဘူး။ ဒုက္ခတော့ ရောက်ကုန်တော့မယ် ထင်ပါရဲ့"

ဒီလိုပြောနေစဉ်မှာ… တဖြည်းဖြည်း မိုးလင်းလာခဲ့တယ်။

ဒီတော့မှ… သူကြီးအိမ်မှာလည်း အရိုးခေါင်းတစ်လုံး ရေနဲ့မျောပါလာခဲ့တယ်။ ကျန်တဲ့အိမ်အချို့မှာလည်း မှတ်တိုင်အပိုင်းအစ၊ အခေါင်းပျဉ်အပိုင်းအစများ၊ လူရိုးအပိုင်းအစတွေ ရောက်လာခဲ့တယ်။ ဒီအဖြစ်အပျက်ဟာ ဒီရွာမှာ တစ်ခါမှ မဖြစ်ခဲ့ဘူးတဲ့ ဖြစ်ရပ်ဆန်းကြယ်တွေပဲ…ရေတွေလည်း တဖြည်းဖြည်း ကျသွားခဲ့ပြီ…ဒါပေမယ့်… သင်္ချိုင်းကပစ္စည်းတွေက ရွာထဲမှာ ကျန်ရစ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



“ဒူ”

“ဒူ”

“ဒူ”

သူကြီးက မောင်းထုပြီး ရွာသူရွာသားတွေကို ခေါ်ခဲ့တယ်။ ရွာသူရွာသားတွေကလည်း ဆန်းကြယ်တဲ့ဖြစ်ရပ်မို့ ပြောဆိုဖို့ စုရုံးရောက်လာခဲ့တယ်။ သူကြီးက စတင်ပြောလိုက်တယ်။

“ဒီနေ့မနက်မှာ ဒီရွာနဲ့အတူ အရိုးခေါင်းကြီးဟာ ကျုပ်ရဲ့ခြံထဲကို ရောက်လာခဲ့တယ်”

“ဟုတ်ပါတယ်သူကြီး ကျွန်တော်တို့အိမ်ခြံဝင်းထဲကို မှတ်တိုင်ကြီး ရောက်လာပါတယ်”

“ကျွန်တော့်ရဲ့အိမ်ခေါင်းရင်းမှာ အခေါင်းတလားကြီး ရောက်နေလို့”

စသဖြင့် တစ်ယောက်တစ်မျိုး အမျိုးမျိုးပြောခဲ့ကြတယ်။

“ကဲ… ကျုပ်ကလည်း ဒီပြဿနာကို ဖြေရှင်းပေးမလို့ ခေါ်ခဲ့တာပဲ”

သည်တွင် အသက်ရှစ်ဆယ်ကျော် ဘိုးပန်းစိန်က…

“သူကြီး အဘ တစ်ခုပြောပါရစေ”





“ပြောပါ အဘ”

“သင်္ချိုင်းပစ္စည်းတွေ ရွာကိုဝင်တယ်ဆိုကတည်းက ရွာနာတယ် သူကြီး၊ သူ့ပစ္စည်းသူ့သင်္ချိုင်းကို ပြန်ပို့တာ အကောင်းဆုံးပဲ”

“ဟုတ်ကဲ့အဘ… အကြံဉာဏ်ပေးတာ ကျေးဇူးတင်ပါတယ်။ ကဲ အခုရောက်လာတဲ့သူတွေရော သဘောတူရဲ့လား”

“သဘောတူပါတယ်”

“ဒါဆို… အဲဒီပစ္စည်းတွေကောက်ပြီး သင်္ချိုင်းသွားကြစို့”

ပြောပြောဆိုဆို ရွာသားများက အဲဒီပစ္စည်းတွေကို ကောက်ယူကြတယ်။ နောက်တော့… သင်္ချိုင်းဆီကို သွားခဲ့ကြတယ်။

“သူကြီး… ဒီပစ္စည်းတွေကို ဘယ်လိုလုပ်ကြမတုန်း”

“ဒီပစ္စည်းတွေက ဘယ်မြေပုံက မှတ်တိုင်မှန်းလည်း မသိ၊ ဘယ်မြေပုံက အခေါင်းမှန်းလည်းမသိ”

သူကြီးလည်း ခေါင်းကုတ်ပြီး အဖြေထုတ်ခဲ့တယ်။ နောက်ဆုံးမှာတော့…



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မြေပုံက ပစ္စည်းမှန်းလည်းမသိဘူး။ ဒီတော့ အားလုံး မီးရှို့လိုက်တာ အကောင်းဆုံးဖြစ်မယ်"

"ဟုတ်တယ်၊ ဒါဆို ဒါတွေအားလုံး မီးရှို့လိုက်မယ်"

ဒီလိုပြောပြီးမှ…

ပစ္စည်းတွေအားလုံးကို မီးပုံပြီးရှို့ပစ်လိုက်တယ်။

အဲဒီမှာ ထူးခြားတာကတော့… ဦးခေါင်းရိုးကြီးက အားလုံးမီးမလောင်ဘူး၊ တစ်ပိုင်းတစ်စပဲ မီးလောင်တယ်။

ဒါနဲ့ ကုလားပုက…

"ဒီခေါင်းကြီးက ဘာကြောင့် အကုန်လုံးမီးမလောင်တာလဲ မသိဘူး" လို့ ပြောလိုက်တယ်။

"ဟေ့ကောင် ကုလားပု ဘာမှပြောမနေနဲ့။ ဒီအကြွင်းအကျန်တွေနဲ့ ပြာတွေအားလုံး တွင်းတူးပြီးမြှုပ်လိုက်"

သူကြီးက အားလုံးကို အမိန့်ပေးလိုက်တယ်။

ဒါနဲ့ ရွာသားတွေက အဲဒီနားမှာ တွင်းတူးလိုက်တယ်။ ပြီးတော့ အကြွင်းအကျန်တွေကို မြေကြီးတွင်းထဲ ယက်ချတယ်။ အရိုးခေါင်းကြီးက ကိုးလိုးကန့်လန့်…ပြီးရှို့ထားလို့ မည်းနေတယ်။

"ကဲကွာ"





"ဘုန်း"

ကုလားပုက အရိုးခေါင်းမည်းမည်းကြီးကို ဘောလုံးကန်သလိုကန်ပြီး မြေတွင်းထဲကို ကန်ချလိုက်တယ်။

"ဟေ့ကောင်… ကုလားပု ဘယ်လိုလုပ်လိုက်တာလဲ"

"ကြာတယ်ကွာ၊ စိတ်မရှည်တော့လို့ ကန်လိုက်တာ"

"တော်ကြာ သူကြီးမြင်ရင် မင်းကို ဆူနေဦးမယ်"

"ရပါတယ်ကွာ… ဘာမှမဖြစ်ပါဘူး"

ရွာသားများက ဒီလိုပြောဆိုပြီး အကြွင်းအကျန်များကို မြေကြီးနဲ့ဖုံးခဲ့ကြတယ်။ ဒီနောက်တော့ အားလုံးပြီးစီးသွားပြီမို့ သချိုင်းမြေက ပြန်လာခဲ့ကြတယ်။ ဒီအဖြစ်အပျက်ကို ရွာထဲမှာ ပြောမဆုံးအောင် ဖြစ်ခဲ့တယ်။

"ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက နေလာတာ ဒါမျိုးတစ်ခါမှ မဖြစ်ဖူးပါဘူးတော်"

"အခေါင်းတလားက အိမ်ရှေ့ရောက်မှတော့ ဘယ်ကောင်းမလဲ။ တလားက လာခေါ်သလိုဖြစ်နေတယ်။ ဒေါ်ပုမတို့ သင်မယားတော့ တစ်ခုခုဖြစ်မလားပဲ"

"ဒါဆို ကုလားပုတို့အိမ်မှာလည်း မှတ်တိုင်ကြီး ဝင်လာ—



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''သူကြီးအိမ်မှာလည်း အရိုးခေါင်းကြီး ရောက်နေတာ ဘယ်လိုလုပ်မလဲ''

''ဟုတ်တယ်၊ မကျီးတန်တို့အိမ်မှာလည်း ခေါင်းစပ်ထား တဲ့ပျဉ်တွေ မျောပါလာတယ်''

''ကျုပ်အထင်တော့ အဲဒီလိုဖြစ်တာ မကောင်းဘူး၊ အကုသိုလ်ဝင်တော့မယ်နဲ့ တူပါရဲ့''

ထိုသို့တစ်ယောက်တစ်မျိုး...

အမျိုးမျိုး ပြောဆိုဝေဖန်သံများနဲ့ ဆူညံနေခဲ့ကြတယ်၊

* * *





## အခန်း (၅)

## သေခြင်းရဲ့နိမိတ်ပုံများ

အဲဒီအဖြစ်အပျက်တွေဖြစ်ပြီး သုံးရက်အကြာမှာ...

ကုလားပုတစ်ယောက် တောထဲကို ထင်းခွေထွက်ခဲ့ တယ်။ သစ်ကိုင်းတွေကို ချိုးချနေစဉ်မှာ သစ်ပင်အောက်မှာ ပျော့စိစိအရာတစ်ခုကို တက်နင်းမိတယ်...

''ဟာ... ဘာကြီးပါလိမ့်''

''အား''

စဉ်းစားနေစဉ်မှာ...

ခြေမျက်စေ့မှာ ဒုတ်ကနဲ ပေါက်လိုက်တယ်။ စူးကနဲ ကျင်သွားတယ်။ ကြည့်လိုက်တော့...မွဲခြောက်ခြောက် မြွေဆိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ရဲ့ တိုက်ကွက်မှန်း သိလိုက်ရတယ်။

"ဟာ… ငါ့ကို မြွေပွေးကိုက်သွားပြီ"

မြွေပွေးဟာ… တရွေ့ရွေ့ ခြုံပုတ်ထဲ ဝင်သွားတယ်

ကုလားကုက… မြွေကိုက်တဲ့နေရာက သွေးတွေ

ညစ်ပစ်လိုက်တယ်။ မည်းညစ်ညစ် အဆိပ်တွေ ထွက်လာတယ်

"ငါ… အိမ်ကို အမြန်ပြန်မှဖြစ်မယ်"

ယိုင်နဲ့တဲ့ခြေလှမ်းတွေနဲ့ အိမ်ကိုပြန်လာခဲ့တယ်။

အလယ်လောက်မှာ မူးဝေပြီး ခေါင်းမူးလာတယ်။ စိတ်ကိုတင်းပြ

အိမ်ကိုရောက်အောင် ပြန်လာခဲ့တယ်။ အိမ်ရှေ့ရောက်တာ

တပြိုင်နက် ကွက်ပျစ်ပေါ်ကို အမြန်ဆုံး လှဲချလိုက်တယ်။

"ကုလားပု… ဘာဖြစ်တာလဲ"

"ပိုးထိလာလို့"

ပြောဆိုပြီး မေ့လဲကျသွားတယ်။

"ကုလားပု… ကုလားပု"

လှုပ်ပြီးနိုးလိုက်တယ်။ ဒါပေမယ့် ကုလားပုကို ခေါ်

မရတော့ဘူး။ ရွာအနောက်ပိုင်းက ဗိန္ဓော်ဆရာကြီးကို သွာ

ခေါ်လိုက်တယ်။ ဆရာကြီးရောက်လာပြီး ကုလားပုကိုကြည်





လိုက်တော့…

"ကုလားပု… အသက်မရှိတော့ဘူး"

"ဟင်… ကုလားပု သေပြီဟုတ်လား"

ကုလားပုဟာ မြွေဆိပ်ကြောင့် အသားတွေမည်းနက်ပြီး

သေဆုံးသွားခဲ့တယ်။ ဦးစိန်သန်းနဲ့ ဒေါ်မျှင်ဟာ သူ့သားသေသွား

တာကိုကြည့်ပြီး…

"သားရယ် အဖေတော့ ငါ့သားသေတာ မယုံနိုင်ဘူး"

"အမလေး… သားလေးရယ် ဖြစ်မှဖြစ်ရလေ"

"အစ်ကို… ကုလားပုရယ်၊ ညီမလေးတို့ကို ခွဲသွား

ပြီလား"

လောလောလတ်လတ် သေဆုံးသွားတဲ့ ကုလားပု

အလောင်းကိုဖက်ပြီး ငိုနေကြတယ်။

ဒီတော့မှ အိမ်နီးနားချင်းတွေ ရောက်လာပြီး…

"ဟဲ့… ဘယ်လိုဖြစ်တာလဲ"

"ကုလားပု မြွေကိုက်လို့သေပြီ"

"ကုလားပုရယ် ကံဆိုးလှချည်လား"

သည့်လိုပြောတဲ့သူက ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့က သင်္ချိုင်းက မှတ်တိုင်ကြီးမျောလာတာ ကံဆို
တဲ့နိမိတ်လား မသိဘူး"

"ဟုတ်တယ်… သင်္ချိုင်းမှတ်တိုင်ကြီး ရေမျောလ
ကတည်းက တစ်ခုခုဖြစ်မယ်လို့ ထင်နေတာ"

"ဟုတ်တယ်၊ အဲဒါကြီးက မရဏနိမိတ်ပုံပဲ"

သည်လိုပြောဆိုတဲ့ လူတွေလည်းရှိတယ်။

မရဏနိမိတ်လို့ပြောပြော…

ပထမဦးဆုံး သေဆုံးသူဟာ ကုလားပုပဲဖြစ်တယ်။

သုံးရက်မြောက်တဲ့နေ့မှာ ကုလားပုကို အသုဘချခဲ့တယ်

ဒီနေ့မှာပဲ… ဒေါ်ပုမကြီးတစ်ယောက် ထမင်းချက်ရင်း
မူးတယ်… မူးတယ်ဆိုပြီး လဲကျသွားတယ်။ သတိပြန်မလည်
တော့ဘူး။

မကြာခင်မှာ အသက်ပါ၊ ပါသွားခဲ့တယ်။

ဒေါ်ပုမကြီးအိမ်မှာ ဦးဖြိုးကြီးတစ်ယောက်တည်းပဲ ကျန်
တော့တယ်။ ဒီတော့ လူတွေက ပြောကြပြန်တယ်။

သင်္ချိုင်းကပစ္စည်းတွေ ဒီရေနဲ့မျောလာတုန်းက အလော
တလားကြီးဟာ ဒေါ်ပုမကြီးရဲ့အိမ်ရှေ့မှာ ရောက်ရှိနေခဲ့တယ်





"ဒေါ်ပုမကြီးတော့ သွားပြန်ပြီ"

"ဟုတ်တယ်၊ ဒီရေတက်တုန်းက ဒေါ်ပုမကြီးတို့အိမ်ထဲ
မှာ အခေါင်းတလားကြီး ရောက်နေကတည်းက ဒီအိမ်မှာ
တစ်ခုခုဖြစ်မှာပဲလို့ စိုးရိမ်နေခဲ့တာ"

"ပထမက ကုလားပု၊ ဒုတိယက ဒေါ်ပုမကြီးပဲ"

"ဟုတ်တယ်… နောက်လူတွေ ရှိသေးတယ်"

အဲဒီလို လူတွေကပြောလေ…

သူကြီးကတော် ဒေါ်အေးရှင်က တော်တော်ကလေး
ကြောက်နေရှာတယ်။ ဒါ့ကြောင့် သူကြီးဦးဘတူကို သူ့မိန်းမ
ဒေါ်အေးရှင်က…

"ကိုဘတူ… ကုလားပုလည်း သေသွားပြီ"

"ငါ… သိပါတယ်ဟ"

"နောက်ပြီး ဒေါ်ပုမကြီးလည်း သေသွားပြီ"

"သိပါတယ် ဒီမိန်းမ ဘယ်လိုဖြစ်နေလဲ မသိဘူး"

"ရှင်သိဖို့ပြောနေတာ မဟုတ်ဘူး"

"ဒါဖြင့်… ဘာလို့ပြောနေတာလဲ"

"ကျုပ်… ကြောက်လို့ပါတော်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာတွေ ကြောက်နေလို့လဲ"

"ရေတက်တုန်းက သင်္ချိုင်းကပစ္စည်းတွေ ရောက်လာပြီး အခု ကုလားပုတို့ ဒေါ်ပုမတို့ သေကုန်ပြီ။ တော်ကြာ ကျုပ်တို့ အလှည့်ရောက်လာရင် ဘယ်လိုလုပ်မလဲ"

"ဗွ... မဦးမချွတ်"

"မဦးမချွတ်မလုပ်နဲ့ တော်သေလို့လည်းမဖြစ်သေးဘူး ကျုပ်သေလို့လည်း မဖြစ်သေးဘူး"

"မသေပါဘူးဟာ... လူတွေက နိမိတ်မကောင်းဘူးလို့ လျှောက်ပြောနေတာ"

"ရှင်ကသာ မကြောက်တာ၊ ကျုပ်ကတော့ သေမှာ ကြောက်တယ်"

"မင်းကလည်း နိမိတ်မရှိ၊ နမာမရှိနဲ့"

"နိမိတ်မရှိမလုပ်နဲ့ ကျုပ်တို့အလှည့်ဖြစ်လာမှာ ကြောက်တယ်"

သူကြီး ဦးဘတူတို့လင်မယားဟာ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြတယ်။ ဦးဘတူကလည်း ပြောမယ့်သာ ပြောရတာ သူကလည်း ခပ်ကြောက်ကြောက်ပဲ...





ဒါပေမယ့်...

ကံကြမ္မာလား... တိုက်ဆိုင်တာလားဆိုတာ မပြောနိုင်ဘူး...

ဒေါ်ပုမကြီး သေဆုံးလို့ ရက်လည်တဲ့နေ့မှာ...

ဦးဘတူရဲ့အိမ်မှာနေတဲ့ ဦးဘတူရဲ့တူဖြစ်သူ မိုးနီတစ်ယောက် မြစ်မခမြစ်ထဲမှာ... ရေကူးရင်း ရေနစ်သေခဲ့လေရဲ့။

"ဖိုးနီ... ရေနစ်သေပြီတဲ့"

"ဖိုးနီ ဘယ်လိုဖြစ်တာပါလိမ့်။ ဒီလောက်ရေကူးသန်တဲ့သူပဲ"

"ရေကူးရင်း ကြွက်တက်သွားလို့တဲ့"

ဘာပဲဖြစ်ဖြစ် ဖိုးနီတစ်ယောက်ကတော့ ဒီရက်ပိုင်းအတွင်းမှာ ရေနစ်ပြီး သေဆုံးသွားခဲ့တယ်။

ဒီလိုတိုက်ဆိုင်လာတာကြောင့် သင်္ချိုင်းပစ္စည်းရောက်လာတဲ့အိမ်က အိမ်သားတွေဟာ ကြောက်ကြောက်လန့်လန့် ဖြစ်လာတယ်။

တစ်ချို့ကလည်း...

ဒါဟာ တိုက်ဆိုင်မှုလို့ ပြောကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ကတော့···

"ဒါဟာ ရွာနာတာလို့ခေါ်တယ်။ လူသေရင် ခုနှစ်စဉ်တိုက်သေတတ်တယ်။ ခုနှစ်လောင်းပြည့်မှ အသေရပ်မယ်"

"ဒါဆို နောက်ထပ်သေးဖို့ လူတွေကျန်သေးတယ်ဆိုတဲ့သဘောလား"

"ဒီလိုဆိုရင် ဘယ်လိုလုပ်ကြမလဲ"

ဒီလိုနဲ့ တီးတိုး··· တီးတိုး သဖန်းပိုးလို ကျယ်ကျယ်လည်းမပြောရဲပဲ တိတ်တခိုးပြောကြတယ်။

သင်္ချိုင်းမြေမှာ ညဥ့်အခါ ခွေးတွေအူလွန်းတာရယ်၊ ကျီးတွေပျံတာရယ်ကြောင့် ရွာသားတွေဟာ စိုးထိတ်လာကြတယ်။

ဒီလိုဖြစ်နေချိန်မှာ···

သင်္ချိုင်းမြေမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့တယ်။ အဲဒါကတော့ အမူးသမားဖိုးပေါက်က စတဲ့ဇာတ်လမ်းလို့ပြောရမယ်။ ဖိုးပေါက်က··· ဟိုဘက်ရွာမှာ အရက်သွားသောက်ခဲ့တယ်။ သောက်တော့လည်း ဂေါ်ရင်ဂျီကုလားတွေ သောက်သလို တစ်ခါတည်း တစ်ပုလင်းကို အပြတ်သောက်တဲ့ လူတန်း





စားမျိုး···

အဲဒီညနေမှာ ဟိုဘက်ရွာမှာ အမဲသားခိုးပေါ်ခဲ့တယ်။ အဲဒီလို ခိုးပေါ်တဲ့အမဲသားကို တိုးတိုးသားလို့ခေါ်တယ်။ အဲဒီလို တိုးတိုးသားကို တစ်ပိဿာ အတွဲတွေတွဲပြီး စည်းထားတယ်။

ဖိုးပေါက်က···

"ဟေ့ကောင်တွေ ငါ့ကို တိုးတိုးသားတစ်တွဲပေးနော်၊ ငါ့မိန်းမနဲ့ ငါ့ကလေးစားဖို့"

"အေးပါ၊ တစ်တွဲချန်ထားလိုက်မယ်။ မင်းပြန်တော့ယူသွား"

"အေး··· အေး"

ဖိုးပေါက်က မူးပေမယ့် သူ့မယားနဲ့သူ့သားသမီးအတွက် စားစရာတစ်ခုခု အမြဲဝယ်လာတယ်။ အခုလည်း ညနေ နာရီကျော်ပြီ။ အမှောင်လည်း ဖုံးလွှမ်းလာပြီဖြစ်လို့ တိုးတိုးသားအတွဲကိုယူပြီး ပြန်လာခဲ့တယ်။

"အင်း··· မယ်လှကို အမဲသားဟင်းတစ်ခွက် ချက်ခိုင်းမယ်။ တစ်ဝက်ကို ကျော်ခိုင်းမယ်။ မနက်ဖြန်ညနေမှာ အရက်နဲ့ အမဲကျော်နဲ့ မြည်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးပေါက်က သူ့တွက်ကိန်းနဲ့သူ…

အဲဒီလိုစဉ်းစားပြီး မူးယိုင်ယိုင်နဲ့ ဒီဘက်ရွာကို ကူးလာခဲ့တယ်။ ဒီနေ့ဟာ လပြည့်နေ့ဖြစ်လို့ ဝင်းပတဲ့လမင်းကြီးတောင်သာနေပြီ…

ဖိုးပေါက်က လရောင်အလင်းအောက်မှာ ခပ်မူးမူးနဲ့ ပြန်လာခဲ့တယ်။ ဟိုး… ခပ်လှမ်းလှမ်းမှာ သူ့ရွာရဲ့ သုသာန်ကို လှမ်းမြင်နေရပြီ။ အဲဒီသုသာန်ကကျော်ရင် ရွာထဲရောက်ပြီပေါ့…

ဒီလိုလျှောက်လာရင်းနဲ့… သုသာန်နားရောက်လာရင်ပဲ သုသာန်မှာနေတဲ့ ခွေးတစ်စုက ဆွဲဆွဲငင်ငင် အူလိုက်တယ်…

"အူး"

"အူး"

"အူး"

"ဟင်… ခွေးတွေကလည်း ညဥ့်မနက်သေးဘူး၊ အူလိုက်တာ"

ဒီလိုပြောပြီး ဆက်လျှောက်လာတယ်။

သုသာန်နားကို အရောက်မှာ…

"ဟာ… ဘာကြီးလဲဟ"





ခြုံပုတ်နားမှာ ခပ်မည်းမည်းအကောင်ကြီးတစ်ကောင်ကို တွေ့လိုက်ရတော့ မကြောက်ဘူးဆိုပေမယ့် ရင်ထဲမှာ ဒိတ်ကနဲဖြစ်သွားတယ်။ မူးဝေနေလာရယ်၊ လရောင်ရဲ့အလင်းရောင်ရယ်ကြောင့် အဲဒီမည်းမည်းကောင်ကြီးကို သဲသဲကွဲကွဲ မသိရဘူး။

ဒါပေမယ့်… သွားစရာလည်း သည်တစ်လမ်းပဲရှိတာ.. ဒါကြောင့် ရပ်နေရင်ကောင်းမလား…

ဒီလိုစဉ်းစားနေစဉ်မှာ…

"ဂစ်"

"ဂစ်"

ဆိုတဲ့ ငှက်ဆိုးထိုးသံကို ကျယ်လောင်စွာ ပေါ်ထွက်လာတော့ ကြက်သီးတွေ တဖျန်းဖျန်းထလာတယ်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ လူဆိုလို့ တစ်ယောက်မှ မရှိဘူး…

ခွေးအူတာတွေ၊ ငှက်ဆိုးထိုးတာရယ်ကြောင့် ဖိုးပေါက်လည်း ကြောက်ကြောက်လန့်လန့်ဖြစ်ပြီး သင်္ချိုင်းဘေးက ခပ်သုတ်သုတ် လျှောက်ခဲ့တယ်။ သင်္ချိုင်းဝအရောက်မှာ…

ဗြုံးဆို… ခပ်မည်းမည်းအကောင်ကြီး ထွက်လာခဲ့ပြီး…



www.burmeseclassic.com

www.burmeseclassic.com



ဖိုးပေါက်လက်ထဲက အမဲသားတွဲကို ဇတ်ခနဲ ဆွဲလုသွားတယ်။

"ဟာ… အမဲသားတွဲ ပါသွားပြီ"

မည်းမည်းကောင်ကြီးကို လှမ်းကြည့်လိုက်တော့ ခွေးနက်ကြီးတစ်ကောင်ဖြစ်နေပြီး အမဲသားတွဲကြီးကို ကိုက်ချီပြီး သချိုင်းထဲဝင်ပြေးသွားတယ်။

"ငါ့မိန်းမနဲ့ ငါ့သားသမီးတွေအတွက် ယူလာခဲ့တဲ့ အမဲသားတွဲကြီးရဲ့နောက်ကို လိုက်မှပဲ"

ဖိုးပေါက်လည်း သချိုင်းထဲဝင်ပြီး လိုက်ခဲ့တယ်။

အဲဒီအကောင်ကြီးကလည်း တောစပ်နားက ချောင်ကျတဲ့ အုတ်ဂူပျက်တွေဘက်ကိုဝင်ပြီး ပြေးသွားတယ်။

အမ်မယ် ဂူပျက်တွေဘက်ကို ပုန်းလို့လွတ်မလား၊ ငါလိုက်မယ်။

ခွေးနက်ကြီးလော… တစ္ဆေလော… သူတွေးပြီး ကြောက်မနေနိုင်တော့ပေ။ မနက်ဖြန် ဟင်းလျာအတွက် အပြေးလိုက်ခဲ့တယ်။

"ဟင်… ဘယ်ရောက်သွားပါလိမ့်"





တောစပ်နားက မည်းမည်းအကောင်ကြီးမှာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ပြီ…။

"အုတ်ဂူပျက်ထဲ ဝင်သွားသလား"

ဒါ့ကြောင့် အုတ်ဂူပျက်ထဲကို ကြည့်လိုက်တယ်။ လရောင်နဲ့မို့ သိပ်ပြီး သဲသဲကွဲကွဲ မတွေ့ရဘူး…

ဒါနဲ့ ဟိုကြည့် သည်ကြည့်လုပ်နေတုန်း…

"ကြွိ ကြွီ"

"ကြွိ ကြွီ"

"ကြွိ ကြွီ"

ဆိုတဲ့ အသံတွေကို ကြားလိုက်ရတယ်။

"ဟ… ဘာသံတွေလဲ"

ဆိုပြီး အသံကြားရာဆီကို လိုက်ရှာမိတယ်။ ဒီလိုလိုက်ရှာစဉ်မှာ…

တောစပ်နားက… ရေစပ်စပ်ရှိနေတဲ့ နေရာဆီက ပေါ်ထွက်လာတဲ့ အသံလို့ ထင်ရတယ်။ ဒါ့ကြောင့် အဲဒီဘက်ကို သွားလိုက်တော့…

ဟိုတလောဆီကမှ မြေမြုပ်ထားတဲ့ မြေပုံသုံးခုကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်။

"ဒီနားက အသံတွေပဲ"

ဆိုပြီး ကြည့်လိုက်တော့ မြေပုံသုံးခုရဲ့ မြေကြီးတွေဟာ နိမ့်လိုက်မြင့်လိုက်နဲ့ ပွစိ… ပွစိ ဖြစ်နေတယ်။

"ဟာ… ဘယ်လိုပါလိမ့်၊ ငါပဲ မျက်စေ့အမြင်တွေ မှားလား မြေကြီးတွေကပဲ လှုပ်စိ၊ လှုပ်စိ ဖြစ်နေတာလား"

အမူးပျောက်ပြီး မျက်စိကို ပွတ်သတ်ကြည့်လိုက်တယ်။ ဟုတ်ပါရဲ့ တကယ်ပါပဲ မြေပုံကြီးပေါ်က မြေကြီးတွေဟာ လှုပ်လာပြီး မြင့်လိုက်နိမ့်လိုက်နဲ့…

"ဘုရား… ဘုရား… သရဲက ငါ့အမဲသားတွဲကြီးကို ယူပြီး မြေပုံထဲဝင်သွားတာလား"

ဖိုးပေါက်လည်း လန့်လန့်ထိတ်ထိတ်နဲ့ ကြည့်ရင်း အတွေးတွေဝင်လာခဲ့တယ်။

"ဒါမှမဟုတ်ရင် ငါ့ကိုသွေးစုတ်ဖို့အလာမှာ ခွေးနက်ကြီးယောင်ဆောင်ပြီး သွေးတွေပေကျံနေတဲ့ အမဲသားတွဲကို ဆွဲပြေးသလား၊ ခွေးယောင်လည်း ဆောင်နိုင်တယ်လို့ ပြောတယ်"





"ဒီမြေပုံက မြေကြီးတွေက ပွစိပွစိဖြစ်နေတာ ဘာကြောင့်လဲ၊ အထဲက ပြန်ထွက်လာမှာမို့ ပွစိပွစိဖြစ်နေ တာလား"

"ဒါဆိုမဖြစ်ဘူး၊ သူပြန်ထွက်လာရင် ငါ့ရဲ့လည်ချောင်းသွေးကို စုပ်တော့မှာ"

ဒီလိုတွေးနေစဉ်မှာ-

"ကြွိ ကြွီ"

"ကြွိ ကြွီ"

"ကြွိ ကြွီ"

ဆိုတဲ့ အသံကြီးက ခြောက်ခြားဖွယ် ပေါ်ထွက်လာခဲ့တယ်။ ဟုတ်ပါပြီ…

"ဒီ ကြွိ…ကြွီ ဆိုတဲ့ အသံကြီးက ငါ့ရဲ့အမဲသားတွေကို စားနေတဲ့ အသံကြီးဖြစ်မယ်။ ဘုရာ… ဘုရား… အမဲသား ကုန်ရင် ငါ့ကို အန္တရာယ်ပေးတော့မှာပဲ မဖြစ်ဘူး ပြေးမှ… ပြေးမှ"

ဒီလို အတွေးဝင်လာတာနဲ့ တပြိုင်နက်…

"အမလေး… လုပ်ကြပါဦး၊ မကောင်းဆိုးဝါး ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာတော့မယ်''

ဖိုးပေါက်ရဲ့အတွေးမှာ သူကြည့်ခဲ့ဖူးတဲ့ ဘိုင်စကုတ်ထဲက သွေးစုတ်ဖုတ်ကောင်ကြီးကို မြင်ယောင်ပြီး

ဒီလိုအော်ဟစ်ပြီး သင်္ချိုင်းကုန်းထဲက အပြေးထွက်လာခဲ့တယ်။

အချိန်က…

ညဥ့်ရှစ်နာရီကျော်ကျော်လောက်မို့ တစ်ချို့သော ရွာသူရွာသားတွေက မအိပ်သေးဘူး။

ဖိုးပေါက်က အော်ဟစ်ပြီး ရွာလမ်းတစ်လျှောက် ပြေးဝင်လာခဲ့တဲ့အတွက် သူ့ရဲ့အော်သံ မံသဲမကွဲကို ကြားလိုက်ရတယ်။

ရွာသူရွာသားတွေကလည်း နဂိုကမှ ကြောက်ရွံ့နေကြလို့ ဘာမှန်းမသိတဲ့အသံကို ကြားရတဲ့အခါမှာ ရရာ တုတ်၊ ဓား၊ မီးတုတ်တွေကို ကိုင်စွဲပြီး အသံကြားရဆီကို အပြေးအလွှား ပြေးလာခဲ့တယ်။

ရွာအလယ်လောက်မှာ အဝေးကပြေးလာတဲ့ ဖိုးပေါက်ကို တွေ့လိုက်ရတယ်။ ဖိုးပေါက်က…

''လုပ်ကြပါဦး၊ သွေးစုပ်ဖုတ်ကောင်ကြီး ထွက်လာတော့





ယ်''

မရပ်မနားအော်ပြီး ပြေးလာခဲ့တယ်။ ဒီတော့မှ ဖိုးပေါက်ကို ရွာသားများက ဆီးဖမ်းပြီး…

''ဖိုးပေါက်‥ ဖိုးပေါက်… ဘာတွေအော်နေတာလဲ''

''မကောင်းဆိုးဝါးဟာ သင်္ချိုင်းထဲက ထွက်လာတော့မယ်''

''မင်းက မကောင်းဆိုးဝါးကို တွေ့လိုက်လို့လား''

''တွေ့တာပေါ့… ကျုပ်ရဲ့ အမဲသားတွဲကြီးကိုတောင် ခဲ့သွားသေးတယ်''

''ဟဲ့… မကောင်းဆိုးဝါးဆိုပါလား''

''သေချာအောင် မေးစမ်းပါဦးဟယ်''

''ဟဲ့… ဖိုးပေါက်ကို သူ့အိမ်ခေါ်သွားပြီးမှ အေးအေးဆေးဆေး မေးကြတာပေါ့''

''ကောင်းပါတယ်''

ဖိုးပေါက်ကို သူ့အိမ်သို့ ခေါ်သွားခဲ့တယ်။

''ကဲ… ကဲ… ဖိုးပေါက်ကို ရေတိုက်ကြပါဦး''



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့... မင်းက ဘာ့ကြောင့် သွေးစုတ်ဖုတ်ကော
ကြီးလို့ ပြောတာလဲ"

"အမဲသားတွဲက သွေးတစ်စက်စက်ကျနေတာ
အဲဒါကို လှမ်းဆွဲတာများ လျှင်လိုက်တာ ဘယ်လိုပါလို့ ပါသွ
မှန်းတောင် မသိဘူး။ နောက်ပြီး အမဲသားတွဲကို စားတာမျ
ကြွိ ကြွိ... ကြွိ ကြွိနဲ့ ဒီလိုသွေးသံရဲရဲကိုစားတာ မကော
ဆိုးဝါးမဟုတ်လို့ ဘာဖြစ်မှာလဲဗျ"

"မင်းပြောတော့ ခွေးနက်ကြီးဆို"

"ပထမတွေ့တုန်းက ခွေးနက်ကြီးပဲ၊ နောက်မှ ေ
ယောင်ဆောင်လိုက်တာနေမှာပေါ့"

"သရဲထက်ပိုပြီး ကြောက်ဖို့ကောင်းတာပေါ့"

"ဟုတ်တယ် သရဲကတော့ ကြောက်ရုံ၊ လန့်
ခြောက်တာပေါ့"

"ဒါတင်မကသေးဘူး။ သူက သင်္ချိုင်းက မြေပုံထဲ
ထွက်လာတာဖြစ်မယ်။ ကျွန်တော့်ဆီက အမဲသားကိုလုပြီးတေ
မြေပုံထဲကို ပြန်ဝင် အမဲသားတွဲကို စားတာဗျ"





"ဟာ... ဒီလိုလား"

"အဲဒီအမဲသားတွဲကို စားပြီးရင် ကျွန်တော့်ရဲ့ လည်ပင်း
ကသွေးကို စုတ်ယူမှာဗျ"

"ဟယ်... ကြောက်စရာကြီးပါလား"

"ဟုတ်ပါရဲ့ အမဲသားတွဲပါတာက အရေးမကြီးဘူး။
သူ့ရဲ့သွေးကိုစုတ်ရင် ဒုက္ခရောက်ကြမှာပေါ့"

"သူသွေးစုတ်ရင် လူတွေသေမယ်။ ဒါပေမယ့် ကျုပ်တို့
ရွာသားက လူသေတာ သွေးစုတ်ဖုတ်ကောင်ကြောင့်မှန်း သိမှာ
မဟုတ်ဘူး"

"ဒါဆို... ကြောက်စရာကြီး"

သည်လိုနှင့် သင်္ချိုင်းကုန်းတွင် သွေးစုတ်ဖုတ်ကောင်
ရှိတယ်ဆိုတဲ့ သတင်းဟာ တမဟုတ်ချင်း ပျံ့နှံ့သွားခဲ့တယ်။
ဂိုကမှ သင်္ချိုင်းပစ္စည်း မျောပါလာလို့ ကြောက်ရတဲ့အထဲမှာ
သွေးစုတ်ဖုတ်ကောင်ကြောင့် တစ်မှောင့်ဖြစ်လာခဲ့တယ်။

"ကဲ... ရေသောက်လိုက်ဦး"

"ဟုတ်ကဲ့"

အိမ်ရောက်ရောက်ချင်း ရေတိုက်လိုက်တယ်။ ဖိုးပေါက်



www.burmeseclassic.com

www.burmeseclassic.com



လည်း အတော်ပင် အမောလည်းပြေ၊ အကြောက်လည်းပြေသွားတယ်။

"ကဲ... ဖိုးပေါက်... မင်း သွေးစုတ်ဖုတ်ကောင်ကြီးကို ဘယ်လိုတွေ့သလဲ ပြောပြပါဦး"

"အောင်မလေး... သွေးစုတ်ဖုတ်ကောင်ကြီးက မည်းနက်ပြီး နည်းတဲ့အကောင်ကြီး မဟုတ်ဘူး"

နဂိုကမှ ချဲ့ကားပြောတတ်တဲ့ အမူးသမားဖိုးပေါက်ဟာ စချီကတည်းက ခပ်ချဲ့ချဲ့ကလေး ပြောလိုက်တယ်၊ လူတွေကလည်း နည်းတဲ့အကောင်ကြီးဆိုတာနဲ့ ဘယ်နေရမှန်း မသိအောင် ကြောက်ရွံ့သွားတယ်။

"အဲဒီအကောင်ကြီးနဲ့ ဘယ်နေရာမှာ တွေ့တာလဲ"

"သင်္ချိုင်းကုန်းအစပ်မှာပေါ့ဗျာ။ အဲဒီမည်းမည်းကောင်က သင်္ချိုင်းကုန်အစပ်က ထွက်လာပြီးတော့ ကျွန်တော့်ဆီကိုလာတာများ အနီးလည်းရောက်ရော ခွေးနက်ကြီးဖြစ်သွားပြီး ကျွန်တော်ဆွဲလာတဲ့ အမဲသားတွဲကို ဇတ်ကနဲဆွဲလုပြီး ပြေးတော့တာပဲ"

"အဲဒီအကောင်ကြီးက ဘယ်ဘက်ကို ထွက်ပြေးလဲ"

"သင်္ချိုင်းကုန်းထဲ ဝင်ပြေးတာပေါ့ဗျာ"





"အေးပေါ့... သင်္ချိုင်းကုန်းမှာနေတဲ့ အကောင်ကြီး ဖြစ်မယ်"

"ဒါနဲ့ ကျွန်တော်လည်း အမဲသားတွဲကလည်းပါသွားတော့ နမြောပြီး နောက်ကပြေးလိုက်တာပေါ့ဗျာ။ ကျွန်တော်လည်း သင်္ချိုင်းထဲရောက် ဟိုဘက်တောစပ်နားက အုတ်ဂူပျက်ဆီကို ပြေးသွားတာဗျို့"

ဖိုးပေါက်က ဟန်နဲ့ပန်နဲ့ပြောလိုက်တဲ့အတွက် အားလုံးက စိတ်ဝင်တစားနဲ့ နားထောင်နေကြတယ်။

"သင်္ချိုင်းကုန်းမှာ သွေးစုတ်ဖုတ်ကောင်ရှိတယ်ဆိုရင် ကျုပ်တို့ သွားကြည့်ကြမယ်"

လို့ပြောသူကပြော...

"ညဘက်မှာ သင်္ချိုင်းကုန်းနား ဖြတ်တောင်မလျှောက်နဲ့" လို့ ဆိုသူကဆိုနဲ့။ ဒါပေမယ့်...

ဝင်းခေါင်တို့ ကာလသားတစ်သိုက်ကတော့...

"ဖိုးပေါက်ပြောတာတစ်ခုထဲနဲ့ လက်ခံလို့မဖြစ်ဘူး။ ကျုပ်တို့ သင်္ချိုင်းကို သွားကြည့်ကြမယ်"

"ဟုတ်တယ်၊ ဒါပေမယ့် ကောင်းကောင်းမြင်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းဘက်သွားကြည့်မှပဲ''

''ကောင်းတယ်၊ ကောင်းတယ်''

ဒီလိုနဲ့ ဖိုးပေါက်ပြောတဲ့ မြေပုံဆီကိုသွားဖို့ ဖိုးပေါက်က ခေါ်ခဲ့တယ်။

''ဟေ့ကောင် ဖိုးပေါက် မင်းလိုက်ပြမှ တို့သိမှာပေါ့''

''လိုက်ဆိုရင် လိုက်ခဲ့မယ်''

''ဒါဆို ဒီနေ့နေ့လည် ဆယ့်နှစ်နာရီလောက်မှာ သွားမယ်''

''အေး… ဟုတ်ပြီ''

ဒီနေ့ နေ့လည် ဆယ့်နှစ်နာရီမှာ ကာလသားခေါင်း ဝင်းခေါင်ရယ်၊ ကာလသားတစ်သိုက်ရယ်၊ ဖိုးပေါက်ရယ် သင်္ချိုင်းကုန်းကို သွားခဲ့ကြတယ်။

''ဟေ့ကောင် ဘယ်နားမှာလဲ''

''ဟောဟို အုတ်ဂူပျက်နားက မြေပုံသုံးခုပေါ့''

''မင်းပြောတဲ့မြေပုံက တောစပ်မှာပဲ''

''ဟုတ်တယ်၊ အဲဒီနေ့တုန်းက ရေစပ်စပ်တောင် ရှိသေးတယ်''





''ဒီနေ့တော့ ဘာဒီရေမှ မရှိဘူး။ ခြောက်သွေ့နေတာပဲ''

ပြောရင်းဆိုရင်း ဒီနေရာကို ရောက်ခဲ့တယ်။

''ဟိုနေ့ကတွေ့တာ ဘယ်မြေပုံလဲ''

''ဒီမြေပုံသုံးခုစလုံး ပွစိ… ပွစိနဲ့ အထဲကလည်း ကြွိကြွိ… ကြွိကြွိနဲ့ အမဲသားတွေကို ကိုက်စားနေတာ အဲဒီအသံကို အတိုင်းသားကြားရတယ်''

''ဟင်… အခုတော့ ဘာသံမှ မကြားရပါလား''

''ဟုတ်ပါရဲ့ မြေပုံကလည်း ပွစိ… ပွစိလည်း မဖြစ်ပါလား''

''မင်း မူးမူးနဲ့ လျှောက်ပြောနေတာ မဟုတ်လား''

''မူးတာက မူးတာပဲ။ ကျွန်တော် တကယ်ပြောတာ။ မြေကြီးတွေ ကြွတက်လာပြီး အထဲက သွေးစုတ်ဖုတ်ကောင်က ထွက်လာမလားလို့တောင် ထင်ရတယ်''

''အခုတော့လည်း ငြိမ်သက်နေလိုက်တာ မကောင်းဆိုးဝါးများ အိပ်နေသလားမသိဘူး''

ဝင်းခေါင်က ကာလသားများကို အရွန်းဖောက်ပြောလိုက်တယ်။ ဒီတော့ ကာလသားတစ်ဦးဖြစ်တဲ့ မောင်အေးက…



www.burmeseclassic.com

www.burmeseclassic.com



"ငါ... တစ်ခု စဉ်းစားမိတယ်"

"ဘာစဉ်းစားမိတာလဲ မောင်အေး"

"မကောင်းဆိုးဝါးဖြစ်ဖြစ်၊ သရဲဖြစ်ဖြစ် ညဘက်မှာမှထွက်မှာပေါ့။ နေ့ခင်းဘက်ခြောက်တဲ့သရဲလို့မှ သိပ်မရှိတာ"

"ဟုတ်တယ်... မောင်အေးပြောတာလည်း ဟုတ်တာပဲ"

"ဒါဆို ငါတို့ ညဘက်မှာ ထပ်ပြီးကြည့်ကြရင် မကောင်းဘူးလား"

"ကောင်းတယ်... ကောင်းတယ်"

"ဒါဆို ဘယ်နေ့ည သွားမလဲ"

"မနက်ဖြန်ည ဆယ်နာရီမှာသွားမယ်"

"ကောင်းပြီ စိမ်လိုက်"

* * *





အခန်း (၆)

## ပရလောကသား

သည်နေ့ည...

လအကွေးကလေး... ရေးရေးပေါ်တဲ့ သုံးရက်ညနဲ့ချက်စလလေး ပေါ်ထွန်းလာတဲ့ည... လအခြမ်းကလေးမို့ လရောင်ဟာ မလင်းတစ်လှည့် လင်းတစ်လှည့်... ညဉ့်ဆယ်နာရီကျော်ကျော်မှာ...

ဝင်းခေါင်၊ ဖိုးပေါက်နဲ့ ကာလသားတစ်သိုက်ဟာ လက်နှိပ်ဓာတ်မီးကိုယ်စီနဲ့ သချိုင်းကုန်းဆီကို လျှောက်လာခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းကုန်းအဝင်မှာ... မည်းမည်းမြင်လို့ ခွေးအုပ်စုက ဟောင်လိုက်တယ်။

"ဝုတ်"

"ဝုတ်"

"ဝုတ်"

"ဟဲ့... ခွေး"

"ဟဲ့... ခွေး"

ဝင်းခေါင်က ခြုံပုတ်က သစ်ကိုင်းလေးကိုချိုးပြီး ကိုင်လာခဲ့တယ်။ ပြီးတော့ အနီးပတ်ဝန်းကျင်ကို လက်နှိပ်ဓာတ်မီး တဝင်းဝင်းနဲ့ ထိုးကြည့်ခဲ့ကြတယ်။

သချိုင်းကုန်းကိုတော့ သုံးရက်လရဲ့ လရောင်အလင်းကြောင့် မသဲမကွဲ မြင်နေရတယ်။ အဲဒီအချိန်မှာ...

"ဗုံ"

"ဗုံ"

"ဗုံ"

ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

"ရှူး... တိုးတိုး"



"ဗုံတီးသံလိုလို ကြားရတယ်"

ဝင်းခေါင်က စတင်ပြောလိုက်တယ်။

"ဟုတ်တယ် တစ်ခုခုတီးတဲ့ အသံမျိုးပဲ"

"ဟိုဘက် တောစပ်နားက အသံဖြစ်ပုံရတယ်"

"အဲဒီနားကို သွားကြည့်ရအောင်"

"ခြေသံလုံလုံနဲ့ သွားမှဖြစ်မယ်"

"ဖိုးပေါက်ပြောတာ မှန်တယ်"

"ဓာတ်မီးလည်း အရမ်းမသုံးနဲ့ လိုအပ်မှသုံးဟေ့"

"ဟုတ်ကဲ့"

အားလုံး စည်းဝါးကိုက်ကာ မှောင်ရိပ်အတွင်းမှ သချိုင်းအစွန်ရှိ တောစပ်သို့သွားခဲ့တယ်။ ၄င်းတို့အုပ်စုဟာ သချိုင်းကုန်းရှိ အလယ်လမ်းအတိုင်းသွားရာ မြေပုံများ၊ အုတ်ဂူများကို ကျော်ဖြတ်ခဲ့တယ်။

"ဗုံ"

"ဗုံ"

"ဗုံ"

ဗုံတီးသကဲ့သို့ အသံဟာ ယခင်ကထက် ပိုပြီးကျယ်



www.burmeseclassic.com

www.burmeseclassic.com



လောင်လာခဲ့တယ်။ ဒီအသံကြောင့် ဝင်းခေါင်တို့ ကာလသား တစ်သိုက် ပိုပြီး စိတ်ဝင်တစားဖြစ်လာခဲ့တယ်။

အမှောင်လမ်းမှာ စမ်းတဝါးဝါးနဲ့ တောစပ်ကိုလျှောက် လာခဲ့တယ်။ တဖြည်းဖြည်းနဲ့ အုတ်ဂူပျက်နားကို ရောက်လာတဲ့ အခါ အသံတွေဟာ ပိုပြီး ကျယ်လောင်လာတယ်။ ဒါကြောင့် အသံလာရာ တောစပ်ကိုကြည့်လိုက်တဲ့အခါမှာ…

ခြုံနွယ်ပိတ်ပေါင်းတွေရဲ့ကြားမှာ မည်းမည်းသဏ္ဌာန် တစ်ခုဟာ တစ်စုံတစ်ခုကို တီးခတ်နေတာ တွေ့လိုက်ရတယ်။

"မည်းမည်းကြီးက တစ်ခုခုကို တီးနေတယ်"

"ဟုတ်တယ် မည်းမည်းစောင်ကြီးကို ခြုံထားသလိုပဲ"

"ရှည်မျောမျော သေတ္တာတစ်ခုကို တီးနေသလိုပဲ"

"ကလေးငယ်ရဲ့ ခေါင်းတလားကို အရိုးနဲ့တီးနေသလား မသိဘူး"

"ဟုတ်မယ်… ဒါဟာ ဖိုးပေါက်ပြောတဲ့ သွေးစုတ် ဖုတ်ကောင် ဖြစ်ရမယ်"

"ဒီကောင်ကို လက်ရဖမ်းကြမယ်"

"ဖမ်းရအောင် ငါတို့မှာ ဘာလက်နက်ပါလို့လဲ"





"အေးကွာ… တော်ကြာ ငါတို့ကို ဖမ်းဆွဲထားပြီး ကိုက်စားမှ ဒုက္ခပဲ"

"ဘာပဲဖြစ်ဖြစ် သူ့ကို သေသေချာချာတွေ့ရအောင် လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ကြမယ်"

"ငါတို့နဲ့ တော်တော်လှမ်းသေးတယ်။ လက်နှိပ်ဓာတ်မီး နဲ့ထိုးတောင် မဖြစ်နိုင်သေးဘူး"

"သူနဲ့ နီးနီးသွားကြည့်လို့ ဘယ်ဖြစ်မလဲ"

"ဟုတ်တယ်၊ နာနာဘာဝဆိုတာ ချက်ချင်း ငါတို့အနီးကို ရောက်နိုင်တယ်"

"ဒါဆို ဒီနားကပဲ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ရအောင်"

ကိုက်တစ်ရာကျော်ကျော်ခန့်ဝေးသော မည်းမည်း ကောင်ကြီးရှိတဲ့နေရာဆီသို့ မှန်းကာ လက်နှိပ်ဓာတ်မီးနှင့် လှမ်း ထိုးကြည့်လိုက်တယ်။

အမှောင်အတွင်းမှာ လက်နှိပ်ဓာတ်မီးရဲ့ အလင်းရောင် များဟာ သင်္ချိုင်းကုန်းအတွင်း လင်းလက်သွားခဲ့တယ်။

မကြာခင်မှာ…



www.burmeseclassic.com

www.burmeseclassic.com



"ဗုံ"

"ဗုံ"

ဆိုတဲ့ တီးခတ်သံ ပျောက်ကွယ်သွားခဲ့တယ်။

"ဟော... ဗုံသံတော့ ပျောက်သွားပြီ"

"မည်းမည်းကောင်ကြီးပါ ပျောက်သွားပြီ"

"လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ပါဦး"

"မတွေ့တော့ဘူး"

"ဒါဆို တို့တတွေ အဲဒီနားကို သွားကြည့်ရအောင်"

"သွားတာက အရေးမကြီးဘူး။ အန္တရာယ်ဖြစ်မှာစိုး ရတယ်"

"ဘာပဲဖြစ်ဖြစ် အဲဒီနေရာကိုတော့ သွားကြည့်ကြမယ်၊ ငါက ခေါင်းဆောင်လုပ်ပြီး သွားမယ်"

"သွားကွာ၊ ဒါဆိုရင် ငါတို့က နောက်ကလိုက်ခဲ့မယ်"

ဝင်းခေါင်က ခေါင်းဆောင်ကာ ထိုနေရာဆီကို ခပ်ဖြည်း ဖြည်းသွားခဲ့ကြတယ်။ သူတို့အုပ်စုဟာ တောစပ်နားကို ရောက် လာခဲ့တယ်။

"ကဲ... ခုနက သွေးစုတ်ဖုတ်ကောင်ကြီးကို မြင်လိုက်ရ





ဘဲ့နေရာကို ရောက်လာပြီ"

"အေးလေ... အခုတော့ ဒီနေရာမှာ ဘာမှမတွေ့ ရဘူး"

"သွေးစုတ်ဖုတ်ကောင် စောင့်ခြုံထားတာ သေသေ ချာချာတွေ့ပါရက်နဲ့ ပျောက်သွားတာ နာတယ်ကွာ"

"ငါထင်တာတော့ ကလေးမသာအခေါင်းကိုတီးပြီး ရွာထဲကလူတွေသေအောင် လုပ်နေသလားမသိဘူး"

"အေးကွာ... ဘာမှမတွေ့ရတော့ ဘာလို့ထင်ရမှန်း တောင် မသိဘူး"

"အေးကွာ... ဘာမှမတွေ့ရတော့ ဘာလို့ထင်ရမှန်း တောင် မသိဘူး"

"အေး... ဒါနဲ့... ဖိုးပေါက်ပြောတဲ့ မြေပုံ ပွစိ...ပွစိ ဖြစ်နေတယ်ဆိုတာကို သွားကြည့်ရအောင်"

"ဟုတ်တယ်... ဟုတ်တယ်။ ငါတို့လာတာ အဲဒီမြေပုံ ကြည့်ဖို့လာတာ"

"အဲဒါက... ဟိုဘက်မှာ"

"ကဲ... အဲဒီနားကို သွားကြည့်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်လာရှာသည်မှာ မြေကြီးပွနေသော မြေပုံကြီးဆီသို့ဖြစ်၍ ၄င်းတို့အုပ်စုဟာ... ဖိုးပေါက် ခေါင်းဆောင်ရာ နောက်သို့ လိုက်လာခဲ့ကြတယ်။

တဖြည်းဖြည်း တောင်ဘက်သို့ ပြန်လျှောက်လာခဲ့ရာ အုတ်ဂူပျက်များနဲ့ မြေပုံရှိရာသို့ ရောက်လာခဲ့တယ်။

"ငါတွေ့တဲ့ မြေပုံတွေက အဲဒီမြေပုံတွေပဲ"

ဖိုးပေါက်က မြေပုံတွေကို လက်ညှိုးထိုးပြလိုက်တယ်၊ ကာလသားအားလုံးက မြေပုံတွေကို သေသေချာချာ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တယ်၊ မြေပုံတွေရဲ့အနီးမှာ ဟိုတစ်နေ့က တွေ့ခဲ့သလို ရေအိုင်တွေလည်းမရှိတော့ ခြောက်သွေ့နေတယ်။

"မြေပုံကလည်း ဘာမှလှုပ်ရှားမှုမရှိဘူး"

"ဟုတ်တယ်၊ နဂိုအတိုင်းပဲ"

"ဖိုးပေါက်...မင်းပြောတော့ မြေကြီးက ပွစိပွစိ ဖြစ်နေတာဆို"

"အေး...ငါက သေသေချာချာတွေ့တာ"

"မင်း မူးနေတာနဲ့ မြေကြီးတွေပါ ချာချာလည်ပြီး ပွစိပွစိ ဖြစ်နေတယ်လို့ထင်တာဖြစ်မယ်"





"ဟုတ်မယ် ဒီကောင်က ရူးကြောင်မူးကြောင်နဲ့"

"ငါထင်တာတော့ ခုနကတွေ့ရတဲ့ မည်းမည်းကြီးဟာ ဒီမြေပုံထဲက ထွက်သွားတဲ့ မကောင်းဆိုးဝါးကြီးနေလိမ့်မယ်၊ သူထွက်ခါနီးမှာ မြေကြီးတွေ ပွတက်လာတာ ဖြစ်မှာပေါ့၊ အခုတော့ သူက အပြင်ရောက်ပြီး ဆိုင်းတောင်တီးနေပြီ၊ ဒါကြောင့် မြေပုံတွေက ပကတိအနေအထားအတိုင်း ဖြစ်နေတာဖြစ်မှာပေါ့"

"အေးကွာ-ဖိုးပေါက်ပြောတာလဲ ဖြစ်နိုင်တယ်၊ မည်းမည်းကောင်ကြီးကို ငါတို့သေသေချာချာ တွေ့ရတာပဲ"

"ဟုတ်တယ်-ဒါတော့ အားလုံးတွေ့လိုက်ရတဲ့ မြင်ကွင်းပဲ၊ အဲဒီကောင်က သွေးစုတ်ဖုတ်ကောင် ဖြစ်နိုင်တယ်"

သင်္ချိုင်းကုန်းမှာ တစ်ယောက်တစ်မျိုး အမျိုးမျိုးထင်ကြေးပေးနေခဲ့ကြတယ်၊ ဒီလိုပြောရင်း သွေးစုတ်ဖုတ်ကောင်များ ပြန်လာလေမလားလို့ စောင့်နေခဲ့တာ တဖြည်းဖြည်း သန်းခေါင်ယံအချိန်သို့ ရောက်ခဲ့ပြီ။

"အူး"

"အူး"



www.burmeseclassic.com

www.burmeseclassic.com



"အူး"

ဆိုတဲ့ ခွေးအူသံများဟာ သင်္ချိုင်းမြေရဲ့ တိတ်ဆိတ်ခြင်း ကို ဖြိုခွင်းလိုက်တယ်၊ အကာလညဉ့်သန်းခေါင်ယံရဲ့ ခြောက်ချား ဖွယ်ခွေးအူသံများကြောင့် ကာလသားတစ်သိုက်လည်း ကြောက် လာခဲ့ကြတယ်။

"ကဲ...ဒီမှာထိုင်စောင့်နေလို့တော့ အကျိုးမထူးဘူး"

"ဟုတ်တယ်...မကောင်းဆိုးဝါးလည်း ပြန့်မပေါ်လာ တော့ဘူး"

"ပြန်ကြပါစို့ကွာ"

"အေးကွာ"

မြေပုံသွားကြည့်ကြတဲ့ကာလသားတစ်သိုက်ဟာ သင်္ချိုင်း မြေမှ ထွက်ခွာလာခဲ့ကြတယ်။

နောက်တစ်နေ့မှာတော့ ...

ကာလသားတစ်သိုက် ထန်းရည်သောက်ရင်း မနေ့ညက သင်္ချိုင်းသို့သွားရာ မကောင်းဆိုးဝါးကောင်လိုလို မည်းမည်း ကောင်ကြီးကို တွေ့တဲ့အကြောင်းတွေ ပြောခဲ့ကြတယ်။





ဖိုးပေါက်က တစ်ဝိုင်း...။

ဝင်းခေါင်က တစ်ဝိုင်း...

"မနေ့ညက သင်္ချိုင်းကုန်းထဲသွားတာ မည်းမည်းကောင် ကြီးက ကလေးမသာခေါင်းကို တီးနေတာ တွေ့ရတယ်"

"ဟေ-ဟုတ်လား အဲဒါသွေးစုတ်ဖုတ်ကောင်ကြီး ဖြစ်မယ်"

"မကောင်းဆိုးဝါးကောင်ဆိုရင် ကျုပ်တို့ရွာသားတွေ သတိထားနေမှဖြစ်မယ"

"ဟုတ်တယ်...ဟုတ်တယ်"

"ဖိုးပေါက်တုန်းကလည်း အမဲသားတွဲကြီး ဆွဲသွား တယ်"

"ဒါတင်ဘယ်ကမလဲ ညဘက်ညဘက် ခွေးတွေအူလို့ ထခြောင်းကြည့်တော့ ကုလားပုတို့ ဒေါ်ပုမတို့ရဲ့ ဝိညာဉ်တွေဟာ လျှောက်သွားနေတာ တွေ့ရသတဲ့"

"အဲဒါဆိုရင် ရွာထဲမှာ လူတွေ သေကြဦးမယ်ထင် တယ်"

အဲဒီစကားဝိုင်းမှတစ်ဆင့် ရွာထဲကို အဲဒီစကားတွေပျံ့



www.burmeseclassic.com

www.burmeseclassic.com



လွင့်လာတယ်၊ ရွာသူရွာသားတွေကပဲ ကံဆိုးလို့လား…သူတ
ပြောသလို တစ်ခုခုကြောင့်လား ဆိုတာ အတတ်မပြောနိုင်ပေမယ့်
ရွာထဲမှာ တစ်လအတွင်း လူသုံးလေးယောက် သေခဲ့တယ်၊

နောက်ပြီး ခွေးတွေ အူလွန်းတယ်။

ငှက်ဆိုးထိုးသံတွေကလည်း တဂစ်ဂစ်…။

ဖုတီးသံလိုလို အခေါင်းခေါက်သံလိုလို။

ဘာမှန်းမသိတဲ့ အသံတွေကြားနေရတယ်။

ရွာသူရွာသားတွေဟာ လူတွေ ခဏခဏသေနေ
ကိုယ့်အလှည့် ဘယ်တော့ရောက်မလဲဆိုတဲ့တွေးပြီး လန့်
ကြတယ်။

တစ်ချို့ရွာသူရွာသားတွေဟာ ဒီရွာမှာနေရမှာတော
ကြောက်လန့်ပြီး တခြားရွာကို ပြောင်းသူက ပြောင်းကြတယ်

ဒီလိုနဲ့ ဒီသတင်းဟာ တစ်ရွာလုံး ပျံ့နှံ့သွားတယ်
မကောင်းဆိုးဝါးကောင်ဆိုတဲ့ ဝေါဟာရကို သူတို့ဟာ အရင်ဆ
ကြားဖူးခြင်းပဲဖြစ်တယ်။

သွေးစုတ်ဖုတ်ကောင်ဆိုတာ ဘာလဲ…။

ဘယ်လောက်ကြောက်စရာကောင်းသလဲလို့တစ်ယော





တစ်ယောက်တွေ့ရင် မေးကြတဲ့မေးခွန်းဖြစ်လာတယ်။

"ကျုပ်တို့တော့ ဖုတ်တို့ သရဲ တစ္ဆေပဲ ကြားဖူးပါ
တယ်"

"အဲဒီစကားကို ဖိုးပေါက် စပြောတာပဲ"

"ဒါဆို ဖိုးပေါက်ကို မေးကြည့်မှပဲ"

ဒီပြဿနာက ဖိုးပေါက်ဘက်ကို လှည့်လာတယ်။

ဖိုးပေါက်ကလည်း ဘယ်ရမလဲ နဂိုကမှ အကြွားဘက်
မှာ နာမည်တစ်လုံးနဲ့နေလာတဲ့သူပဲ အချီးမှာဝိနှာ…။

"သွေးစုတ်ဖုတ်ကောင်ဆိုတာ ပြိတ္တာအမျိုးအစားပေါ့၊
နာဘာဝထဲမှာပါတယ်၊ ဒါပေမယ့် အဆင့်မြင့်နာနာဘာဝပေါ့"

"နာနာဘာဝက အဆင့်မြင့်နာနာဘာဝလို့ ရှိလို့လား"

"ရှိတာပေါ့-သရဲတစ္ဆေဆိုတာ ခြောက်လှန့်ရုံ ခြောက်
န့်တာ၊ လူတွေက သူတို့ကိုကြောက်လန့်ပြီး အကြောက်လွန်
သေတာ၊ သူတို့က ဘာမှလုပ်တာမဟုတ်ဘူး"

"ဩော်…ဒီလိုလား"

"သွေးစုတ်ဖုတ်ကောင်ကျတော့ ဒီလိုမဟုတ်ဘူး၊
ဒီစကုတ်ထဲမှာ တွေ့တယ်မဟုတ်လား၊ မြေပုံကြီးက ပွစိပွစိ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပွလာပြီး အခေါင်းကြီးပေါ်လာတယ်၊ အဲဒီအခေါင်းကြီးထဲမှာ သွေးစုတ်ဖုတ်ကောင်ကြီးဟာ အစွယ်ကြီးနဲ့လက်သည်းအရှည်ကြီး နဲ့ထလာပြီး ညအခါမှာ လူတွေရဲ့အိမ်ကိုဝင်လိုက်တယ်။ အိပ်နေတဲ့လူတွေ လည်ပင်းကိုကိုက်ပြီး သွေးစုတ်တော့တာပဲ၊ အဲဒီလူဟာ နောက်နေ့မှာ လည်ပင်းမှာအပေါက်ဖြစ်ပြီး သေနေတော့တာပဲ''

''ဟုတ်တယ် ဟုတ်တယ် ဘိုင်စကုတ်ထဲမှာ တွေ့ဖူးတယ်''

''အခုလည်း ကျွန်တော့်လက်ထဲက သွေးစက်လက်ကျနေတဲ့အမဲသားကို ခွေးယောင်ဆောင်ပြီး ဆွဲသွားတာဗျာ''

''တော်ပါသေးရဲ့ ကျုပ်တို့ရွာမှာ လည်ပင်းမှာ အစွယ်ရာနဲ့သေတဲ့မသာ မရှိသေးဘူး''

သည်လိုပြောကြဆိုကြ ဝေဖန်ကြ လုပ်နေတုန်းမှာ…

မယ်ဖော့ရဲ့ပြဿနာက ဝင်လာခဲ့တယ်။

မယ်ဖေါ့တို့အိမ်က မြစ်ကမ်းစပ်နဲ့နီးတယ်။

ဖြစ်ချင်တော့ ဒီရေနဲ့အတူ မြွေဆိုးတစ်ကောင် ပါလာတယ်။ မြွေဆိုးကလည်း မယ်ဖေါ့ရဲ့အိပ်ယာထဲမှာ ဝင်ခွေနေခဲ့





တယ်။ ညအိပ်ရာဝင်ချိန်မှာ …

အမှတ်တမဲ့နဲ့ မယ်ဖေါ့ဟာ ခေါင်းအုံးပေါ်ကို အိပ်ချလိုက်တယ်။

''အား''

မြွေဆိုးက ကိုက်မိကိုက်ရာ ကိုက်လိုက်ချိန်မှာ မယ်ဖော့ရဲ့လည်ပင်းကို ကိုက်လိုက်တယ်၊အိမ်သားတွေလည်း အခြားအခန်းမှာ အိပ်နေပြီမို့ မယ်ဖော့ရဲ့အဖြစ်ကို မသိခဲ့ဘူး။ မြွေဆိုးရဲ့အဆိပ်ဟာ ပြင်းလွန်းတာရယ်၊ ဦးနှောက်ကိုသွားတဲ့ သွေးကြောထဲကို အဆိပ်ကရောက်သွားတာမို့ မယ်ဖော့လည်း စကားတစ်ခွန်းတောင် မပြောနိုင်ဘဲ ''တုန်းခနဲ'' လဲသွားတယ်။

BURMESE CLASSIC .com

မနက်မိုးလင်းတော့…။

အိပ်ရာမှ မနိုးတဲ့မယ်ဖော့ကို အိမ်သားတွေက လှုပ်နှိုးလိုက်ရတယ်။

''မယ်ဖော့…မယ်ဖော့''

''ဟင်…မယ်ဖော့ကို ခေါ်လို့လဲ မရပါလား''

''ခေါင်းအုံးမှာလည်း သွေးတွေနဲ့''

''ဟဲ့…သေသေချာချာ ကြည့်ကြပါဦး''



www.burmeseclassic.com

www.burmeseclassic.com



"မယ်ဖော့ရဲ့လည်ပင်းမှာ အပေါက်ရာနှစ်ခု တွေ့တယ်"

"မယ်ဖော့ အသက်လည်းမရှူတော့ဘူး"

"ဒါဆိုရင် မယ်ဖော့ သေပြီနဲ့တူတယ်"

"ဟုတ်တယ် မယ်ဖော့ သေပြီ"

ရတ်တရက် မယ်ဖော့သေတဲ့သတင်းဟာ ဒီရွာတစ်ရွာလုံး ပျံ့နှံ့သွားတယ်။ မယ်ဖော့ဟာ ဖိုးပေါက်ရဲ့အဒေါ်ဝမ်းကွဲတော်တဲ့အတွက် မယ်ဖော့ရဲ့သတင်းကို ကြားလျှင်ကြားချင်း မယ်ဖော့ဆီကို အပြေးရောက်လာခဲ့တယ်။

"အဒေါ်မယ်ဖော့...ဘယ်လိုဖြစ်တာလဲ အဒေါ်ရယ်"

"နင့်အဒေါ်မယ်ဖော့ သေပြီ"

"ဘယ်လိုဖြစ်ပြီး သေရတာလဲ"

"ဟိုမှာ လည်ပင်းမှာ အစွယ်နှစ်ခုနဲ့ သွေးတွေထွက်ပြီး သေနေတာ တောင့်နေပြီ"

"အဒေါ်မယ်ဖော့ကို သွေးစုတ်ဖုတ်ကောင် ကိုက်သွားပြီ အရိုးလေးရဲ့"

"ဟယ်-ဟုတ်ပါ့မလား ငါကတော့ မြွေဆိုးခဲတာလို့ပဲ





ထင်တယ်"

"မြွေဆိုးခဲတာဆိုရင် အရိုးလေးတို့လည်း အဒေါ်ရဲ့ အော်သံကို ကြားမှာပေါ့"

"အေး...အော်သံကိုတော့ မကြားဘူး"

"ဒါဆို သေချာပြီ၊ ရွာထဲကိုဝင်လာပြီ အရိုးလေး"

"ကျုပ်တို့တော့ တစ်ခါမှ မကြားဖူးပါဘူး"

"ဘာပဲဖြစ်ဖြစ် အခု မယ်ဖော့သေပြီ၊ အလောင်းမြေကျဖို့လုပ်ကြမှ ဖြစ်မယ်"

ဖိုးပေါက်ရဲ့စကားကြောင့် မယ်ဖော့ရဲ့ သတင်းဟာ သည်ရွာတစ်ရာလုံးပျံ့နှံ့သွားခဲ့တယ်။

ညဘက်မှာ လူတွေကို လိုက်ပြီး သွေးစုတ်သတဲ့...။

အရင်တုန်းက သွေးစုတ်ဖုတ်ကောင်ဆိုတာ မယုံခဲ့ဘူး။ ဖိုးပေါက်က တစ်ယောက်တည်း တစ်ခါတွေ့တယ်၊ နောက် ခင်းခေါင်တို့အုပ်စုက သွေးစုတ်ဖုတ်ကောင်ကြီးဟာ အခေါင်းတလားကို ဖုံအမှတ်နဲ့တီးနေတယ်ဆိုပဲ...။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျုပ်တို့အိမ်ကို မလာအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ဒါဟာ တစ်ရွာလုံးနဲ့ဆိုင်တဲ့ ရပ်ရေးရွာရေးကိစ္စတွေ ဖြစ်လာပြီ"

"ဟုတ်တယ် ဒီကိစ္စကို ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး သူကြီးကို သွားပြောမှဖြစ်မယ်"

ဘကြီးဖြိုးတို့အုပ်စုဟာ သူကြီးအိမ်ကို သွားခဲ့ကြတယ်။

"ဘကြီးဖြိုးတို့အုပ်စု ဘယ်ကလှည့်လာတာလဲ"

"သူကြီးဆီပဲ လာခဲ့တာဗျို့"

"အကြောင်းကိစ္စတစ်ခုခုရှိပြီနဲ့တူတယ် လာပါလာပါ"

"ဟုတ်တယ် သူကြီးရေ့"

ပြောပြောဆိုဆို သူကြီးရဲ့အိမ်ရှေ့ခန်းမှာ နေရာယူခဲ့ကြတယ်။

"ကဲ...ဘကြီးဖြိုး ရေနွေးသောက်ပါဦး"

သူကြီးကတော် ဒေါ်အေးရှင်က ရေနွေးကြမ်းနဲ့ ဧည့်ခံလိုက်တယ်။





"ကဲ...သူကြီးရေ...မပြောမပြီး မတီးမမြည်ဆိုသလို ပြောစရာရှိလို့ လာခဲ့တာပဲ"

"ပြောပါ ဘကြီးဖြိုးရယ် ဘကြီးဖြိုးက ရပ်မိရပ်ဖပဲ ဘကြီးဖြိုးတို့ ပြောမှသိမှာပေါ့"

"ဟုတ်ပါတယ်သူကြီး အကြောင်းကတော့ ဒီလိုပါ၊ ရပ်ထဲရွာထဲမှာ အခုတလော ကျီးလန့်စာစားဖြစ်နေတယ်။ ဒီရေတက်ပြီး သင်္ချိုင်းပစ္စည်းတွေ မျောလာတဲ့အချိန်ကစပြီး လူတွေဆက်တိုက်သေလိုသေ၊ သရဲလိုလို၊ တစ္ဆေလိုလို သွေးစုတ်ဖုတ်ကောင်လိုလို ခြောက်လှန့်တာတွေ ရှိတယ်"

"ဟုတ်တယ်...ကျုပ်အိမ်က ကျုပ်တူလေးတောင် ရေနစ်သေသွားသေးတယ်။ ဒီကိစ္စကို ကျုပ်လည်း စနိုးစနောင့် ဖြစ်နေတာ"

သည်တွင် သူကြီးကတော်ကပါ စကားဝိုင်းမှာ ပါဝင်ဆွေးနွေးခဲ့တယ်။

"အခုတလော လူတွေပြောနေကြတာ ဖိုးပေါက်နဲ့ သွေးစုတ်ဖုတ်ကောင်နဲ့ တွေ့သလိုလို ပြောနေကြတယ်၊ အဲဒါ ရှင်တို့ရော ဘယ်လိုကြားသတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ့ါ သူကြီးကတော်ရယ် ကျုပ်တို့လည်းဒီအတိုင်း ကြားတာပဲ၊ ဝင်းခေါင်ကလည်း ပြောတယ်၊ အဝတ်မည်းကြီး ခြုံထားတဲ့ မကောင်းဆိုးဝါးကောင်ကြီးက အခေါင်းကိုတီး နေတာ တွေ့ရတယ်ဆိုလားပဲ"

"ဝင်းခေါင်တို့က မကောင်းဆိုးဝါးကောင်ကြီးကိုတွေ့ပြီး သိပ်မကြာဘူး မယ်ဖော့တစ်ယောက် လည်ပင်းမှာဒဏ်ရာနဲ့ အိပ်ရာထဲတင် လဲကျပြီး သေနေတယ်လေ"

"အဲဒါ မြွေဆိုးခဲတာဆို"

"မြွေဆိုးခဲတာလို့လည်းပြောရဲ့၊ မကောင်းဆိုးဝါးကောင် ကိုက်တာလို့လည်းပြောရဲ့ ဘာတွေကို ယုံရမှန်းတောင် မသိတော့ ပါဘူး"

"ဘာပဲဖြစ်ဖြစ် ကျုပ်ကသူကြီးဆိုတော့ ကျုပ်မှာ တာဝန် ရှိတယ်"

"ဟုတ်တယ် ရပ်ရွာအေးချမ်းဖို့ သူကြီးရဲ့တာဝန်ပဲ"

"ဒီတော့ ဒီကိစ္စ ဟုတ်မဟုတ် ကျုပ်စုံစမ်းမယ်"

"စုံစမ်းတာလည်း စုံစမ်းပေါ့...ဘကြီးဖြိုး ပြောချင်တာ ကတော့ စုံစမ်းဆဲကာလမှာ ဘုန်းကြီးတွေနဲ့ ရွာထဲမှာ ပရိတ်ရွတ်





ပြီး မကောင်းဆိုးဝါးတွေကို အရင်နှင်ထုတ်ရရင် မကောင်းဘူး လား"

"ဒါလည်း ကောင်းပါတယ်၊ ဒါကတော့ ဓမ္မနဲ့ ကားဆီး တာပေါ့"

"နောက်တစ်ချက်ကတော့ ကျုပ်တို့ရွာထဲ မကောင်း ဆိုးဝါးဝင်မလာနိုင်အောင် ဝင်လာရင်လည်း ချက်ချင်းသိရအောင် ကင်းစောင့်ကြရင် မကောင်းဘူးလား"

"ဒါလည်း သိပ်ကောင်းတဲ့အစီအစဉ်ပါပဲ"

"ဒါဆိုရွာလုံးကျွတ် လမ်းတိုင်းလမ်းတိုင်း ဘုန်းကြီးတွေ နဲ့ ပရိတ်ရွတ်မယ်၊ ပြီးရင် တောထုတ်ကြမယ်"

"ကောင်းတယ်...ဒီအစီအစဉ်ကောင်းတယ်"

"ဟုတ်တယ် ကျုပ်တို့လည်း ကင်းစောင့်မယ်"

အားလုံးရဲ့ သဘောတူညီချက်အရ ဆရာတော်ကြီးဆီကို သွားပြီးလျှောက်တင်ခဲ့ကြတယ်။ ဆရာတော်ကြီးက...

"ဥပါဒါန်အစွဲအလမ်းတွေဆိုတာ ပုထုဇဉ်လူသားတွေမှာ ရှိကြစမြဲပါပဲ၊ ဒီပရလောကမှာ နာနာဘာဝ ဝိနာဘာဝတွေလည်း ရှိကြတယ်၊ စိတ်စွဲလန်းမှုကြောင့် မရှိကိုလည်း အရှိထင်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ တစ်ခါတရံမှာ ပရလောကသားတွေကလည်း သူတို့ရဲ့ အစာအဟာရအတွက်ဖြစ်စေ အမျှအတန်းယူချင်လို့ဖြစ်စေ သူတို့ရဲ့ ရုပ်သဏ္ဌာန်ကိုမြင်အောင်ပြတာမျိုးလည်း ဖြစ်နိုင်တယ်''

''တင်ပါ့ဘုရား''

''ဒီတော့ အားလုံးသံသယရှင်းသွားအောင် ဘုန်းကြီးတို့က ကမ္မဝါညှပ်မယ်၊ ပရိတ်ရွတ်ပေးမယ်''

''တင်ပါ့ဘုရား''

ထိုနေ့ညနေမှာပဲ နှစ်ဆန်းတစ်ရက်နေ့မှာ ဘုန်းတော်ကြီးတွေ ပရိတ်ရွတ်တဲ့အတိုင်း လမ်းတိုင်းလမ်းတိုင်းမှာ ဘုန်းတော်ကြီးတွေဟာ ကမ္မဝါညှပ်ခြင်း၊ ပရိတ်ရွတ်ပေးခြင်းများကို ပြုလုပ်ပေးခဲ့တယ်။ ဘုန်းတော်ကြီးတွေ ပရိတ်ရွတ်အပြီးမှာ ရွာသူရွာသားများက သံပုံးများကို တုတ်နဲ့ရိုက်လိုက်တယ်။

''ဘုန်း''

''ဘုန်း''

''ဘုန်း''

''မကောင်းဆိုးဝါးများ ပရလောကသားများကို ဒီရွာက အလိုမရှိပါ၊ ဒါကြောင့် တောထုတ်တယ် သွားကြ သွားကြ''





သံပုံးတီးပြီး တောထုတ်လိုက်တာ တစ်ရွာလုံးကို ဆူညံသွားတော့တာပဲ၊ ရွာသူရွာသားများလည်း ဒီလို တောထုတ်လိုက်တဲ့အတွက် အတော်စိတ်အေးသွားခဲ့ကြတယ်။

* * *






www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

## မီးနေသည် အစိမ်းသေမ

ရွာထဲမှာ ပရိတ်ရွတ်ပြီးတဲ့နောက်ပိုင်းမှာ …။

ကြောက်လန့်ဖွယ်ရာ ခွေးအူသံများ၊ ငှက်ဆိုးထိုးသံများနဲ့ ပရလောကသားတွေရဲ့ ဗုံတီးသံတွေပါ ပျောက်ကွယ်သွားခဲ့တယ်၊ ဒီရွာကလေးဟာ အရင်ကထက်စာရင် တော်တော်ကလေး အေးချမ်းသွားခဲ့တယ်။

ဒါပေမယ့် …။

တစ်ခါတစ်ခါမှာ ပြဿနာဆိုတာ မခေါ်ဘဲနဲ့ရောက်လာတာမျိုး …။ သည်တစ်ခါ ပြဿနာကတော့ … မလှကြည်က စခဲ့တာ …။





မလှကြည်ဟာ ဖောင်သမားကိုမြမောင်ရဲ့ မိန်းမ …။

ကိုမြမောင် ဖောင်ထွက်နေစဉ်မှာ သူမဟာ ကိုယ်ဝန်အရင့်အမာကြီးနဲ့ ကျန်ခဲ့တယ်။

အခုတော့ ကိုမြမောင် ပြန်မရောက်သေးခင် ဗိုက်နာစပြုနေပြီ။ ဒါကြောင့် အရပ်လက်သည် ဒေါ်ပိုက်ကြီးကို ခေါ်ခဲ့တယ်။ သားဦးကလေးမို့လားမသိ ဗိုက်နာတာ တော်တော်ကြာတယ်။ ဒေါ်ပိုက်ကြီးကလည်း လက်သည်လုပ်လာတာ အနှစ်လေးဆယ်ကျော် အတွေ့အကြုံရှိခဲ့တယ်။

"အား…နာလိုက်တာ"

"သမီး…ဖြည်းဖြည်းညှစ်"

"အမလေး…နာလိုက်တာ"

"ဒီလိုပဲ … နာတာပဲသမီးရယ်"

"အမေ … လုပ်ပါဦး"

"မွေးတော့မယ်…မွေးတော့မယ်"

"ညှစ်"

"ညှစ်"

လက်သည်ဒေါ်ပိုက်ကြီးက အားသွန်ခွန်စိုက် မွေးပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"ဟော…ကလေးထွက်လာပြီ"

ပြောပြောဆိုဆို ဒေါ်ပိုက်ကြီးက ကလေးကို ဆွဲယူပြီး ချက်ကြိုးဖြတ်လိုက်တယ်။

"ဟယ်…ယောကျ်ားလေးဟ့၊ မြမောင်နဲ့တူတယ်"

"ဟုတ်လား…အဒေါ်"

မလှကြည်က အားပျော့စွာနဲ့ မေးလိုက်တယ်။

ကလေးမှာလည်း ရေမွှာပေါက်တာ တော်တော်ကြာပြီးမှ မွေးတဲ့အတွက် ရေမွှမ်းလို့ သိပ်ပြီးတောင် မလှုပ်နိုင်ဘူး။

"ကလေးက ငိုလည်းမငိုဘူး"

"ဟုတ်တယ် ရေမွှန်းထားပုံရတယ်"

ကလေးကြည့်ရတာ သိပ်ပြီးအခြေအနေ မကောင်းဘူး။

မလှကြည်မှာလည်း … ဝေါခနဲ သွေးတွေ သွန်လာတယ်။ လက်သည်ဒေါ်ပိုက်ကတော့ တတ်သလောက် မှတ်သလောက် ပြုစုခဲ့တယ်။ ကလေးမွေးပြီဆိုတော့ မီးနေသည်ကို ဆန္ဒင်းလိမ်းတာတို့ ကြပ်ထုပ်ထိုးတာတို့နဲ့ ပြုစုခဲ့တယ်။

မီးနေသည် မလှကြည်မှာ တစ်ကိုယ်လုံး ဆန္ဒင်းတွေနဲ့





ဝါထိန်နေတယ်၊ မွေးကင်းစကလေးကလည်း အသက်က ဖိုလှိုက် ဖိုလှိုက်…။

မလှကြည်ရဲ့မျက်နှာကလည်း မီးဖွားပြီးတာနဲ့ ဖောင်းကားလာတယ်။ အမှန်တော့ ကိုယ်ဝန်အဆိပ်တက်တဲ့ရောဂါပဲ၊ ဒါပေမယ့် ကျေးတောရွာဆိုတော့ ကိုယ်ဝန်အဆိပ်တက်တဲ့ရောဂါမှန်း မသိဘူး၊ ကိုယ်ဝန်အဆိပ်တက်တဲ့ရောဂါလို့ ပေါ်ပိုက်က မသိပေမယ့် မွေးဖွားပြီး မျက်နှာတွေ ခြေလက်အင်္ဂါတွေ ဖောင်းကားလာတယ်ဆိုရင် သေတတ်မှန်းတော့ ဒေါ်ပိုက်က သိတယ်။

"မလှကြည်ကို ဂရုစိုက်ကြပါဇော်၊ သူ့မှာ ဖောရောင်နေတယ်"

ဒေါ်ပိုက်က မလှကြည်ရဲ့ ကြီးဒေါ်ကြီးကို ပြောလိုက်တယ်။

"ဂရုစိုက်ပါတယ် ဒေါ်ပိုက်ရယ်၊ သူ့ယောကျ်ားကလည်း ဘယ်တော့ရောက်မယ်မှန်း မသိဘူး"

"ကျွန်မကလည်း မလှကြည်ဖောရောင်နေတာ သိပ်မကြိုက်ဘူး"

"သူ့ယောကျ်ားပြန်လာရင်တော့ မြို့ဆေးရုံမှာ သွားပြ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာပေါ့၊ အခုတော့ စားစရာမရှိလို့ ခေါင်းရင်းအိမ်က ငွေချေးပြီး စားရတယ်''

''ဟုတ်ပါတယ် ကျုပ်လည်းကလေးသာ မွေးပေးတာ လက်သည်ခတောင် တစ်ပြားမှမရသေးဘူး''

သည်လိုနှင့် သုံးရက်မြောက်နေ့တွင် ...၊

ကလေးငယ်ကလေးမှာ မွေးစမှပင် ရေမွှန်းတဲ့ဒဏ်ကြောင့် ကျန်းမာရေးချူချာလာပြီး ထိုနေ့၌ပင် သေဆုံးခဲ့တယ်။

သည်တွင် ... မလှကြည်မှာ အသက်မရှူတော့သော သားငယ်လေးအားကြည့်ပြီး ...။

''သားလေး...သားလေး သေပြီလား မသိဘူး''

''အဖြစ်ဆိုးလှချည့်လား သားလေးရဲ့''

သူမဟာ အနီးနဲ့ပတ်ထားတဲ့ သူ့ရဲ့သားလေးအလောင်းကို ပွေ့ပြီး အိမ်ရှေ့ထွက်ကာ

''ကျွန်မ သားလေးကို လာကြည့်ကြပါဦး''

''လုပ်ကြပါဦး အရပ်ကတို့ရေ''

သူမရဲ့ အော်ဟစ်သံကြောင့် အရှေ့အိမ် ဘေးအိမ်မှလူများ ထွက်လာကာ...၊





မလှကြည်ဆီကို လာခဲ့ကြတယ်။

''အစ်မတို့ ... ကျွန်မရဲ့ ကလေးကို ကြည့်ပေးကြပါဦး''

လို့ဆိုပြီး ကလေးအသေကလေးကို ပြခဲ့တယ်။

ကလေးကို ကြည့်လိုက်တော့ ကလေးက သေနေပြီ။

''ဟဲ့...မလှကြည် နင့်ကလေးက သေနေပြီ''

''ရှင်...ကလေးသေပြီ ဟုတ်လား''

''ဟုတ်တယ်''

''အစ်မရယ် ... ကျွန်မသမီးကလေးကို မကယ်နိုင်တော့ဘူးလား''

ပြောရင်းဆိုရင်း ငိုလည်းငိုရဲ့...။

မီးနေသည် မလှကြည်ဟာ ဆံနွင်းစိုစို တစ်ကိုယ်လုံးလိမ်းထားတဲ့ မျက်နှာဝါဝါကြီးနဲ့ ကလေးကိုပိုက်ပြီး ရွာလမ်းမတစ်လျှောက်ပြေးကာ...

''ကျွန်မရဲ့ကလေးကို ကယ်ပါဦး''

''ကျွန်မရဲ့ကလေးကို ကယ်ပါဦး''

လို့ ပြောဆိုခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မလှကြည်ရဲ့ဖြစ်အင်ကို ရွာသူရွာသားတွေက မကြည့်ရက်လို့ သူမကို ချော့မော့ ပြောဆိုခဲ့တယ်။

"သမီးရယ်...စိတ်ကိုထိန်းပါ၊ ဒီလိုအဖြစ်အပျက်မျိုးတွေဟာ ဖြစ်တတ်ပါတယ်"

မလှကြည့်ကတော့ ...

"အဟီး...ဟီး... ကျွန်မက ကံဆိုးလွန်းလှပါတယ်၊ ယောကျ်ားကလည်း ပြန်မလာသေးဘူး၊ အခု သားကလည်း သေပြီ၊ ကျွန်မ လူ့ပြည်မှာ မနေချင်တော့ဘူး"

"ဟဲ့...မလှကြည်ရယ် ဒီလိုစကားတွေမပြောကောင်းဘူး"

မလှကြည်ဟာ အရမ်းစိတ်ထိခိုက်သွားပုံရတယ်။

နဂိုကမှ ကိုယ်ဝန်အဆိပ်တက်နေလို့ ဖောရောင်နေတဲ့ မျက်နှာဟာ ပိုပြီး ဖောရောင်လာသလို သူ့ရဲ့မျက်နှာဟာ တင်းလာတယ်။ နောက်တော့ သူမဟာ ခေါင်းမူးဝေလာပြီး လောကကြီးတစ်ခုလုံး အမှောင်တွေဖုံးလွှမ်းကာ မြေကြီးပေါ်ကို လဲကျသွားတယ်။

"ဟယ်...မလှကြည် လဲကျသွားပြီ...လုပ်ပါဦး"





ဒေါ်လှယဉ်တို့အုပ်စုက မလှကြည်ကို ပွေ့လိုက်ကြတယ်၊ ပြီးတော့ သူမရဲ့အိမ်ကို သွားပို့ခဲ့ကြတယ်။

"ဆေးဆရာ သွားပင့်ချည်"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ရွာသားတစ်ချို့က ဆေးဆရာ သွားပင့်ခဲ့တယ်။

လဲလျောင်းနေတဲ့ မလှကြည်ကို ဗိန္ဒောဆရာကြီးက ကြည့်လိုက်တော့ မလှကြည်ဟာ မျက်လုံးကြီးပြူးပြီး သေနေပြီ။

"ဟင်..မလှကြည်က သေနေပြီပဲ"

"ဟုတ်ရဲ့လား ဆရာကြီးရယ်၊ ခုနကပဲ ကျွန်မတို့နဲ့ စကားပြောနေသေးတယ်"

"ဟုတ်တယ် အခုတော့ အသက်မရှိတော့ဘူး"

"ဟောတော့ ဒါဆို ဘယ်လိုလုပ်ကြမတုန်း"

"သူ့ယောကျ်ားလည်း ပြန်မလာသေးဘူး"

"ဒါဆိုရင် သူကြီးသွားပြောမှဖြစ်မယ်"

မလှကြည်ရဲ့ကိစ္စဟာ လွယ်မယောင်နဲ့ နက်ဆိုသလိုဖြစ်နေတယ်။ ဒါပေမယ့် အသုဘကိစ္စဖြစ်လေတော့ ယောကျ်ားလာမှသေမယ်လို့ သေမင်းနဲ့ ချိန်းလို့ရတာမှ မဟုတ်တာ...



www.burmeseclassic.com

www.burmeseclassic.com



သူကြီးရောက်လာပြီး မလှကြည်ရဲ့ အသုဘကို လာကြည့်တယ်၊ တစ်ကိုယ်လုံး ဆန္ဒင်းတွေ ဝါဝါထိန်ထိန်နဲ့ ဖောရောင်နေတဲ့မျက်နှာဟာ မြင်ရတဲ့သူတွေအတွက် စိတ်မချမ်းမြေ့ဘွယ်ဖြစ်တယ်။

"ကဲ…မလှကြည်ရဲ့ယောကျ်ားက မလာသေးပေမယ့် သူ့ ကလေးနဲ့ သူ့မိန်းမက သေနေပြီဆိုတော့ ကျုပ်တို့ကပဲ မြေကျ ဆွမ်းသွတ်တဲ့အထိ လုပ်ပေးရမှာပဲ"

"ဟုတ်ပါတယ် ငွေအားတတ်နိုင်တဲ့သူက ငွေအားပေါ့၊ လုပ်အားတတ်နိုင်တဲ့သူက လုပ်အားပေးကြတာပေါ့"

သူကြီးနဲ့ရွာသားများ တိုင်ပင်ခဲ့ကြတယ်။

မလှကြည်နဲ့ သူ့သားကလေးအလောင်းကို အိမ်ရှေ့ခန်းမှာ ပြင်ထားလိုက်တယ်။ သည်တွင် … သူကြီးက…။

"လူသေပြီဆိုတော့ အခေါင်းစပ်ဖို့လိုတယ်၊လက်သမားဆရာ ဦးဘအောင်ကို သွားခေါ်ချည်"

"ဟုတ်ကဲ့ သူကြီး"

လက်သမားဆရာကြီး ဦးဘအောင်ကို သွားခေါ်ခဲ့ကြတယ်၊ ဖြစ်ချင်တော့ ဦးဘအောင်က နေမကောင်းလို့ သူ့တပည့်





ဘာတီးကို အခေါင်းတိုင်းဖို့ လွှတ်လိုက်တယ်၊ ဘာတီးက နဂိုထဲကမှ ကျပ်မပြည့်တဲ့သူ…။

ဘာတီးက မလှကြည်တို့အိမ်ကို ရောက်လာခဲ့တယ်။

"ကဲ‥ဘာတီး …အခေါင်းလုပ်ဖို့ မင်းတိုင်းတော့"

"ဟုတ်ကဲ့"

ဘာတီးက ပေကြိုးထုတ်ပြီး မလှကြည်ရဲ့ အလောင်းရှိရာ သွားခဲ့တယ်။ ခေါင်းပိုင်းက စတိုင်းမယ်လို့ စိတ်ကူးပြီး မလှကြည်ရဲ့ဦးခေါင်းပိုင်းကို ကြည့်လိုက်တော့…။

"အမလေး …မျက်နှာကြီးက အကြီးကြီးပဲ နန္ဒင်းတွေ လိမ်းထားတာ ဝါထိန်ပြီး ကြောက်စရာကြီး"

ဘာတီး လန့်သွားခဲ့တယ်။

ဘာတီးက ခြေထောက်ဘက်ကိုဆက်ပြီး တိုင်းသွားခဲ့တယ်။

"အမလေး…ခြေထောက်ကြီးကလည်း အကြီးကြီးပဲ၊ တစ္ဆေဖြစ်ရင်တော့ ဒီထက်ခြေထောက်ပိုကြီးမလားပဲ"

ဖောင်းကားဖောရောင်နေတဲ့ ခြေထောက်ကြီးကိုကြည့်ပြီး ကြောက်လန့်စွာနဲ့ အတိုင်းယူလိုက်တယ်။ ဒါပေမယ့် မလှကြည်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့မျက်နှာကို သူ့မျက်လုံးထဲက မထွက်ဘူး…။

"မင်း…အခေါင်းပြီးတာနဲ့ သယ်လာခဲ့နော်"

လို့ မှာလိုက်တယ်။

"ဟုတ်ကဲ့ သူကြီး"

လို့ပြောပြီး အခေါင်းအတွက် အတိုင်းယူပြီး ပြန်လာခဲ့တယ်။

တာတီး ပြန်ရောက်လာခဲ့တယ်…။

သူ့ဆရာ ဦးဘအောင်က နေမကောင်းလို့…

"ဒီအခေါင်းတွေလောက်တော့ မင်းလုပ်နိုင်တယ်မဟုတ်လား"

"လုပ်နိုင်ရင် မင်းလုပ်လိုက်ပါ"

တာတီးလည်း အခေါင်းအတိုင်းအတာအတိုင်း အခေါင်းနှစ်လုံးကို လုပ်လိုက်တာ တစ်နေကုန်ပါပဲ…။

ညနေစောင်းမှ အခေါင်းနှစ်လုံး ပြီးသွားတော့တယ်။

တာတီးက…

"ဆရာကြီး အခေါင်းနှစ်ခုစလုံး ပြီးသွားပါပြီ"

"အေးဆောင်ကို ခေါ်ပြီး တစ်ယောက်တစ်လုံး ထမ်း





သွား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးရဲ့ အမိန့်အတိုင်း တာတီးနဲ့အေးဆောင်ဟာ အခေါင်းတစ်လုံးစီထမ်းပြီး မလှကြည်ရဲ့အိမ်ကို လာခဲ့တယ်။

အဲဒီအိမ်မှာ သူကြီးကို တွေ့လိုက်တယ်။

သည်တွင် သူကြီးက…

"[illegible]ဟာ…တာတီးတို့တောင် အခေါင်းယူလာပြီ၊ လာကြ [illegible]ကြ [illegible]ကို သယ်လာကြ"

[illegible]းတယ်

"အေး…မင်းတို့လာတာနဲ့ အတော်ပဲ၊ ဒီအိမ်မှာ စောင့်မယ့်သူ သိပ်မရှိလို့ မင်းတို့နှစ်ယောက် စောင့်ပေးလိုက်ဦး"

"ဟုတ်ကဲ့ ခင်ဗျ"

"ကဲ…ဒါဆို ငါသွားလိုက်ဦးမယ်"

ပြောပြောဆိုဆို သူကြီးက ထွက်သွားတဲ့အတွက် တာတီးနဲ့အေးဆောင်ဟာ အသုဘအိမ်မှာ သောင်တင်နေခဲ့တယ်။

အေးဆောင်ဆိုတဲ့သူက နဂိုကမှ ဂဏာမငြိမ်တဲ့သူ…။

မလှကြည်ရဲ့ အလောင်းကြီးကိုကြည့်ပြီး…

"အလောင်းကြီးကလည်း ကြောက်ဖို့ကောင်းလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဖောင်းကားနေတာပဲ၊ ဟော့ကောင်တာတီး လာကြည့်စမ်း''

''ငါ့ကမနက်ကပဲ ကြည့်ပြီးပြီ၊ အခေါင်းတောင်တိုင်းပြီး လုပ်တာငါကွ''

တာတီးက ခပ်ကြွားကြွားလေး ပြောလိုက်တယ်။

ဒီတော့ အစအနောက်သန်တဲ့ အေးဆောင်က…။

''မင်း ဒီအလောင်းကို တိုင်းတုန်းက အခေါင်းတိုင်းချင် လို့ပါလို့ ခွင့်တောင်းသေးလား''

''ခွင့်မတောင်းပါဘူး ဘာဖြစ်လို့ ခွင့်[illegible]မှာလဲ''

''မင်းက အခုမှ အခေါင်းတိုင်းဘာဆုံ[illegible] နုသေးတယ် အခေါင်းတိုင်းမယ်ဆိုရင် မင်းတို့လို လူငယ်တွေက ခွင့်တောင်းရတယ်''

''ခွင့်မတောင်းတော့ ဘာဖြစ်လဲကွာ''

''ခွင့်မတောင်းရင် သူ့လိပ်ပြာက မင်းနားရောက်လာ ပြီး ခြောက်လှန့်မှာပေါ့''

''မယုံပါဘူး''

''မယုံရင် ဒီညစောင့်ကြည့်၊ မင်းဆီကို မီးနေသည်မ အစိမ်းသေ လာလိမ့်မယ်''





''နေစမ်းပါဦး မီးနေသည်ဆိုလည်း မီးနေသည်ပေါ့၊ အစိမ်းသေဆိုလည်း အစိမ်းသေပေါ့''

''မီးနေသည် သေတယ်ဆိုတာ အစိမ်းသေထဲမှာ ပါတယ်''

အေးဆောင်က ဟုတ်တာရော မဟုတ်တာရော သူ ထင်ရာ ပြောလိုက်တယ်။

''ဟုတ်ရဲ့လားကွာ…ညမှာခြောက်ရင်တော့ ဒုက္ခပါပဲ''

တာတီးက အေးဆောင်ရဲ့စကားကြောင့် နည်းနည်း လန့် သွားတယ်။ ဒီနေ့ညမှာ တာတီးတို့ အေးဆောင်တို့က တကယ်ပဲ ညမှာစောင့်အိပ်ရမယ့်သူတွေ ဖြစ်တယ်။

ညနေ ခြောက်နာရီထိုးလောက်မှာ ရပ်ထဲရွာထဲက ရပ်မိ ရပ်ဘတွေ ရောက်လာခဲ့တယ်။ သူတို့နောက်က ဝင်းခေါင်တို့ ဖိုးပေါက်တို့ ကာလသားအုပ်စုတွေ ရောက်လာတယ်။

သိပ်မကြာခင်အချိန်မှာ မှောင်မဲလာခဲ့ပြီ။

အသုဘအိမ်ဖြစ်လို့ အလင်းရစေဖို့ အောက်လင်းဓာတ်မီး ကြီးကို ထွန်းထားတယ်။ ဝင်းခေါင်တို့ ဖိုးပေါက်တို့အုပ်စုက တော့ နဂိုကမှ ဖဲကျိုးတွေဖြစ်လို့ ဝိုင်းဖွဲ့ပြီး ဖဲရိုက်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးပေါက်က ဖဲချိုးရင်း...

"အစ်မလှကြည်ရေ...လုပ်ပါဦး ကျွန်တော် ဖဲရှုံးနေလို့ နိုင်အောင်ကူပြီးကစားပေးပါဦး"

စ,သလို နောက်သလို ပြောလိုက်တယ်။

ဒီတော့ ဝင်းခေါင်ကလည်း...

"အစ်မလှကြည် ကျွန်တော့ကို အနိုင်ကူပြီး ကစားပေးပါ"

လို့ ပေါက်တတ်ကရ ပြောလိုက်တယ်။

ပြီးတော့ သူတို့အားလုံး ဖဲကစားခြင်းကို စိတ်ပါဝင်စားစွာ ကစားနေခဲ့တယ်။ အလောင်းရဲ့နဘေးမှာတော့ တာတီးနဲ့ အေးဆောင်က အလောင်းစောင့်ပေါ့။

တာတီးက ခပ်ကြောက်ကြောက်နဲ့ မလှကြည်ရဲ့ မျက်နှာကြီးကို လှမ်းကြည့်လိုက်တယ်၊ ဖောရောင်နေတဲ့မျက်နှာကြီးက ခပ်မဲ့မဲ့လို မြင်ရလို့ ကြောက်လန့်သွားပြီး ကြက်သီးတွေတဖျန်းဖျန်း ထလာတယ်။

ဖဲရိုက်တဲ့ သူတွေက ရိုက်ကောင်းနဲ့ရိုက်နေလိုက်တာ ညဉ့်သန်းခေါင်ကျော် အချိန်လောက် ရောက်လာပြီ။





တာတီးလည်း စောင့်ရင်း အိပ်ငိုက်လာတယ်။

အိပ်ငိုက်ချိန်မှာ ဖျတ်ခနဲ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ဆံနွယ်ဝါဝါနဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ မလှကြည်ဟာ ကလေးအလောင်းကို ပိုက်ပြီး...။

"ဟဲ့ကောင်လေး...ငါ့အလောင်းကို တိုင်းတန်းက ငါ့ကို ဘာကြောင့် ခွင့်မတောင်းတာလဲ"

လို့ အသံအက်အက်ကြီးနဲ့ ပြောလိုက်တယ်။

"ကျွန်တော် မသိလို့ပါ"

"မသိလို့ မရဘူး၊ ငါဟာ မင်းလုပ်တဲ့အခေါင်းထဲကို ဝင်ရတော့မယ်...ဒီတော့ မင်းလည်း ငါနဲ့အတူ သင်္ချိုင်းကို လိုက်ခဲ့ရမယ်"

"မလုပ်ပါနဲ့ အစ်မရယ်"

"မရဘူး...လိုက်ခဲ့ရမယ်"

ပြောပြောဆိုဆို တာတီးရဲ့လက်ကို လှမ်းဆွဲလိုက်တယ်။

တာတီးက လန့်ဖြန့်ပြီး...။

"မလိုက်ဘူး...မလိုက်ဘူး"

လို့ပြောပြီး အတင်းရုန်းကန်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတင် သူ့မျက်နှာဝါဝါကြီးကို ပြုံးပြလိုက်တာ လိပ်ပြာလွင့်သွားမတတ်ပါပဲ၊ ပြီးတော့ သူမရဲ့ လက်အေးကြီးနဲ့ ကိုင်လိုက်တာဟာ ရင်ထဲအသည်းထဲက အေးစိမ့်အောင် ကြောက်လန့်သွားခဲ့တယ်။ ဒါကြောင့် အတင်းရုန်းကန်ပြီး သူမရဲ့လက်ထဲက ဆောင့်ရုန်းလိုက်တာ လန့်နိုးသွားတယ်၊ ဒါပေမယ့် တာတီးရဲ့ နှုတ်က…

"မလိုက်ဘူး…မလိုက်ဘူး"

ဆိုတဲ့ အသံဟာ အကျယ်ကြီးထွက်လာလို့ ဖဲဝိုင်းက လူတွေတောင် လန့်သွားတယ်။

အဲဒီအချိန်မှာ အပုပ်နံ့ကလည်း ဟောင်နေအောင် အနံ့ထွက်လာတယ်။

"တာတီး…တာတီး ဘာဖြစ်လို့လဲ"

"အိပ်မက်ထဲမှာ အစ်မ မလှကြည် လိုက်ဆွဲနေလို့"

"မင်းကလည်း အလောင်းနားလာပြီး အိပ်ငိုက်နေသေးတယ်"

"သွား သွား…ဟိုမှာ သွားအိပ်"

တာတီးက ထလိုက်စဉ်မှာ သူ့ရဲ့ပုဆိုးမှာ အရည်တွေ





ရွဲနေတယ်။ ပုပ်စော် အရမ်းနံတယ်။

"ဟဲ့…တာတီး ပုဆိုးမှာ ဘာအရည်တွေပေနေတာလဲ"

"ဟုတ်ပါရဲ့ ဘာတွေလည်း မသိဘူး"

အခြေအနေအရပ်ရပ်ကို ကြည့်လိုက်တော့…။

အလောင်းစင်ပေါ်က အပုပ်ရည်တွေ စီးကျနေတာ တွေ့ရတယ်။ အဲဒီအပုပ်ရည်တွေဟာ တာတီးရဲ့ အောက်ပိုင်းမှာ စိုစွတ်နေတာ တွေ့ရတယ်။

"တာတီး…မင်းတော့ အပုပ်ရည်တွေ စိုကုန်ပြီ"

တာတီးက အောက်ပိုင်းကိုကြည့်ပြီး…

"အမလေးဗျာ…ဒုက္ခပါပဲ"

ကြောက်တာရော ရွံတာရော စုပေါင်းပြီး အော်လိုက်တယ်။

"သွား…သွား… ရေသွားချိုးချေ"

ညကြီးမင်းကြီး တာတီး ရေချိုးပစ်လိုက်တယ်။

တာတီးရဲ့ စိတ်ထဲမှာ မီးနေသည်ရဲ့ အပုပ်ရည်တွေကြောင့် မသတီသလို အိပ်မက်ထဲက မျက်နှာကြီးကို မြင်ပြီး အရမ်းလန့်သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ မလှကြည်ရဲ့ယောကျ်ား ပြန်ရောက်လာတယ်။ သူ့မိန်းမနဲ့ ကလေးဆုံးမှန်းသိရလို့ ဝမ်းနည်းကြေကွဲစွာ ငိုယိုမြည်တမ်းခဲ့တယ်။

"မလှကြည်ရယ် အဖြစ်ဆိုးလှချည်လား၊ အစ်ကို လာအောင်တောင် မစောင့်ပါလား အစ်ကို တစ်ယောက်တည်း ဘယ်လို နေရလဲ"

သူ့ယောကျ်ားက အရှုံးသဖွယ် အလောင်းကိုကြည့်ပြီး ငိုနေလေရဲ့။

တာတီးကတော့ အဲဒီနေ့ကတည်းက လန့်ဖျား ဖျားသွားခဲ့တယ်။

တာတီးက အဖျားတက်ပြီး သတိလစ်ချင်သလို ဖြစ်တဲ့အခါမှာ သူ့ရဲ့မျက်စေ့ထဲမှာ မီးနေသည်မ မလှကြည်ဟာ ကလေးသေကလေးကို ပိုက်ပြီး

"ဟီး…ဟီး…ဟီး"

"ဟဲ့ ကောင်လေး…အခေါင်းလုပ်တဲ့ကောင်လေး…နင့်အခေါင်းထဲကို နင်ဝင်ပြီး သင်္ချိုင်းကုန်းကို လိုက်ခဲ့"

"မလိုက်ဘူး…ဘာဖြစ်လို့ လိုက်ရမှာလဲ"





"နင်နဲ့ ငါနဲ့ လိပ်ပြာချင်းလဲမယ်၊ နင်အခု တစ်ခါတည်း သင်္ချိုင်းကုန်းကို လိုက်ခဲ့"

သူမဟာ ကြောက်မက်ဘွယ်ရာမျက်နှာဝါဝါကြီးကို ခဲ့ကာ ရွဲ့ကာပြောရင်း နဘေးနားမှာရှိတဲ့ အခေါင်းကြီးကို ထိုးပြပြီး ပြောလိုက်တယ်။

တာတီးက ကြောက်ကြောက်လန့်လန့်နဲ့…

"မလိုက်ဘူး…မလိုက်ဘူး" လို့ အော်ဟစ်လိုက်တယ်။

ဟဲ့…တာတီး ဘာတွေယောင်ပြီး အော်နေတာလဲ။

လက်သမားဆရာကြီးက လှုပ်နှိုးပြီးမေးလိုက်တယ်။ ပြီးတော့ အဖျားပျောက်အောင် ငန်းနီကျော်ဆေးတွေ တိုက်လိုက်တယ်။ သည်တွင် တာတီးက …

"ဆရာကြီးရယ်…ကျွန်တော့်မျက်လုံးထဲမှာ မီးနေသည်အစ်မ မလှကြည်က ကလေးလေးပိုက်ပြီး လာခေါ်နေတာတွေ့ရတယ်"

"မင်းက အဖျားကြီးနေတော့ ကယောင်ချောက်ချားတွေမြင်မက်တာပေါ့ကွာ၊ စိတ်မစွဲပါနဲ့"

"မစွဲပါဘူး ဆရာကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကဲ…မင်း…တရေးလောက် အိပ်လိုက်ဦး၊ချွေးထွက်ရင် ပျောက်သွားမှာပါ”

သည်လိုနဲ့ တာတီးဟာ လန့်ဖျား ဖျားတာ တစ်ပတ်လောက်ကြာသွားတယ်။

တာတီးတစ်ယောက် အဖျားပျောက်ပေမယ့် စိတ်က သိပ်ပြီးမှုမမှန်တော့ဘူး…အလုပ်ခွင်မှာ သူ့တစ်ယောက်တည်း သစ်သားကို ရွေဘော်နေတုန်း သူ့နားထဲမှာ…

“ဟဲ့ကောင်လေး…သင်္ချိုင်းကို နင်မလာသေးဘူးလား”

ဆိုတဲ့အသံကို ကြားလိုက်ရတယ်။

တာတီးဟာ ကြောက်လန့်တကြားနဲ့ လှည့်ကြည့်လိုက်တော့ မီးနေသည်မ မလှကြည်ကို မြင်လိုက်ရတယ်။

“ခင်ဗျား…မလာနဲ့ သွား…သွား”

သူဟာ ကြောက်လွန်းလို့ အစွမ်းကုန်အော်ဟစ်လိုက်တယ်။ ဒီအော်သံကို လက်သမားဆရာကြီးက ကြားတော့…

“ဟဲ့…တာတီး…မင်း ဘာဖြစ်နေတာလဲ”

“မလှကြည် လိုက်လာပြီး ခေါ်နေတယ်”

“မင်းကွာ … နေ့ခင်းကြောင်တောင်ကြီး မဖြစ်နိုင်





ပါဘူး”

“ဆရာကြီးရယ် ကျွန်တော် ညာမပြောပါဘူး အစ်မ မလှကြည်ကို ကျွန်တော် တကယ်ပဲမြင်နေရတယ်၊ ကျွန်တော့်ကို သင်္ချိုင်းကိုလာဖို့ကြီးပဲ ပြောနေတယ်၊ ကျွန်တော် ကြောက်တယ် ဆရာကြီးရယ်”

“မင်းတော့ လိပ်ပြာလန့်နေတာ ဖြစ်မယ်”

“လိပ်ပြာလန့်တာ မလန့်တာတော့ မသိဘူး၊ကျွန်တော်ဟာ နဂိုကတည်းက လူသေအလောင်းတွေ သွေးရဲရဲ သံရဲရဲ ကြောက်စရာကောင်းတာတွေကို မကြည့်ရဲဘူး။ ရုပ်ရှင်ထဲမှာ ကြောက်စရာကောင်းတဲ့အခန်းတွေကို ကြည့်ပြီးရင် ညမှာ အိပ်မက်ဆိုးတွေ မက်တတ်တယ်၊ အခုတော့ ဒီမိန်းမကြီးရဲ့ အလောင်းက အရည်တွေပေကတည်းက ကျွန်တော့်ရင်ထဲမှာ အရမ်းကို ကြောက်နေတာ”

“မင်း…စိတ်ကို ထိန်းပါကွာ”

“စိတ်ကို ထိန်းပါတယ်ဆရာကြီးရယ်၊ ဒါပေမယ့် ကျွန်တော့်ရဲ့စိတ်တွေ မှုမှန်မဟုတ်တော့ဘူး…တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုတောင် ဘာမှန်းညာမှန်း မသိတော့ဘူး။ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အစ်မ မလှကြည်က ခဏခဏ လာခေါ်နေတော့ ကျွန်တော်တော့ သေတော့မယ်နဲ့ တူပါရဲ့''

''မင်းကလည်း ယောကျ်ားမဟုတ်ဘူးလား''

ထိုသို့ဖြင့် တာတီးကို ဗိန္ဒောဆရာကြီးနဲ့ ပြပေးခဲ့တယ်။

''ဒီကောင်ဟာ သည်းခြေပျက်နေပြီ ကုဖို့ခက်တယ်''

''ဆရာကြီးရယ် အတတ်နိုင်ဆုံးကုပေးပါ''

''ကောင်းပါပြီ ကုတော့ ကုပေးပါ့မယ်''

ဆေးဆရာကြီးက တာတီးကို အတတ်နိုင်ဆုံး ဆေးကုသပေးခဲ့တယ်။ ဒါပေမယ့် တာတီးဟာ တစ်စတစ်စ ဖောက်လာတယ်။

''ဟော...ဟော.. မီးနေသည် လာခေါ်နေပြီ၊ မလိုက်ပါရစေနဲ့ ကြောက်လွန်းလို့ပါ''

လို့ပြောပြီးစားပွဲအောက်ကို ဝင်ပုန်းလို ဝင်ပုန်းဖြစ်နေတယ်။

''တာတီး...တာတီး... မင်းသတိထားမှပေါ့''

တာတီးဟာ အရမ်းကို ကြောက်လန့်ပြီး တုန်လှုပ်နေတယ်။ နောက်တော့ ပိုပြီး ဆိုးဝါးလာတယ်။





''မီးနေသည် လာခေါ်နေပြီ၊ မလိုက်ဘူး''

ဆိုပြီး ရွာလမ်းတလျှောက် ပြေးလိုပြေး...

သည်လိုနဲ့ တာတီးတစ်ယောက် အစားမမှန် အအိပ်မမှန်နဲ့ အိပ်ရာထဲလဲတဲ့အထိ ဖြစ်လာတယ်။

သည်တော့ ရွာသားတွေကလည်း မီးနေသည်မ မလှကြည်ရဲ့အကြောင်းကို စိတ်ဝင်စားလာကြတယ်။

''မီးနေသည်မ မလှကြည်က တစ္ဆေဖြစ်သွားပုံရတယ်၊ ဒါကြောင့် တာတီးကို ခြောက်လှန့်နေတာ ဖြစ်မယ်''

''ဟုတ်တယ် တာတီးက အခုတော့ အစာလည်း မဝင်တော့ဘူး အရိုးပေါ်အရေတင် ဖြစ်နေပြီ''

''ဟုတ်တယ် တာတီးတော့ လိပ်ပြာလန့်ပြီး သေတော့မယ် ထင်ပါရဲ့''

ရွာသူရွာသားများပြောသလို တာတီးရဲ့မျက်နှာဟာလည်း အတော်ပိန်ချုန်းသွားပြီး အရိုးတွေတောင် မြင်ရတယ်။

သူ့ရဲ့မျက်လုံးတွေကလည်း ကလယ်ကလယ်နဲ့...။

သည်အချိန်မှာ ကိုမြမောင်ကလည်း တစ်မှောင့်...။

အရက်တွေ မူးအောင်သောက်ပြီ....



www.burmeseclassic.com

www.burmeseclassic.com



"မလှကြည်ရယ် ပြန်လာပါတော့ အစ်ကိုတစ်ယောက်တည်း မထားခဲ့ပါနဲ့"

အော်ဟာစ်နေလေရဲ့…။

သူကလည်း လူမှန်းသူမှန်းမသိအောင် မူးနေစဉ်မှာ…။

ကလေးလေးကို ပွေ့ချီနေတဲ့ မလှကြည်ကို တွေ့လိုက်ရတယ်။

"မလှကြည်…မင်းမသေဘူးနော်"

"မသေပါဘူး အစ်ကိုရယ်၊ အစ်ကို ပြန်အလာကို ကျွန်မ စောင့်နေတာ"

"မင်း…မသေဘူးဆိုလို့ အစ်ကို အရမ်းဝမ်းသာတာပဲ"

"တကယ်တော့ ကျွန်မ မသေပါဘူးအစ်ကိုရယ်…ဟိုတာတီးဆိုတဲ့အကောင်က အခေါင်းလုပ်ပြီး ကျွန်မနဲ့ ကလေးကို မြေကြီးထဲမှာ မြုပ်လိုက်တာ ဒါကြောင့် ကျွန်မ သူ့ကို မကျေနပ်ဘူး"

"တာတီးက တို့ရွာသားပဲ…မလုပ်ပါနဲ့ မလှကြည်ရယ်"

"မရဘူး…ကျွန်မကတော့ သူသေမှ ကျေနပ်မယ်"





"မလုပ်ပါနဲ့ မလှကြည်ရယ်"

ထိုသို့ပြောနေစဉ် သူမရဲ့မျက်နှာဟာ တဖြည်းဖြည်းပျက်စီးလာပြီး ကြောက်စရာကောင်းအောင် ပြောင်းလဲသွားခဲ့တယ်။

အရက်သမားမြမောင်ကလည်း သူ့မိန်းမ မလှကြည်အကြောင်းကို ရွာထဲမှာ လျှောက်ပြောတယ်။

"ကျွန်တော့်မိန်းမကတော့ မကျွတ်မလွတ်ဘူးနဲ့ တူပါတယ်။ ကျွန်တော် လူမှန်းသူမှန်းမသိအောင်မူးပြီဆိုတာနဲ့ ရောက်ရောက်လာတော့တာပဲ"

"မင်းက လူမှန်းသူမှန်းမသိအောင်မူးမှတော့ မင်းထင်ချင်တာတွေ တွေးထင်ပြီး သူလာတယ်လို့ လျှောက်ပြောနေတာနဲ့တူတယ်"

"တာတီးကိုလည်း မကျေနပ်ဘူး၊သူ့ကို ခေါ်မယ်လို့ပြောနေတယ်"

"မောင်မြမောင်ရယ် နဂိုကမှ တာတီးက အကြောက်လွန်ပြီး အိပ်ရာထဲမှာလဲနေတာ စကားနောက် တရားပါ ဆိုသလိုဖြစ်သွားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကလည်း တာတီးကို ဒုက္ခမရောက်စေချင်ပါဘူး၊ အိပ်မက်လိုလို သတိမေ့သလိုလို အချိန်မှာ သူရောက်လာပြီး စကားတွေ လာလာပြောတယ် တာတီးအကြောင်းလည်း ပါလိုပါ"

အရက်သမားမြမောင်က မူးမူးရူးရူးနဲ့ ထင်တာပြောတယ် ဒီတော့ ရွာသူရွာသားတွေကလည်း မလှကြည်ရဲ့အကြောင်းကို သို့လော သို့လော တွေးထင်လာကြတယ်။

သိပ်မကြာခင်မှာ ...

တာတီးတစ်ယောကင် သေငယ်ဇောနဲ့ မျောသွားလိုက် ပြန်သတိရလိုက်နဲ့...

သူ့ရဲ့ပါးစပ်က...

"အစ်မလှကြည် လာခေါ်နေပြီ"

"ကျွန်တော့်ကို မခေါ်ပါနဲ့ မလိုက်ချင်သေးဘူး"

ဆိုပြီး အော်ဟစ်နေတယ်။

ဒါနဲ့ လက်သမားဆရာကြီးက ဆေးဆရာကြီးကို သွားခေါ်ခဲ့တယ်။ ဆေးဆရာကြီးက...

"တာတီးက စိတ်ဖောက်ပြန်ပြီး ကယောင်ချောက်ချား





တွေ ပြောနေတာ အစားလည်းမဝင်တော့ ဘယ်လိုမှကုပေးလို့ မရတော့ဘူး"

ဒီအချိန်မှာပဲ တာတီးဟာ မေးတစ်ချက်ထိုးပြီး အသက်ပါသွားခဲ့တယ်။

"အင်း...စိတ်မကောင်းစရာပဲ...တာတီးတော့ ဆုံးရှာပြီ"

ဆေးဆရာကြီးက တာတီးသေဆုံးကြောင်း ပြောလိုက်တယ်။ ဒေါ်မယ်လှတို့အုပ်စုက...

"တာတီးကို မီးနေသည်တစ္ဆေမ လိပ်ပြာနှုတ်သွားတာဖြစ်မယ်"

"ဟုတ်တယ် တာတီးက မလှကြည်လာခေါ်တယ်လို့ပဲ ပြောနေတာ"

"တာတီး သနားပါတယ်"

ဒီလိုနဲ့ အစိမ်းသေမ မလှကြည်ရဲ့သတင်းဟာ တစ်ရွာလုံးပျံ့နှံ့သွားခဲ့တယ်။

ဒီကြားထဲမှာ ဝင်းခေါင်တို့အုပ်စုက တစ်မှောင့်...။

ည...ညမှာ ... တစ္ဆေမ မလှကြည်ကို တွေ့တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြောကြတယ်။ တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို တစ္ဆေမ မလှကြည်ဟာသတင်းကြီးလာပြီး လူတွေ ကြောက်နေကြလေရဲ့။

ဆေးဆရာကြီးက ပြောပါတယ်။

ကြောက်တတ်တဲ့ရောဂါဟာ ကုရာနတ္ထိ ဆေးမရှိဘူးတဲ့။ အခုလည်း တာတီးသေဆုံးတာဟာ တစ္ဆေမ မလှကြည်ကြောင့် မဖြစ်နိုင်ဘူး။ စိတ်ရဲ့စွဲလန်းမှုကြောင့် အရိပ်လိုထင်ပြီး သူ့ကို တွေ့နေတာဖြစ်တယ်။ အကြောက်လွန်မှုကြောင့် သည်းခြေပျက်ကာ ရူးသွပ်ရာကအစ ခုလို သေဆုံးခြင်းဖြစ်တယ်လို့ ရှင်းပြခဲ့တယ်။

ဒါပေမယ့် … ရွာသူရွာသားတွေကတော့ တာတီးပြောစကားကိုလိုက်ပြီး တစ္ဆေမ မလှကြည် ခြောက်လှန့်လို့ သေတယ်လို့ပြောကြတယ်။

* * *





၈

# အခန်း (၈)

# သချိုင်းမြေ

ဟောမာန်ဆောင်းရဲ့ မြူနှင်းဖွဲဖွဲကလေးများ ကျဆင်းနေသည့် ဆောင်းအဝင် ညချမ်းကလေး…။

မြောက်ပြန်လေက တစ်ချက်တစ်ချက် တိုက်ခတ်လိုက်တဲ့အတွက် ချမ်းတုန်သွားခဲ့တယ်။

ကိုရင်မောင်က သည်ရွာသူ အပျိုချောကလေးများနှင့် မကြိုက်ဘဲ တစ်ဘက်ရွာသူ မြောက်အူရွာက ကွမ်းတောင်ကိုင် ဖြူမနဲ့ ချစ်ကြိုက်နေခဲ့တယ်။ ဖြူမနဲ့တွေ့ဖို့ ညဘက်မှာ မြောက်အူရွာကို သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မြောက်အူရွာသွားဖို့ သစ်ဆုံရွာက သင်္ချိုင်းကိုဖြတ်ပြီးမှ သွားရတယ်။ ပြန်တော့လည်း ညဥ့်သန်းခေါင် ညဥ့်နက်နက်မှာ ဒီသင်္ချိုင်းကိုပဲ ဖြတ်ပြီးပြန်ရတယ်။

အရင်ကတော့ သင်္ချိုင်းကိုဖြတ်တာ အကြောင်းမဟုတ်ဘူး၊ ဘာသံညာသံမှ မကြားရတဲ့ သင်္ချိုင်းဟာ တိတ်ဆိတ်နေခဲ့လို့ ဒီလိုပဲ သွားလိုက်ဖြတ်သန်းလိုက် လုပ်နေကျ…။

အခုတော့…။

ဒီလိုမဟုတ်တော့ဘူး…။

မုံတီးတဲ့တစ္ဆေနဲ့ မီးနေသည် တစ္ဆေတဲ့…။

သင်္ချိုင်းမှာ ခြောက်တဲ့တစ္ဆေ သရဲတွေက များလွန်းလို့ ဥပါဒါန်အစွဲအလန်းတွေနဲ့ ကိုရင်မောင်လည်း ကြောက်လန့်ခဲ့တယ်။ ဒါ့ကြောင့် မြောက်အူရွာဘက်ကိုသွားမယ်ဆိုရင် အရင်ကလို တစ်ယောက်တည်း မသွားတော့ဘူး၊ ရဲမောင်ဆိုတဲ့သူငယ်ချင်းကို အဖော်ခေါ်သွားခဲ့တယ်။

ဒီနေ့လည်း ရဲမောင်နဲ့အတူ မြောက်အူရွာကို သွားခဲ့ကြတယ်။ သွားတဲ့အချိန်က ညနေ ခြောက်နာရီလောက်ဆိုတော့ တော်တော်လင်းသေးတယ်။ သူငယ်ချင်းနှစ်ယောက်ဟာ သင်္ချိုင်း





ကုန်းဘက်ကို လှည့်မကြည့်ဘဲ အဲဒီဘေးနားက ဖြတ်ကျော်လာခဲ့တယ်။

ရဲမောင်က…

"ဟေ့ကောင် ရင်မောင် .. မင်းကိုငါက အချစ်ဆုံးသူငယ်ချင်းဖြစ်လို့ မင်းနဲ့အဖော်လိုက်လာခဲ့တာ နို့မို့ရင် ငါမလိုက်ဘူး"

"သိပါတယ်ကွာ…မင်းကို ဒီရွာက အရက်ဆိုင်မှာ 'အဝ' တိုက်ပါ့မယ်"

"ဟေ့ကောင် ထန်းရည်တိုက်တာကနောက်၊ တစ္ဆေနဲ့တွေ့မှပြေးပေါက်မှားနေဦးမယ်"

"အေးကွာ အခုတလော တို့ရွာမှာ ခြောက်ချားမှုတွေ ဖြစ်နေတယ်"

"ဘာတွေမှန်းမသိပါဘူးကွာ၊ ဖိုးပေါက်တို့ တာတီးတို့ကြောင့် ရွာပျက်ဖို့ များနေပြီ"

သူတို့နှစ်ယောက်မှာ စကားတပြောပြောနဲ့ မြောက်အူရွာဘက်ကို လာခဲ့တယ်။ ဒီရွာမှာရှိတဲ့ ဖြူမဆီကို ညဘက်မှ ချိန်းတွေ့ရမှာဖြစ်လို့ ရွာမြောက်ပိုင်းက အရက်ဖြူဆိုင်မှာ ဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတယ်။

အဲဒီဆိုင်မှာ အရက်ဖြူထိုင်သောက်ရင်း…

ရဲမောင်က…

"ဟော့ကောင်ရေ ဖြူမနဲ့တွေ့ရင် သိပ်ပြီးအလွမ်းသယ် မနေနဲ့ မြန်မြန်ပြော…မြန်မြန်ပြန်ဟ့"

"ဟော့ကောင် … မင်းပဲအပြောကောင်းတယ်၊ ချိန်းတွေ့ပါတယ်ဆိုမှ အခုပြောပြီး အခုပြန်လို့ ရမလား"

"ဒါတော့ ငါသိတာပေါ့ ငါဆိုလိုတာက အကြာကြီး မနေဖို့ပြောတာ"

"အေးပါကွ"

"မင်းကြာတာက အရေးမကြီးဘူး၊ တို့ရွာကိုအပြန်မှာ သင်္ချိုင်းကုန်းကဖြတ်ပြီး ပြန်ရမှာနော်"

"သိပါတယ်ကွာ…မင်းပြောတာနဲ့ ချိန်းတွေ့ရမယ့်သူတောင် စိတ်ပျက်လာပြီ"

"အေးပါကွာ၊ ငါက မင်းကို စိတ်ညစ်အောင်ပြောတာ မဟုတ်ပါဘူး"

သူတို့နှစ်ဦး အရက်သောက်ရင်းအချိန်ကို စောင့်နေခဲ့





တယ်။ ညရှစ်နာရီထိုးပြီမှ အရက်ဆိုင်ထဲက ထွက်လာခဲ့တယ်။

ဖြူမတို့အိမ်ရဲ့ နောက်ဖေးက ခြံနွယ်ပင်အောက်မှာ ဖြူမကို စောင့်နေခဲ့တယ်။ မကြာခင်မှာ ဖြူမက အိမ်အောက်ကို ဆင်းလာခဲ့တယ်။

"အစ်ကို…ဘယ်တုန်းက ရောက်နေတာလဲ"

"ရောက်နေတာ ကြာပြီ"

"ဒါနဲ့ အစ်ကိုတို့ရွာက သရဲခြောက်တဲ့အကြောင်းတွေ စုံနေအောင် ကြားရတယ်။ တကယ်ရော ဟုတ်လားဟင်"

"တကယ်လား ဘာလားတော့မသိဘူး၊ ပြောကြတာ စုံနေတာပဲ၊ အစ်ကိုတောင် သူငယ်ချင်းရဲမောင်ကို အဖော်ခေါ် လာခဲ့ရတယ်"

"အစ်ကိုပြန်တော့ရော ဘယ်လမ်းက ပြန်လဲ"

"သင်္ချိုင်းဘေးကလမ်းက ပြန်ရတာပေါ့"

"ဒါဆို ကြောက်စရာကြီး"

"ကြောက်တော့ ကြောက်တာပေါ့၊ ဒါပေမယ့် ဖြူမကို တွေ့ချင်လို့ အရဲစွန့်ပြီး လာရတာ"

"ဟုတ်ပါတယ် အစ်ကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတော့ ဖြူမကို လာတွေ့ရကာ ဖြူမရဲ့လူကြမ်း အစ်ကိုနှစ်ယောက်ကို ကြောက်ရတာနဲ့ သရဲကြောက်ရတာနဲ့ သိပ်တော့ မနိပ်ပါဘူးကွာ"

"ဟုတ်တယ် အစ်ကိုနှစ်ယောက်သိရင်လည်း မလွယ်ဘူး… ညီမအငယ်ဆုံးဆိုတော့ သူတို့က ဘယ်သူနဲ့မှ မပေးစားချင်ဘူး"

"ဒါပေမယ့် အစ်ကိုကလည်းဖြူမကို မတွေ့ရရင်တောင် မနေနိုင်ဘူး၊ ဒါကြောင့် အရဲစွန့်ပြီး လာရတာ"

သည့်နောက်…

ချစ်သူနှစ်ဦးမှာ ချစ်စကားများကို ဖောင်ဖွဲ့ပြောရင်း အချိန်တွေကုန်လွန်လာတယ်။ တဖြည်းဖြည်းနဲ့ ည ဆယ်နာရီ ကျော်လာခဲ့ပြီ…။

ရဲမောင်မှာ နေမထိ ထိုင်မသာဖြစ်လာခဲ့တယ်။ ရဲမောင်ရဲ့စိတ်ထဲမှာ ပြန်ချင်တဲ့အတွက် ရင်မောင်ကို နောက်ကနေပြီး အသာလေးကုတ်လိုက်တယ်။

ရင်မောင်က သူ့ကိုနောက်မှ ကုတ်လိုက်တဲ့အတွက် လန့်သွားပြီး…





"အမလေး" လို့ယောင်ပြီးအော်လိုက်တယ်။

"ဟော့ကောင် ငါပါ ရဲမောင်ပါကွ"

"ရဲမောင်ရာ ဒီမှာ သရဲအကြောင်းပြောနေတုန်း မင်းကုတ်လိုက်တာ ငါဖြင့် လန့်သွားတာပဲ"

"လန့်တာက အရေးမကြီးဘူး၊ ဆယ်နာရီကျော်နေပြီ၊ ငါတို့က ဟိုဟာကြီးကို ဖြတ်သွားရမှာနော"

ဟိုဟာကြီးဆိုတာက သင်္ချိုင်းကို မပြောချင်လို့ နာမ်စားသုံးလိုက်တာဖြစ်တယ်။ ရင်မောင်ကလည်း ဟိုဟာကြီးဆိုတာနဲ့ လန့်သွားတယ်။

"အေးပါ…ငါသိပါတယ်၊ပြန်တိုင်း ဖြတ်နေကျပဲကွာ"

ဖြူမက အထင်သေးမှာစိုးလို့ ခပ်တည်တည်နဲ့ ပြောလိုက်တယ်။

"အစ်ကိုရယ် ဖြူမက အစ်ကို့ကို စကားတွေအများကြီး ပြောချင်ပါတယ်၊ ဒါပေမယ့် အစ်ကိုအိမ်ပြန်နောက်ကျနေမယ်၊ ပြီးတော့ ဟိုဟာကြီးကိုဖြတ်ပြီးပြန်ရမှာဆိုတော့ အစ်ကို့အတွက် စိုးရိမ်လှပါတယ်အစ်ကို"

"ကဲ…ဒါဆို အစ်ကိုတို့ပြန်မယ်၊ နောက်တစ်ပတ်ကျမှ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့မယ်''

''အစ်ကို ဆက်ဆက်လာခဲ့နော် ဖြူမစောင့်နေမယ်''

ထိုသို့ပြောနေစဉ် အိမ်ပေါ်မှ . . .။

''ဖြူမရေ . . . ဖြူမ။

'ဖြူမ . . ဘယ်သွားနေလဲ''

''တပိုတပါးများ သွားနေလား''

အိမ်ပေါ်မှ ဆူဆူညံညံအသံတွေကို ကြားလိုက်ရတယ်။

ဒီတော့ ဖြူမ မျက်လုံးကလေးပြူးသွားပြီး . . .

''အစ်ကိုရေ . . . ဒုက္ခပါပဲ''

''ဘာဖြစ်လို့လဲ ဖြူမ''

''အိမ်ကလူတွေနိုးကုန်ပြီ''

''ဟာ . . . ဒုက္ခပါပဲ''

''ခုနက ဖြူမအစ်ကိုတွေရဲ့ အော်ခေါ်သံပဲ''

''အဲဒါမှ အကျိုးနည်းပြီ ဘယ်လိုလုပ်ကြမလဲ''

''ဖြူမကြောက်တယ် . . . အစ်ကိုကြီးနဲ့ အစ်ကိုလေးက ဖြူမကို အိမ်အောက်မှာတွေ့တာနဲ့ ရည်းစားနဲ့ ချိန်းတွေ့တာဆိုပြီး သတ်တော့မှာပဲ''





''ဟုတ်တယ် အစ်ကိုတို့လာတာ အရက်ဆိုင်က လူတွေ သိတယ်၊ ဖြူမအစ်ကိုတွေကို သတင်းပေးလိုက်ပုံရတယ်''

ထိုသို့ပြောနေစဉ်

''ဖြူမရေ . . . ဖြူမ''

''ဖြူမ . . . ဘယ်သွားနေတာလဲ''

အစ်ကိုကြီးနဲ့ အစ်ကိုလေးအသံက ဟိန်းထွက်နေတယ်။

''အစ်ကိုရေ . . . ဖြူမတော့ အိမ်ပေါ်ကို ပြန်မတက်ဝံ့တော့ဘူး အစ်ကိုနဲ့ချစ်သူဖြစ်နေမှန်း သူတို့ရိပ်မိတယ်''

''ဒါဆို ဘယ်လိုလုပ်ရမလဲ''

သူတို့နှစ်ဦး အကြံခက်နေစဉ် ရဲမောင်က . . .

''ဟော့ကောင်ရေ . . . ဘယ်လိုလုပ်ရမလဲဆိုတာ တွေးမနေနဲ့၊ ဖြူမရဲ့လက်ကိုဆွဲပြီးသာ ပြေးပေတော့''

ထိုသို့ပြောနေစဉ် အိမ်နောက်ဖေးတံခါးဖွင့်သံကြားသဖြင့် . . .

''ဖြူမရေ . . . ဘာမှစဉ်းစားမနေနဲ့ . . . ပြေးကြစို့''

လို့ပြောပြီး ဖြူမတို့ခြံမှဖနောင့်နဲ့ တင်ပါး တသားတည်းနေအောင် ပြေးလာခဲ့တယ်၊ ရဲမောင်ကတော့အရိပ်အခြေကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်က အပြေးလိုက်ခဲ့တယ်။

"အစ်ကိုရေ ...ဖြတ်လမ်းကပြေးမှဖြစ်မယ်"

"အေး...ဖြူမက လမ်းပြပါ"

"ဟုတ်ကဲ့ အစ်ကို"

ဖြူမက အိမ်ကြိုအိမ်ကြား ... လမ်းကြိုလမ်းကြားဖြတ်လမ်းကနေပြီး ပြေးခဲ့တယ်၊ သူ့ရဲ့အစ်ကိုနှစ်ယောက်က လမ်းရိုးအတိုင်း လိုက်လာတာမို့ အတော်ဝေးဝေးမှာ ကျန်ရစ်ခဲ့တယ်။

သူမရဲ့ အစ်ကိုနှစ်ယောက်မှာ ...

"တောက် ... ဖြူမဘယ်သွားနေလဲ မသိဘူး"

သူမရဲ့အစ်ကိုကြီးက ညီငယ်ကိုမေးလိုက်တယ်"

"ဒီ..အချိန်မှာမှအိမ်မှာမရှိရင် လင်နောက်လိုက်လို့ဖြစ်မှာပေါ့"

"ဖြစ်နိုင်တယ် နောက်ဖေးတံခါးက ဂျက်ပွင့်နေတယ်"

"ဒါဆိုရင် သစ်ဆုံရွာဘက်ကို ပြေးဖို့များတယ်"

"ဟုတ်တယ်...သစ်ဆုံရွာက ရင်မောင်တို့ အရက်လာသောက်တယ်လို့ ဟိုကောင်တွေ ပြောတာပဲ"

"အေးပေါ့...အရက်သောက်ရင်း အချိန်စောင့်နေတာ





ဖြစ်မှာပေါ့"

"အခုတော့ လူလစ်တာနဲ့ ဖြူမကို သုတ်ပြေးပြီနဲ့တူတယ်"

"ဒါပေါ့ အစ်ကိုကြီးရယ်...ဒုံးဝေးရန်ကော၊ မိန်းကလေးတစ်ယောက် ပျောက်ပြီဆိုမှတော့ လင်နောက်လိုက်တာအပြင် ဘာရှိမှာလဲ"

"လင်နောက်လိုက်တယ် လိုက်တယ်လို့ ခဏခဏ မပြောပါနဲ့ နှမလင်နေ မောင်ဖင်ကျိန်းတယ်ကွ"

"ဖင်ကျိန်းမနေနဲ့ အစ်ကိုကြီးရေ၊ ဖြူမကို ဒီညတွေ့မှဖြစ်မယ်၊ ရင်မောင်ဆိုတဲ့အကောင်က ဘာမှငွေရှိတဲ့အကောင် မဟုတ်ဘူး၊ သူလည်း ဖောင်သမားပဲ ဖောင်ဦးမှ ငွေစိုတဲ့ အစားတွေဗျ"

"အေးပေါ့ကွာ ဖောင်မထွက်ရတဲ့နေ့တွေဆိုရင် ငွေမဝင်ဘူးပေါ့"

"အေးဗျာ...ဖြူမကိုက မိုက်ပါတယ်၊ ကျုပ်တို့ရွာထဲမှာ သူ့ကိုလိုချင်တဲ့ သူဌေးသားတွေရှိပါရက်နဲ့ ရင်မောင်လို ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်ကိုမှ ကြိုက်ရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ညီလေး ... စကားတွေ သိပ်မပြောနဲ့ သစ်ဆုံရွာဘက်ကို လိုက်ကြစို့"

ဖြူမရဲ့အစ်ကို မိုက်တီးနဲ့ မိုက်ခဲဟာ ဓားတစ်ယောက် တစ်ချောင်းစီကိုင်ကာ မြောက်အူရွာမှသစ်ဆုံရွာသို့သွားတဲ့ လမ်း အတိုင်း အပြေးလိုက်လာခဲ့တယ်။

ရှေ့ကပြေးတဲ့ဖြူမတို့အဖွဲ့ကလည်း လက်နှိပ်ဓာတ်မီးကို အဖော်ပြုပြီး ပြေးခဲ့တယ်။ ဆောင်းဦးရာသီရဲ့ အအေးဓာတ်ကို တောင် မခံစားနိုင်ဘူး၊ ကြောက်လွန်းလို့ ဇောချွေးတွေတောင် ပြန်လာတယ်။

"အစ်ကိုရေ...ဖြူမတော့ သိပ်မပြေးနိုင်ဘူး"

"မပြေးနိုင်လို့ မဖြစ်ဘူး မင်းအစ်ကိုတွေနောက်က လိုက်လာပြီ"

သည်တွင်ရဲမောင်က...

"ဟုတ်တယ် ငါအနောက်ဘက်ကို လှမ်းကြည့်လိုက် တုန်းက ငှက်ကြီးတောင်ဓားကိုယ်စီနဲ့ကွ... လရောင်နဲ့ လင်းခနဲ လက်ခနဲပဲ"

"အေးကွာ...ရှင်ဆိုင်တွေ့လို့ကတော့ ငါတို့လည်းပင်း





ကို တိခနဲ တိတခနဲနေအောင် ပိုင်းပစ်မှာ"

"အဲဒါက အရေးမကြီးဘူး ဖြူမက ကြောက်အားလန့် အားနဲ့ပြေးလာတော့ ဖိနပ်မပါဘူး အခုခြေထောက်မှာ ခဲတွေ စူးနေတယ်"

"အဲဒါမှ ဒုက္ခပဲ"

ခပ်မြန်မြန်ပြေးလိုက်...။

နားလိုက်နှင့်....မြောက်အူရွာရဲ့အဆုံးကို ရောက်လာခဲ့ ဘယ်။ မြောက်အူရွာရဲ့အဆုံး လယ်နှစ်လောက်အကွာမှာ သစ်ဆုံရွာ ရဲ့ သင်္ချိုင်းကို လရောင်ကြားမှာ လှမ်းမြင်နေရတယ်။

"ဖြူမရေ..မပူနဲ့တော့ အစ်ကိုတို့ရွာကို ရောက်ကာ နီးပြီ"

"ဟုတ်တယ်နော် ... သင်္ချိုင်းကကျော်ရင် အစ်ကိုတို့ ရွာကို ရောက်ပြီပဲ"

"အားတင်းပြီးပြေးပါ ဖြူမရယ်"

"ဟုတ်ကဲ့ အစ်ကို"

ဖြူမတို့လူသုံးယောက်ဟာ လရောင်အောက်မှာတွေ့ရတဲ့ သစ်ဆုံရွာရဲ့ သင်္ချိုင်းဆီကို အပြေးကလေး သွားခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သည့်တွင်....နောက်ကအပြေးလိုက်လာတဲ့ အစ်ကို နှစ်ယောက်က လရောင်အောက်မှာ ခပ်မည်းမည်းသဏ္ဍာန်များကို လှမ်းမြင်လိုက်တယ်။

"အစ်ကိုကြီး ...ဟိုဘက်ရွာစပ်မှာ လှုပ်ရှားနေတဲ့ ခပ်မည်းမည်းသဏ္ဍာန်တွေကို တွေ့ရတယ်၊ ဖြူမတို့အုပ်စု ဖြစ်မယ်ထင်တယ်"

"မင်းမြင်လား..ငါ့က မျက်စေ့သိပ်မကောင်းလို့ မမြင်ရဘူး"

"အစ်ကိုကြီးက ကြက်မျက်သင့်တဲ့ရောဂါဖြစ်ဖူးတော့ ညဘက်မှာ ဘယ်မြင်ရမလဲ"

"ဒါဆို ညီလေး ဦးဆောင်ပြီးတော့ ပြေးပေတော့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ဖြူမရဲ့ အစ်ကိုနှစ်ယောက်ဟာ အပြေးလိုက်လာခဲ့တယ်။ သည့်တွင် ဖြူမတို့အုပ်စုက လှမ်းကြည့်လိုက်တော့ ကွင်းပြောင်ထဲမှာ ပြေးလိုက်နေတဲ့ အစ်ကိုနှစ်ဦးကို တွေ့လိုက်ရတယ်။

"အစ်ကို ကိုရင်မောင်ရေ..ဖြူမအစ်ကိုတွေနဲ့ နီးလာပြီ"





"နီးရင်၊ ဝေးအောင်ပြေးလေ"

"ပြေးလို့မရဘူး ခြေထောက်တွေ ကျွဲနေပြီ"

"အဲဒါမှ ဒုက္ခပဲ မပြေးနိုင်ရင် အသတ်ခံရမှာ"

"ကြံပါဦးအစ်ကိုရယ် သူတို့က နီးလာပြီ"

ယောက်ျားခြေနဲ့ ပြေးလိုက်လာသူ အစ်ကိုနှစ်ဦးကို သည်လောက်ပြေးပုံနဲ့ ဘယ်နည်းနဲ့မှ မလွတ်နိုင်မှန်းဖြူမ ကောင်းစွာသိလိုက်တယ်။ တကယ်လို့ မိသွားရင် အချောင်အသတ်ခံရမှန်းကိုလည်း ရဲမောင်က သိထားတယ်။

ဒါကြောင့် ရဲမောင်က...

"ဟော့ကောင်ရေ...လွတ်အောင်ပြေးမှဖြစ်မယ် သူတို့ နီးလာပြီ"

အခုမှ ရင်မောင်ရော ရဲမောင်ပါ ဒုက္ခလှလှတွေ့နေခဲ့ပြီ။ နောက်ကလည်း ဓားထမ်းပြီးပြေးလာတဲ့ အာဋ္ဌာဝက ဘီလူးနှစ်ကောင်လို ကြမ်းတမ်းတဲ့အစ်ကိုနှစ်ယောက်...။

သည်မှာက ခြေထောက်ကျွဲပြီး မပြေးနိုင်တဲ့ဖြူမ...။ သည်အတိုင်းသာဆိုရင် ရှင်ဖို့ထက် သေဖို့က များနေပြီ...။

"ဘယ်လိုလုပ်မလဲ ဒီအတိုင်းပဲ အသေခံကြမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ရဲမောင်က ရင်မောင်ကို လှမ်းပြောလိုက်တယ်။

ဒီတော့ ရင်မောင်က…

"ဟုတ်တယ်…ဘယ်လိုလုပ်ကြမလဲ ရဲမောင်"

"ငါတော့ သင်္ချိုင်းထဲဝင်ပြေးပြီး ပုန်းရင်ကောင်းမလား လို့"

ရဲမောင်ရဲ့စကားအဆုံးမှာ …ဖြူမက…

"အမလေး … မပုန်းရဲပါဘူး ရှင်တို့ရွာက သရဲခြောက်တယ်လို့ နာမည်ကြီးနေတာ"

"သရဲထက် နှင့်အစ်ကိုတွေက အရေးကြီးတယ်။ သရဲက ခြောက်ရုံပဲခြောက်နိုင်တာ နှင့်အစ်ကိုတွေက သတ်မှာ"

"ဟုတ်တယ်ဖြူမရယ်၊ ရဲမောင်ပေးတဲ့အကြံက အကောင်းဆုံးပဲ၊ ငါတို့ရွာက သင်္ချိုင်းက သရဲခြောက်တယ်လို့ နာမည်ကြီးနေတာဆိုတော့ သင်္ချိုင်းထဲဝင်ပုန်းတာ အကောင်းဆုံး ပဲ"

"ဒါဆို သင်္ချိုင်းထဲ ဝင်လာရင်ရော ဘယ်လိုလုပ်မလဲ"

"ဒီလောက်တောင် အုတ်ဂူအပျက်တွေရှိနေတာ ဝင်ပုန်း မှာပေါ့"





"အမလေး ဖြူမတော့ အုတ်ဂူအပျက်တွေထဲ ဝင်မပုန်းရဲ ပါဘူး"

"အုတ်ဂူပျက်ထဲမှာ ဘာမှမရှိဘူး…အရင်တုန်းကဆိုရင် သင်္ချိုင်းထဲလာပြီး ငှက်ပစ်နေကျ အခုမှ မလာတော့တာ"

ရင်မောင်က သူ့ချစ်သူ ဖြူမကို ရှင်းပြနေခဲ့တယ်။

ဖြူမတို့အုပ်စုက ခြေလှမ်းနှေးလေးလေး…

နောက်လိုက်လာတဲ့ အစ်ကိုနှစ်ယောက်က နီးလာ လေလေ…

"ကဲ…ဘာမှစဉ်းစားမနေနဲ့တော့ … လာလိုက်ခဲ့"

ပြောပြောဆိုဆို ရင်မောင်ရဲ့လက်ကို ရဲမောင်က လှမ်းဆွဲ လိုက်တယ်။ ရင်မောင်က ဖြူမရဲ့လက်ကို ဆွဲလိုက်တယ်။

သူတို့သုံးယောက် အတွဲလိုက်ကြီး သင်္ချိုင်းကုန်းအဝင်ဝကို ရောက်လာခဲ့တယ်။

"အစ်ကိုရယ် ဖြူမကြောက်တယ်"

"မကြောက်နဲ့ အစ်ကိုရှိတယ်။ အစ်ကိုတို့က သုံးယောက် တောင်ရှိတာ ဘာမှမကြောက်နဲ့"

ဖြူမကို မကြောက်ဖို့ပြောပြီး သင်္ချိုင်းကုန်းထဲအထိ



www.burmeseclassic.com

www.burmeseclassic.com



တောက်လျှောက် ပြေးသွားခဲ့တယ်။

သင်္ချိုင်းကုန်းမှာ မြေပုံတွေ မှတ်တိုင်တွေက ကျိုးတို့ ကျဲတဲမို့ အုတ်ဂူပျက်နားအထိ ပြေးခဲ့တယ်။ အုတ်ဂူပျက်တစ်လုံးမှာ တစ်ယောက် ဝင်ပုန်းနေခဲ့ကြတယ်။

နောက်ကလိုက်လာတဲ့ ညီအစ်ကိုနှစ်ဦးက သင်္ချိုင်းနားမှာ ပျောက်သွားတဲ့အတွက်...

"တောက်...ဒီနားရောက်မှ ပျောက်သွားတယ်"

"ဟုတ်တယ် သင်္ချိုင်းကုန်းနားအထိတော့ တွေ့နေရသေးတယ်"

"သင်္ချိုင်းကုန်းနားမှာ ပျောက်သွားတယ်ဆိုတော့ သင်္ချိုင်းကုန်းထဲ ဝင်သွားတာဖြစ်မယ်"

"ဒါဆို သင်္ချိုင်းထဲ ဝင်ကြည့်မလား"

"ကြည့်တော့ ကြည့်ချင်တယ် ဒါပေမယ့်..."

"ညီလေး...မင်းသရဲကြောက်တယ် မဟုတ်လား"

"သရဲမကြောင်ပေါင်ဘူးအစ်ကိုကြီးရာ တော်ကြာ သူတို့က သင်္ချိုင်းထဲဝင်ပြေးတာမဟုတ်ဘဲ ရွာထဲကိုရောက်သွားရင် ဖြူမကိုခေါ်ဖို့ နောက်ကျသွားမှာ စိုးလို့ပါ"





"အေး...ဒါလည်းဟုတ်တာပဲ ဒါဆို သူတို့ရွာအဝင်ဝအထိ လိုက်ကြတာပေါ့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

မိုက်ခဲညီနောင်နှစ်ယောက်ဟာ သစ်ဆုံရွာဆီကို အပြေးကလေး ထွက်ခွာသွားခဲ့တယ်။

အုတ်ဂူကြားထဲကကြည့်နေတဲ့ ဖြူမတို့သုံးယောက်ဟာ အစ်ကို နှစ်ယောက်ရဲ့အပြေးအလွှားသွားပုံကို မြင်တွေ့လိုက်ရတယ်။

"ကဲ...မိုက်ခဲအစ်ကိုနှစ်ယောက်တော့ ရွာဦးဘက် ပြေးသွားပြီ ငါတို့ ဘယ်လိုလုပ်ကြမတုန်း"

ရင်မောင်သင်္ချိုင်းက ရဲမောင်ကို လှမ်းမေးလိုက်တယ်။

"ရင်မောင် ... သူတို့နှစ်ယောက်ဟာ ရွာဦးကိုရောက်လို့မှ တို့ကိုမတွေ့ရရင် ပြန်လှည့်လာမှာ ပြေးစရာကလည်း ဒီတစ်လမ်းထဲရှိတာ"

"ဟုတ်တယ် ဒီတစ်လမ်းပဲရှိတာဆိုတော့ ကိုယ်က အပြေး သူတို့ကပြန်အလှည့်နဲ့ အဲဒီတော့မှ တည့်တည့်ကြီးတိုးမှာ"

"ဒီတော့ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပုန်းလက်စနဲ့ ဒီသင်္ချိုင်းထဲမှာပဲ ဒီတစ်ညတော့ ပုန်းမှ ဖြစ်မယ်"

ရဲမောင်နဲ့ ရင်မောင် အခြေတင် ဆွေးနွေးနေခဲ့တယ်။

"ဟင်…ဒီသင်္ချိုင်းထဲမှာ တစ်ညလုံးနေရမယ် ဟုတ်လား ဖြူမကြောက်တယ်"

ဖြူမက ငိုသံပါကြီးနဲ့ ပြောလိုက်တယ်။

"ဖြူမရယ် တစ်ညလုံးနေရမှာ မဟုတ်ပါဘူး… မင်းအစ်ကိုကြီးတွေလှည့်ပြန်သွားရင် အစ်ကိုတို့ ရွာထဲကို ဝင်ပြေးမှာပေါ့"

"အဲဒီလို လုပ်ပါအစ်ကိုရယ် ချစ်သူရဲ့နောက်ကို ခိုးရာလိုက်လာတာ သင်္ချိုင်းထဲမှာ တစ်ညလုံးနေရမယ်ဆိုတော့ ကြောက်တာပေါ့"

"ဖြူမရယ် အစ်ကိုတစ်ယောက်လုံး ရှိပါတယ်ဘာမှ မကြောက်နဲ့နော်"

ပြောပြောဆိုဆို ဖြူမကိုဖက်ကာနှစ်သိမ့်လိုက်တယ်။ အဲဒီအချိန်မှာ ညဉ့်သန်းခေါင်ကျော်လာတဲ့အတွက် ငွေနှင်းကလေးများ တဖွဲဖွဲ ကျဆင်းလာတယ်။ သင်္ချိုင်းမြေဟာ ကျယ်ပြန့်တဲ့နေရာ





တစ်ခုဖြစ်တော့ အုတ်ဂူများ မြေပုံများကို ဇာပုဝါ ဆီးကာထားသလို မပီဝိုးတဝါးတွေ့မြင်နေရတယ်။

ဖြူမတို့သုံးယောက်ဟာ သစ်ဆုံရွာမှ ပြန်ထွက်လာမည့် အစ်ကိုနှစ်ယောက်ရဲ့အရိပ်အခြေကို စောင့်ကြည့်နေခဲ့တယ်။

ဒီအချိန်မှာ … ခပ်ဝေးဝေး တောစပ်တစ်နေရာမှာ အမည်းရောင်စောင်ကြီးကိုခြုံထားတဲ့ အရိပ်သဏ္ဍာန်တစ်ခုကို မသဲမကွဲ တွေ့လိုက်ရတယ်။ သူ့လက်ထဲမှာလည်း ရှည်မျောမျော အရာတစ်ခုကို ကိုင်ထားတဲ့ပုံစံမျိုး…။

မကြာခင်မှာ တောစပ်အနီးမှာရှိတဲ့ အုတ်ဂူပျက်တစ်ခုဆီကို ဖြည်းညှင်းတဲ့ခြေလှမ်းများနဲ့ လှမ်းလာတယ်။

ဖြူမတို့နဲ့ အလှမ်းဝေးပေမယ့် မျက်စေ့ရှေ့တည့်တည့်မှာ ပေါ်ထွက်လာတဲ့ ပုံရိပ်ဖြစ်လို့ ဝိုးတဝါးအလင်းရောင်အောက်မှာ လှမ်းတွေ့နေရတယ်။

ဒီတော့ … ဖြူမက … တုန်တုန်ချိချိနဲ့…

"အစ်ကို … ဟောဟိုမှာ သရဲနဲ့တူတယ်"

"အေး…အစ်ကိုလည်း တွေ့တယ်"

"ဖြူမ ကြောက်တယ်အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"သရဲက သူ့ဖာသာသူနေတာ အစ်ကိုတို့ကို မမြင်ပါဘူး"

"အမလေး ဒုက္ခပါပဲ အစ်ကိုတို့ကို ကြောက်ရတဲ့အထဲမှာ သရဲကတစ်မျိုး"

"မကြောက်နဲ့ ဖြူမ အစ်ကို့ကိုဖက်ထား"

"ဟုတ်ကဲ့"

ဖြူမက တဆတ်ဆတ်တုန်အောင် ကြောက်ရွံ့လှပြီး ရင်မောင်ကိုဖက်ထားလိုက်တယ်။

လူစိတ်က ဆန်းကြယ်တယ်။

ကြောက်တယ်ဆိုပေမယ့် အဲဒီမည်းမည်းကြီးကို မျက်စေ့လွှဲမထားဘူး။ သူဘာလုပ်တယ်ဆိုတာကို သိချင်နေခဲ့တယ်။

ဒါကြောင့် မည်းမည်းကောင်ကြီးကို လှမ်းကြည့်မိတယ်။

အံမယ် ... သူက အုတ်ဂူပျက်ကြီးပေါ်မှ ကျကျနန ထိုင်နေတယ်။ သူ့ရဲ့နံဘေးမှာတော့ ခွေးတစ်အုပ်က မြေပြင်ပေါ်မှာ ဆောင့်ဆောင့်ထိုင်ပြီး သူ့ကို မျှော်ငေးကြည့်နေတယ်။

"ဗုံ"

"ဗုံ"





"ဗုံ"

ရှည်မျောမျောအရာကြီးကို တီးနေတာ တွေ့ရတယ်။ သည်တွင် ရဲမောင်က အလွန်ကြောက်ရွံ့စွာနဲ့ တုန်တုန်ချိချိ ဖြစ်လာပြီး

"ရင်မောင်ရေ အဲဒါ အခေါင်းတလားကိုခေါက်တဲ့အသံပဲ"

"ဟေ-ဟုတ်လား"

"အဲဒါ တလားခေါက်သံလို့ခေါ်တယ်"

"မင်းက ဘယ်လိုလုပ်သိတာလဲ"

"အဲဒါ ငါ့အဖွားပြောပြလို့ သိတာ"

"တလားခေါက်ရင် ဘာဖြစ်တတ်လဲ"

"အဲဒီအသံဟာ လူတွေရဲ့ ဝိညာဉ်ကိုခေါ်တဲ့အသံတဲ့"

"ဟေ...ဒါဆို ဒီအသံက မရဏခေါ်သံပေါ့"

"သိပ်ဟုတ်တာပေါ့ကွာ ဒီလို တလားခေါက်ပြီးခေါ်ရင် ကံနိမ့်တဲ့သူတွေဟာ သင်္ချိုင်းဆီကို အရမ်းလာချင်တယ်တဲ့၊ သင်္ချိုင်းရောက်တာနဲ့သေတာပဲ"

"ဒါဆို ငါတို့ဘယ်လိုလုပ်ကြမလဲ ဒီအသံကို တို့ကြား



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီ၊ ငါတို့ကိုလည်း လာခေါ်မလား မသိဘူး”

သူတို့နှစ်ယောက်ပြောနေတဲ့စကားကို ဖြူမကကြားပြီး အရမ်းကြောက်လန့်သွားတယ်။

“အစ်ကို…ဖြူမလည်းကြားဖူးတယ် တလားခေါက်သံဟာ လူတွေရဲ့ ဝိညာဉ်တွေကိုခေါ်တဲ့ မရဏခေါ်သံတဲ့”

“ဘာပဲဖြစ်ဖြစ် မရဏခေါ်သံကြောင့် သေမှာကနောက် အစ်ကိုတွေနဲ့တွေ့ရင် သေမှာက အရင်ပဲ”

“ဟုတ်တယ်အစ်ကို ဒါပေမယ့် ဖြူမတစ်သက်မှာ ဒီမည်းမည်းကြီးတွေကို တွေ့ရတာ အရမ်းကြောက်တယ်”

ပြောရင်းဆိုရင်းနဲ့ ဖြူမရဲ့ခန္ဓာကိုယ်ကလေးဟာ ကြောက်လွန်းလို့ တုန်တုန်လှုပ်လှုပ်နဲ့…။

ဖြူမလည်း ရင်မောင်ကို ဖက်ထားပြီး ကြောက်ရွံ့စွာ ကြည့်မိကြည့်ရာ ကြည့်လိုက်တော့ ရှေ့သုံးကိုက်လောက်အကွာက မြေပုံမို့မို့ကလေးဘက်ကို မျက်စေ့ရောက်သွားခဲ့တယ်။ အဲဒီနားက ကျွီကျွီ-ကျွီကျွီဆိုတဲ့အသံတွေကိုလည်း ကြားရတယ်။

အဲဒီမြေပုံဟာ ကြည့်ရင်း ကြည့်ရင်း….

မြေကြီးတွေပွတက်လာသလိုလို …





ပြန်ပြီး ပကတိအတိုင်း ဖြစ်သွားသလိုလို …။

“ငါ … ဘာတွေ မြင်နေပါလိမ့်”

“မြေကြီးတွေပွလာသလိုလိုပဲ”

“ဟယ်…ဟုတ်သေးပါဘူး ငါ့ရဲ့အမြင်တွေ လွဲချော်နေသလား”

ဖြူမကစဉ်းစားပြီး သူ့မျက်လုံးကို လက်ဖမိုးနဲ့ပွတ်ပြီး ပြန်ကြည့်လိုက်တော့ မြေကြီးက ပကတိအတိုင်းပဲ…။

“ဩော်…ငါ့မျက်စေ့ အမြင်မှားတာ ထင်ပါရဲ့”

ထိုသို့စဉ်းစားပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တယ်။ မည်းမည်းကောင်ကြီးက အခေါင်းကို တီးနေတုန်းပဲ…

“ဗုံ”

“ဗုံ”

“ဗုံ”

“အမလေး…ဒုက္ခပါပဲ”

မည်းမည်းကောင်ကို ကြောက်တာနဲ့ အရှေ့ကမြေပုံကို ပြန်ကြည့်လိုက်တော့…။

မြေကြီးတွေက တဖွားဖွားထအောင် ပွနေတာ တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။

"ဟာ…မြေကြီးတွေ ပွလာပြီ မဖြစ်ဘူး အစ်ကို ရင်မောင်ကိုပြောမှပဲ"

ဖြူမက ဒီလိုစိတ်ကူးမိတာနဲ့ တပြိုင်နက်…

"အစ်ကိုရင်မောင် …ဟိုမြေပုံက မြေကြီးတွေ ပွစိ ပွစိ ဖြစ်နေတယ်"

"ဘယ်မှာလဲ"

"ဟောဟိုမှာ မြေပုံမှာလေ သေသေချာချာ ကြည့်ပါဦး"

ဖြူမက ခပ်လှမ်းလှမ်းက မြေပုံကို ညွှန်ပြလိုက်တယ်။

ဒီတော့ ရင်မောင်က လှမ်းကြည့်လိုက်တဲ့အခါ …

မြေပုံက မြေကြီးတွေဟာ ဖွာခနဲ ဖွာခနဲ ပွတက်လာတယ်။ ရင်မောင်တောင် ကြည့်ရင်း ကြည့်ရင်း မျက်စေ့အမြင်မှားသလားလို့တောင် အောင်းမေ့ရတယ်။ ဒီလို မြေကြီးတွေ ပွတက်လာတာမျိုး သူ့ရဲ့တစ်သက်မှာ တစ်ခါမှ မမြင်ဖူးဘူး။

"ဟုတ်ပါရဲ့…ဖြူမပြောတာ မှန်တယ် မြေကြီးတွေ ပွတက်နေပြီ၊ ရဲမောင့်ကို ပြောဦးမှ"





ရင်မောင်က ရဲမောင်ကို လှမ်းပြောလိုက်တယ်။

"ရဲမောင် … ဟိုရှေ့နားက မြေပုံကို ကြည့်လိုက်စမ်းပါ"

"ဘာဖြစ်လို့လဲကွာ မည်းမည်းကြီးမှုတ်ီးနေလို့ ကြောက်ရတဲ့အထဲမှာ"

"ဟော့ကောင် ငါ့က အကောင်းပြောတာ မြေပုံပေါ်က မြေကြီးတွေ ပွတက်လာသလားလို့"

"ဟေ…ဟုတ်လား"

"ဟုတ်လား လုပ်မနေနဲ့ ကြည့်လိုက်စမ်းပါကွာ"

"အေးပါ…ကြည့်ပါ့မယ်"

ရဲမောင်က သည်လိုပြောပြီး မြေပုံကို လှမ်းကြည့်လိုက်တဲ့အခါမှာ…

"အမလေးဗျာ … မြေကြီးတွေက ဖွာခနဲ ဖွာခနဲ ပွလာပြီ…အထဲက သရဲများ ထွက်လာမလား မသိဘူး"

"ဟော့ကောင်ရေ ငါပြတုန်းက မြေကြီးပွတာပဲပါတယ် သရဲမပါဘူး"

"မပါလို့ရမလား အထဲကအကောင်တစ်ကောင်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ သူတွန်းအားကြောင့် ပွလာတာ ဖြစ်မှာပေါ့"

"အဲဒါဆို ဘာကောင်ဖြစ်နိုင်လဲ"

"သရဲဖြစ်မှာပေါ့"

"အမလေးဗျာ ... ကျွန်တော်တို့တော့ ဒုက္ခပါပဲ"

"ဟုတ်ပါရဲ့ရှင်...ဟိုခပ်ဝေးဝေးမှာလည်းသရဲ၊ အနီးမှာလည်း သရဲ ဘယ်လိုလုပ်ကြမတုန်း"

"အခုမှ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေပြီ"

ရဲမောင်က ခပ်ညည်းညည်းကလေး ပြောလိုက်တယ်။

ဒီတော့ ... ရင်မောင်က..

"သရဲဆိုတာ ညဘက်ပဲခြောက်တာ မနက်အာရုံတက်တာနဲ့ ပျောက်သွားမှာ ဘာမှမကြောက်နဲ့"

ကျန်နှစ်ယောက်ကို သည်လိုအားပေးလိုက်တယ်။ သည်တော့ ရဲမောင်က...။

"မနက်အာရုံတက်မှာကနောက် မြေပုံထဲကသရဲထွက်လာပြီး ငါတို့ကိုခြောက်ရင် ဘယ်လိုလုပ်မလဲ"

"အေး...ဒါလည်း ဟုတ်တာပဲ ဘုရား...ဘုရား မြေပုံထဲက သရဲမထွက်ပါစေနဲ့ဦး"





"အစ်ကိုရေ...ဖြူမတော့ ကြောက်လွန်းလို့ သတိလစ်ခါနီးနေပြီ"

"သတိမလစ်ပါနဲ့ဦး ဖြူမရယ်...စိတ်ကို တင်းထားပါ။ ဒီဒုက္ခက ဘယ်လိုလွတ်အောင် လုပ်ရမလဲဆိုတာ အစ်ကို စဉ်းစားနေပါတယ်။

ရင်မောင်လည်း သူတတ်သလောက် မှတ်သလောက် ဉာဏ်ကလေးနဲ့စဉ်းစားနေမိတယ်။ ဒါပေမယ့် ကျဉ်းထဲကြပ်ထဲမှာ ဘာအကြံဉာဏ်မှ ထွက်မလာခဲ့ဘူး...။

အမှန်တကယ်တော့လည်း...။

အသက်နှစ်ဆယ်ကျော်ကျော်အရွယ်ကလေးမှာ နဂိုကမှ သင်္ချိုင်းမြေကို ကြောက်ရတဲ့အထဲမှာ အခုလို သွေးပျက်ခမန်း အဖြစ်တွေကို တွေ့ရတော့ အလွန်အမင်းကြောက်ရွံ့တုန်လှုပ်နေခဲ့တယ်။

အရှေ့ကိုကြည့်ပြန်တော့လည်း...။

မြေပုံကြီးကပွလာပြီး အထဲက သရဲပဲထွက်လာမလား... သွေးစုတ်ဖုတ်ကောင်ပဲ ထွက်လာမလားဆိုတာ မပြောနိုင်ဘူး။ တကယ်လည်း တစ်ကောင်ကောင်တော့ ထွက်လာမှာ အမှန်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကောင်က ဘာကောင်လဲ…။

သရဲလိုလို … တစ္ဆေလိုလို…။

ကြောက်လန့်ဘွယ်ကောင်းတဲ့အကောင်တစ်ကောင်ဟာ ဘွားခနဲ ထွက်လာရင် ဘယ်လိုလုပ်မလဲဆိုတဲ့အတွေးစိတ်နဲ့ ခြောက်ချားနေခဲ့တယ်။ ခပ်လှမ်းလှမ်းကို လှမ်းကြည့်လိုက်တော့ စောင်ခြုံထားတဲ့ ခေါင်းကြီးကို ညိတ်ကာ ညိတ်ကာနဲ့ စည်းချက်ဝါးချက် လိုက်ပြီး ဗုံတီးနေတဲ့ မကောင်းဆိုးဝါးကြီး…။

ဒီလောက် တိုက်တိုက်ဆိုင်ဆိုင် ဆိုးဝါးတဲ့မြင်ကွင်းကို မြင်ရလို့ သူတို့သုံးယောက်စလုံး သွေးပျက်နေကြပြီ…။

ဒီမြင်ကွင်းတွေက လွတ်ကင်းအောင် ပြေးထွက်ချင်ပေမယ့် မိုက်ခဲညီနောင်နှစ်ဦးရဲ့ ခြေချက်မှာ အသက်ထွက်ရမှာမို့ ဒီနေရာကနေပြီး ရုန်းထွက်အောင် ကြိုးစားပေမယ့်…

ဘာမှလုပ်လို့မရတဲ့ဘဝမျိုး…။

ခြောက်ချားဘွယ်မြင်ကွင်းတွေကို ရင်တဆတ်ဆတ်တုန်အောင် ရင်ခုန်စွာနဲ့ ထိုင်ကြည့်နေရတဲ့ အဖြစ်အပျက် ဖြစ်နေတယ်။

ကြောက်လွန်းလို့လားတော့ မသိဘူး။





ကြက်သီးတွေ တဖျန်းဖျန်းထပြီး လက်ဖျားခြေဖျားတွေက ရေခဲတမျှ အေးစက်နေတယ်။

အဲဒီအချိန်မှာ…။

မိုက်ခဲညီနောင်မှာလည်း သူ့ဒုက္ခနဲ့သူ…။

ဒေါသမိုးမွှန်နေတဲ့ မိုက်ခဲညီနောင်နှစ်ယောက်ဟာ ဖြူမနောက်ကို လိုက်ရင်းနဲ့ သစ်ဆုံရွာထိပ်ကို ရောက်လာခဲ့တယ်။

ရွာထိပ်ရောက်တော့ ရွာထဲကို စွတ်မဝင်ရဲဘူး။သူများရွာဖြစ်နေတဲ့အတွက် အရိပ်အခြည်ကိုစောင့်ကြည့်ပြီး သူတို့ရဲ့နှုတ်ကလည်း…

"တောက် …ခွေးမဖြူရော ဟိုကောင်ပါ မတွေ့ရတော့ဘူး ရွာထဲပဲ ဝင်သွားသလား မသိဘူး"

"ဒါဆို ရွာထဲကို ဝင်ကြည့်ရင် မကောင်းဘူးလား"

"ဘယ်ဖြစ်မလဲ ကိုယ့်ရွာမှ မဟုတ်ဘဲ နောက်ပြီး ညကြီးမင်းကြီး"

ထိုသို့ပြောနေစဉ်…။

ကင်းစောင့်နေတဲ့ ဖိုးပေါက်တို့ ကင်းသမားတစ်သိုက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



လူရိပ်လိုလိုတွေ့လိုက်တဲ့အတွက်...

"ဟော့...ဘယ်သူလဲ"

လို့ လှမ်းမေးလိုက်တယ်။

ဒီတစ်ချီတော့ နေရာတကာမှာ မိုက်ခဲ့တဲ့ မိုက်ခဲညီနောင်ဟာ ဘယ်လိုပြောရမှန်းမသိတော့ဘူး။

နမ...လင်နောက်လိုက်တယ်လို့ ပြောရအောင်လည်း အသေအချာ မသိသေး...။ ဒီရွာထဲ ပြေးဝင်သွားပြီလို့ ပြောရအောင်လည်း သင်္ချိုင်းကုန်းအစပ်ကတည်းက အစအန ပျောက်သွားတာဆိုတော့ ဘယ်လိုဖြေရမှန်းမသိ ဖြစ်နေတယ်။

သည်တွင် ဖိုးပေါက်တို့အုပ်စုကလည်း မှောင်မှောင်မည်းမည်းထဲက လူရိပ်သဏ္ဌာန်ကို မနည်းစူးစိုက်ပြီး ကြည့်နေခဲ့ရတယ်။

မိုက်ခဲညီနောင်ကလည်း အကင်းပါးတယ်။ ကင်းစောင့်တဲ့သူတွေနဲ့ ပြဿနာမဖြစ်ချင်လို့ အစ်ကိုကြီးက သူ့ညီလေးကို

"ညီလေးရယ် အစ်ကိုကြီးတို့ နောက်ကြောင်းပြန်လှည့်ကြစို့"





"ဟုတ်ကဲ့ အစ်ကိုကြီး"

မိုက်တီးနဲ့ မိုက်ခဲဟာ အမှောင်ကို အားကိုးပြီး လာရာလမ်းကို အသာလေး ပြန်လှည့်ခဲ့တယ်။

သည်တွင် ဖိုးပေါက်ကလည်းအခြားကင်းသမားများဘက်သို့လှည့်ကာ

"ဟေ့ကောင်တွေ...ခုနက လူရိပ်လိုလို တွေ့လိုက်တယ်။ အခုမရှိတော့ဘူး"

"ဟုတ်တယ်ကွ ...ငါတော့ လူစင်စစ်မဟုတ်ဘူးထင်တယ်"

"အေးကွ ... ဒီအချိန်ဟာ တစ္ဆေသရဲတွေ အစာရှာထွက်တဲ့အချိန် ပျော်မြူးတဲ့အချိန်ဆိုတော့ လူမဟုတ်ရင် နာနာဘာဝ ဝိနာဘာဝတွေ ဖြစ်မယ်နဲ့တူတယ်"

"အေး...ဒါဆိုရင် လူလား နာနာဘာဝလား သိအောင် အဲဒီနောက်ကို တို့ငါးယောက် လိုက်ကြည့်ကြမယ်။ သံချောင်းကင်းစောင့်"

"အေးပါကွ"

"တကယ်လို့အကြောင်းထူးရင် ငါတို့အချက်ပြလိုက်"



www.burmeseclassic.com

www.burmeseclassic.com



မယ် မင်းက ရွာထဲကလူတွေကို သွားနိုးလိုက်''

''အေးပါကွာ''

''ဒါဆို ငါတို့အုပ်စုက ရွာပြင်ထွက်မယ်''

ဖိုးပေါက်တို့အဖွဲ့သားများဟာ ရွာထိပ်က တစ်ဆင့် ရွာပြင်ကို ထွက်လာခဲ့ကြတယ်။ သူတို့က လှမ်းကြည့်လိုက်တော့ ခပ်မည်းမည်းသဏ္ဌာန်အရိပ်နှစ်ခု ခပ်မြန်မြန်သွားနေသလို တွေ့ရတယ်။

''ဟော...ဟိုမှာ...အရိပ်မည်းမည်းတွေ''

''လှုပ်လှုပ်ရှားရှားနဲ့ ခပ်မြန်မြန်သွားနေသလိုပဲ''

''ဟုတ်တယ် သရဲဆိုရင် ခြေသံကြားတာနဲ့ ပျောက်သွားလိမ့်မယ်။ ခြေသံမကြားအောင် အသံလုံလုံနဲ့ နောက်က လိုက်မှဖြစ်မယ်''

''ဟုတ်တယ် ဖိုးပေါက်ပြောတာမှန်တယ်ခြေသံမကြားအောင် လိုက်ကြစို့''

သည်လိုနဲ့ အရိပ်မည်းမည်းနောက်ကို ဖိုးပေါက်တို့အုပ်စုက မျက်ခြည်မပြတ် လိုက်လာခဲ့တယ်။


အရိပ်မည်းမည်းတွေကတော့ နောက်က ဖိုးပေါက်တို့





အုပ်စု လိုက်လာမှန်းမသိဘူး ခပ်သွက်သွက်လျှောက်ရင်းနဲ့ သင်္ချိုင်းဝကို ရောက်သွားခဲ့တယ်။

* * *






www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

## သင်္ချိုင်းပူးစာ

မိုက်ခဲညီနောင် နှစ်ယောက်ဟာ...

တဖြည်းဖြည်းနဲ့ သင်္ချိုင်းဝကို ရောက်လာခဲ့တယ်။ အစ်ကိုကြီးဖြစ်သူမိုက်တီးက...

"ညီလေး... ဖြူမတို့တော့ ဒီသင်္ချိုင်းထဲ ဝင်ပုန်းနေတာ ဖြစ်မယ်"

"ဟုတ်တယ် ရွာထိပ်အထိတော့ မရောက်နိုင်ဘူးဒီတော့ ဒီနားမှာပဲ ရှိနေဦးမှာပဲ"





"ဒါဆို ... တို့သင်္ချိုင်းထဲဝင်ရှာရင် ကောင်းမယ်"

မိုက်ခဲညီနောင်ရဲ့ စကားသံဟာ တိတ်ဆိတ်နေတဲ့ ညအချိန်မှာ အတိုင်းသားကြားနေရလို့ ဖြူမတို့သုံးယောက်မှာ ဒူးတွေပါ တဆတ်ဆတ်တုန်နေတယ်။

"အစ်ကိုရေ ... ဖြူမတို့တော့ အခုမှ ဒုက္ခပဲ အစ်ကိုတို့လိုက်လာပြီ"

"ငြိမ်ငြိမ်နေ ... ဘာစကားမှမပြောနဲ့"

ဖြူမတို့မှာ ခေါင်းကလေးကို ပုထားပြီး ငြိမ်နေကြတယ်။ မိုက်ခဲညီနောင်နှစ်ယောက်ဟာ တဖြည်းဖြည်းလျှောက်လာခဲ့တာ ဖြူမတို့ပုန်းနေတဲ့ အုတ်ဂူပျက်နားဆီကို ရောက်လာခဲ့တယ်။

ဖြူမတို့သုံးယောက်ကတော့...

"ဘုရား...ဘုရား"

"ဘုရားရှင် ကယ်တော်မူပါ"

ဘုရားတ,ပြီး ဆုတောင်းနေကြတယ်။

သည်တွင် ခပ်လှမ်းလှမ်းက အုတ်ဂူပေါ်မှာထိုင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းကောင်ကြီးကို ညိုငယ်မိုက်ခဲက...နှင်း... ...မှာ မသဲမကွဲလှမ်းမြင်လိုက်ရတယ်။

"အစ်ကိုကြီး...ဟောဟို အုတ်ဂူမှာ မည်းမည်းအ...ပိ... တစ်ခုတွေ့တယ်"

"မှန်းစမ်း"

မိုက်တီးက မိုက်ခဲပြတဲ့ နေရာကိုလှမ်းကြည့်လိုက်တယ်။

"ဟုတ်တယ်...အုတ်ဂူပေါ်မှာ ထိုင်နေသလိုပဲ"

"ဒါဟာ ဟိုကောင်မ ဖြူမနဲ့ သူ့ရဲ့အကောင် ဖြစ်မယ်"

"ဟုတ်မယ် ကျွန်တော်တို့ပြန်သွားတယ်ထင်ပြီး အုတ်ဂူ... ပေးမှာ ထိုင်နေကြတာ ဖြစ်မယ်"

"သိပ် ဟုတ်တာပေါ့ကွာ ထိုင်စရာရှားလို့ အုတ်ဂူပေါ်... မျှားသွားတိုင်နေရသေးတယ်"

"အစ်ကိုကြီး ပြောနေတာကြာတယ် သူတို့ကို သွားဖမ်း... ကြစို့"

"အေး...သွားမယ်"

ထိုစဉ် အုတ်ဂူကြားမှမြင်နေရတဲ့ဖြူမက သူ့အစ်ကိုများ...





ကိုတစ်လှည့် ... မည်းမည်းကောင်ကြီးကိုတစ်လှည့်ကြည့်ပြီး ...ဘုရား...ဘုရား မည်းမည်းကောင်ကြီးနဲ့ ဘာတွေများ ဖြစ်ကုန်မလဲ မသိဘူး"

သူမရော ရင်နမောင်နှင့် ရဲမောင်ပါ ရင်သိမ့်တုန်စွာ ကြည့်နေကြတယ်။

သူတို့နှစ်ယောက်ဟာ တဖြည်းဖြည်းသွားရင်း... မည်းမည်းကြီးရဲ့ကအနီးကိုရောက်တော့...

"ဟော့ကောင်မလား ... ဟော့ကောင်လား... မပြေးနဲ့"

သည်လိုပြောပြီး အစ်ကိုကြီးက ဓားနဲ့ချိန်ရွယ် လိုက်တယ်။

သူတို့က သည်လိုပြောလိုက်တာနဲ့တပြိုင်နက် မည်းမည်းကောင်ကြီးဟာ ဓားကို ခြေထောက်နဲ့ ကန် ပစ်လိုက်တယ်။

"ချလွင်"

အစ်ကိုကြီးရဲ့ဓားဟာ မြေပြင်ပေါ်ကို လွတ်ကျသွား တယ်။ သည်တော့ညိုငယ်မိုက်ခဲက ဓားနဲ့ခုတ်ဖို့ ပြေးဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တယ်။

"ချလွှင်"

မည်းမည်းကောင်ကြီးက ခြေထောက်နဲ့ပထပ်ကန်လိုက်တယ်။ ညီငယ်ရဲ့ဓားဟာ အစ်ကိုကြီးရဲ့ဓားလိုပဲ မြေပြင်ပေါ်ကို ကျသွားခဲ့တယ်။

မိုက်တီးနဲ့ မိုက်ခဲဟာ ဓားနှစ်လက်စလုံး မြေပြင်ပေါ်ကို ကျသွားတဲ့အခါ လက်ရဖမ်းဖို့ အဲဒီမည်းမည်းကြီးကို ခုန်အုပ်လိုက်တယ်။

"ဟောကောင်…ငါ့နမကို ခိုးတဲ့အကောင် မပြေးနဲ့"

သူတို့စိတ်ထဲမှာ ရင်မောင်ဟာ ပြေးမလွတ်တာနဲ့ သူတို့ကို အဝတ်မည်းခြုံပြီး သရဲခြောက်တယ်လို့ ထင်ခဲ့တယ်။

ဒါကြောင့် သူ့နမကိုခိုးတဲ့အကောင်ကို လက်ရဖမ်းဖို့အတွက် အပြင်းအထန် ကြိုးစားခဲ့တယ်။

အဲဒီမည်းမည်းကြီးကလည်း ခုန်ပေါက် ထွက်ပြေးခဲ့တယ်။ အဝတ်မည်းကြီးတဖားဖားနဲ့ပြေးနေတဲ့အကောင်ကြီးရဲ့နောက်ကို မိုက်ခဲညီနောင်က သဲသဲမည်းမည်းလိုက်ခဲ့တယ်။





အဲဒီအကောင်ကြီးက အုတ်ဂူပျက်တွေရဲ့ကြားမှာ ပတ်ပြီး ပြေးနေခဲ့တယ်။

"ဟောတော့…ဘယ်လိုဖြစ်ကုန်ပြီလဲ"

ဖြူမလည်း ဒီအဖြစ်အပျက်ကိုကြည့်ပြီး အံ့ဩနေခဲ့တယ်။

အဲဒီအကောင်ကြီးနောက်ကို မိုက်ခဲညီနောင်က လိုက်နေတာမို့ မည်းမည်းကောင်ကြီးက ပြေးရင်း…ပြေးရင်း ဖြူမတို့ဘက်ကို ရောက်လာခဲ့တယ်။

"ဘုရား…ဘုရား…မည်းမည်းကောင်ကြီးက ဖြူမတို့ဘက်ကို ပြေးလာပြီ"

"ဟုတ်ပါ့…ဟုတ်ပါ့"

"သူ့ကိုလိုက်ရင်းနဲ့ တို့ကို တွေ့တော့မှာပဲ"

"ဘုရား…ဘုရား"

"လုပ်ကြပါဦး"

ရင်တထိတ်ထိတ်နဲ့ ဆုတောင်းနေကြတယ်။

ဒါပေမယ့် တကယ့်ကို ဆုတောင်းမပြည့်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းကြီးက ဖြူမတို့ရှိရာ အုတ်ဂူပျက်ကြီးဆီကို ပြေးလာခဲ့ပြီ။ အုတ်ဂူတွေနားအရောက်မှာ

အုတ်ဂူဘေးမှာကပ်ပြီးပုန်းနေတဲ့ ဖြူမနဲ့ရင်မောင်ကို ခလုတ်တိုက်ပြီး

"ဝုန်း"

"ဘုန်း"

"ခွေမ်း"

အုတ်ဂူဘေးမှာ လဲကျသွားတယ်။ အုတ်ဂူထဲက အုတ်ခဲတစ်ချို့ပါ ပဲ့ပြီးထွက်လာတယ်။

"ဟော"

"အမလေး လုပ်ကြပါဦး" ဖြူမက ကြောက်ကြောက်လန့်လန့်နဲ့ အော်လိုက်တယ်။

"ဟင်"

"အမလေးဗျ"

ရင်မောင်နဲ့ ရဲမောင်ထံမှ...

အာမေဋိတ်သံ အမျိုးမျိုးထွက်ပေါ်လာခဲ့တယ်။

အိုယွန်းယုဥ်စာပေ



လိုက်ရှာတုန်းက မတွေ့တဲ့ ညီမဖြူမနဲ့ ယောက်ဖလောင်းရင်မောင် ရဲမောင်တို့အားလုံး ပက်လက်လန်ပြီး လဲနေတယ်။

"ဟင်...နင်တို့ ဒီမှာပုန်းနေတာကိုး"

ဒီတော့မှ မိုက်ခဲညီနောင်လည်း ယောက်ဖလောင်းထင်ပြီး လိုက်ခဲ့သူဟာ မဟုတ်မှန်းသိတော့ အရမ်းအံ့ဩသွားတယ်။

ဒေါသလွှမ်းမိုးပြီးလိုက်လာကြတဲ့အတွက် သူတို့ကို တွေ့တော့ အရမ်းလည်း ဒေါသထွက်တယ်၊ ဒါပေမယ့် လဲကျနေတဲ့ မည်းမည်းကောင်ကြီးကို မိုက်ခဲညီနောင်က ဦးစွာလက်ရဖမ်းလိုက်တယ်။ အဝတ်မည်းကြီးကို ဆွဲချွတ်လိုက်တဲ့အခါမှာ အံ့ပင်ရှည်ရှည် အသားမည်းမည်းနဲ့ ယောက်ျားကြီးတစ်ယောက် ဖြစ်နေတယ်။ မိုက်ခဲညီနောင်ကတော့ သူ့ကို မသိပေမယ့် ရင်မောင်က သူ့ကို သိတယ်။ သူကတော့...

"ဟင်...အရူးပေတိုးပဲ"

ရင်မောင်က အံ့ဩစွာ ပြောလိုက်တယ်။

ဒီအချိန်မှာ...

အိုယွန်းယုဥ်စာပေ

www.burmeseclassic.com



မိုက်ခဲညီနောင်က ရင်မောင့်ကို…

"ဘာ…အရှုးပေတိုးတွေ ဘာတွေလုပ်မနေနဲ့…မင်းတို့ ငါ့ညီမကို ခိုးတဲ့အကောင်တွေသေပေတော့"

သည်လိုပြောဆိုပြီး လက်သီးနဲ့ထိုးဖို့အရွယ်မှာ..

ရင်မောင်က ကြောက်လွန်းလို့..

"အစ်ကိုရယ် … မလုပ်ပါနဲ့ ကျွန်တော်ရှင်းပြပါ့မယ်"

တောင်းပန်လိုက်တယ် ဒါပေမယ့် ဒေါသကြီးနေတဲ့ မိုက်ခဲညီနောင်က တောင်းပန်လို့မရဘူး။ မညာမတာ လုပ်မယ့် အလုပ်မှာ…

"ဟေ့ကောင်တွေ…ရပ်လိုက်"

ဆိုတဲ့ ကျယ်လောင်တဲ့အသံကြီးနဲ့အတူ ဝါးရင်းတုတ်ကို ရိုက်ဖို့ချိန်ရွယ်ထားတဲ့ ဖိုးပေါက်ကို တွေ့လိုက်ရတယ်။

မိုက်ခဲညီနောင်က သေသေချာချာကြည့်လိုက်တော့ ဖိုးပေါက်ရဲ့နောက်မှာ ကင်းသမားအုပ်စုကို တွေ့လိုက်ရလို့ အားမတန်မာန်လျှော့လိုက်တယ်။

"ကဲ…ဟိုကောင့် ပေတိုးကို လက်နှစ်ဘက်ကြိုးတုတ်





လိုက်"

"ဟုတ်ကဲ့"

ပြောပြောဆိုဆိုနဲ့ အရှုးပေတိုးရဲ့လက်နှစ်ဖက်ကို ကြိုးတုတ်လိုက်တယ်။ ဒီနေရာမှာ ဖိုးပေါက်က ခေါင်းဆောင်သဖွယ် မိုက်ခဲညီနောင်ကို စကားပြောလိုက်တယ်။

"ကဲ…အရှုးပေတိုးကိစ္စတော့ နောက်မှပဲရှင်းမယ်၊ ဒေါသထွက်နေတဲ့ ခင်ဗျားတို့နှစ်ယောက် ဘာဖြစ်ချင်လဲ ပြောပါ"

"ဒီလိုပါညီလေးရယ် အစ်ကိုတို့က မြောက်အရွာက ကိုမိုက်တီးနဲ့ ကိုမိုက်ခဲပါ"

"ဟုတ်ပြီ…ခင်ဗျားတို့က ဘာကိစ္စနဲ့ ကျုပ်တို့ရွာက သင်္ချိုင်းထဲကို ရောက်နေရတာလဲ"

"ကျုပ်ညီမ ဖြူမကို ခင်ဗျားတို့ရွာသားတွေဖြစ်တဲ့ ရင်မောင်က ခိုးပြေးလို့ ကျုပ်တို့ကနောက်ကလိုက်လာတာ သူတို့က သင်္ချိုင်းမှာ ဝင်ပုန်းနေလို့ လိုက်ဖမ်းတာ ဟို…အရှုး ပေတိုးကိုတွေ့တော့ ရင်မောင်ထင်ပြီး ဖမ်းရင်းနဲ့ သူတို့အားလုံး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တွေ့တာပဲ"

ကိုစဉ် ရွာသားများကို သံချောင်းက အချက်ပေးတဲ့ အတွက် ရွာသားအချို့ ဘ သချိုင်းထဲကို ရောက်ရှိလာတယ်။

"ကဲ…ကိုမိုက်တီးနဲ့ ကိုမိုက်ခဲ … ခင်ဗျားညီမ မဖြူမ အတွက် ခင်ဗျားတို့ ဘာလုပ်ချင်သလဲ ပြောပါ"

"ကျုပ်တို့ညီမ ဖြူမကို ကျုပ်တို့ပြန်ခေါ်သွားမယ်"

"အစ်ကိုရင်မောင်နဲ့ မခွဲပါနဲ့…သူက ခိုးဟာမဟုတ် ပါဘူး ဖြူမက အစ်ကို့ကိုကြောက်လို့ သွားနေတာကို လိုက်ခဲ့ တာပါ"

"ဒါဆိုရင် ဒီလိုလုပ်ပါ ကိုမိုက်တီး ကလေးတွေရဲ့ ချစ်ခြင်းကို မခွဲပါနဲ့"

"ဒီညတော့ ကျွန်တော့်ညီမကို ပြန်ခေါ်သွားမယ် မေတ္တာရှိတယ်ဆိုရင် လူကြီးစုံရာနဲ့ ရင်မောင်ကို လာတောင်းခိုင်း ပါ"

"ကောင်းပါပြီ"

"အခုလို ပြေပြေလည်လည် ဖြစ်သွားတဲ့အတွက်





ကိုမိုက်တီးတို့ညီအစ်ကိုကို ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့ ခင်ဗျ"

ဟော…ရင်မောင်…မင်းလဲ ကိုမိုက်တီးတို့ညီအစ်ကို တောင်းပန်လိုက်လေ။

ရွာသားထဲက အသက်ကြီးတဲ့ ဦးလူဝံက ဒီလိုပြောလိုက် တယ်။

"အစ်ကိုတို့ကို ကျွန်တော်တောင်းပန်ပါတယ်"

"အေး…ကောင်းပြီ"

မိုက်ခဲညီနောင်နဲ့ ပြေလည်သွားခဲ့ပြီ။

ဒီတော့…အရှုးပေတိုးအလှည့်…

"ဟေ့ကောင် ပေတိုး…မင်းက ညအချိန်မတော်မှာ အဝတ်မည်းကြီးဝတ်ပြီး ဘာကြောင့်အခေါင်းကြီးကို တီးနေ တာလဲ"

"ကျွန်တော်လည်း ဘယ်လိုဖြစ်မှန်းမသိဘူး၊ ဘယ်လို လုပ်ပြီး သင်္ချိုင်းထဲရောက်လာမှန်းလည်း မသိဘူး၊ ဒီရောက်မှ အဝတ်မည်းကြီးနဲ့ အခေါင်းသေးလေးတွေ့တာနဲ့ အဝတ်မည်းဝ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတီးကြည့်တာ"

"ဒါဆိုရင် ဟိုနေ့တွေက မုံတီးတာ ဘယ်သူလဲ"

"ဒါတော့…ကျွန်တော်လည်းမသိဘူးဆရာ"

"ကဲ…ဖိုးပေါက်ရေ အရူးကိုမေးနေလို့ရော အမှန်စကားရမှာလား"

"ဟိုနေ့က မုံတီးတဲ့သူဟာ သရဲဖြစ်ဖြစ်၊ တစ္ဆေဖြစ်ဖြစ် ပေတိုးဖြစ်ဖြစ် တစ်ယောက်ယောက်ဖြစ်မယ်"

"ကဲ…ဒီကိစ္စထားတော့ နောက်မှရှင်းမယ်"

ထိုစဉ် …

ဖြူမက…

"ဒီမှာ….ရှင်းဖို့ကိစ္စတစ်ခုကျန်သေးတယ်"

လို့ပြောလိုက်တော့ အားလုံးက ဘာများမပြေလည်တဲ့ ပြဿနာရှိသလဲလို့ထင်ပြီး…

"မဖြူမ ပြောပါ…ဦးလေးတို့ ဘာလုပ်ပေးရမလဲ"

"ဟောဟို မြေပုံကို ကြည့်လိုက်ကြပါ"

သူမတို့ပုန်းအောင်းစဉ်က ရှေ့မှာရှိတဲ့မြေပုံကို ပြလိုက်





တယ်။ ဖိုးပေါက်တို့ရွာသားတွေ ကြည့်လိုက်တဲ့အခါမှာ …

"အမလေး…မြေကြီးတွေကွဲတက်လာတယ်"

ရွာသားတစ်ဦးက အလန့်တကြား အော်ပြောလိုက်တယ်။

ဒီတော့….ဖြူမက…

"ဟုတ်တယ် ဖြူမကြည့်နေရင်းနဲ့ မြေကြီးတွေ ပွစိပွစိ ဖြစ်လာလို့ မြေကြီးထဲက သရဲများထွက်လာမလားထင်ပြီး ကြောက်လိုက်တာ"

"ဟုတ်ပြီ…ဟုတ်ပြီ… ကျွန်တော့ရဲ့အမဲသားတွဲ ဆွဲသွားတုန်းကလည်း ဒီလိုပဲ မြေကြီးတွေပွလာတာ တွေ့ရတယ်"

ကိုပေါက်က သူကြုံကြိုက်ခဲ့ဖူးတဲ့ မြေကြီးတွေ ပွလာတဲ့ အကြောင်းကို ပြောပြလိုက်တယ်။

"ဒီမြေပုံအောက်မှ တစ်ခုခုတော့ရှိမယ်"

"ဟုတ်တယ်…အစွယ်ပြူးပြူးနဲ့ သရဲကြီးလာမလား… သွေးစုတ်ဖုတ်ကောင်ပဲ ထွက်လာမလားဆိုပြီး ဖြူမက ကြောက်နေတာ"

ဖြူမက ဒီလိုပြောလိုက်တော့ အစ်ကိုနှစ်ဦးဖြစ်တဲ့ မိုက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



ညီနောင်က…။

"ဟုတ်တယ်ဗျာ…မြေပုံကြီးဒီလိုကြွတက်လာတာ ကျုပ်တို့လည်း တစ်ခါမှ မမြင်ဖူးဘူး…အထဲမှာ ဘာကောင်ရှိတယ်ဆိုတာ သိချင်တယ်"

"ဟုတ်တယ် ဘာကောင်ဖြစ်ဖြစ် ကျုပ်တို့ ကြောက်စရာမလိုဘူး…ကျုပ်တို့က လူအုပ်စုများတယ်"

ဒီတော့ ဖြူမြရဲ့အစ်ကိုဖြစ်တဲ့ မိုက်တီးက …

"ညီလေး…ဟိုနားမှာကျသွားတဲ့ အစ်ကိုကြီးရဲ့ဓားကို သွားကောက်ချည်"

"ဟုတ်ကဲ့…အစ်ကိုကြီး"

သည့်လိုပြောပြီး အရှုးပေတိုးထိုင်ခဲ့တဲ့ အုတ်ဂူပျက်နားက ဓားမျှားကိုသွားကောက်ကာ ယူလာခဲ့တယ်။

"ရော့…အစ်ကိုကြီး သည်မှာဓား"

"အေး…ဟုတ်ပြီ"

"ကဲ ဒီမှာ ဓားရှိပြီ ကျုပ် ဒီမြေပုံကို တူးကြည့်မယ် သဘောတူကြလား"





"ကောင်းတယ်"

"ကဲ ညီလေးပါကူပြီးတူးဟေ့…အထဲက ဘာကောင်ထွက်လာလာ ဓားနဲ့အပြတ်ခုတ်ဟေ့"

"ကောင်းပါပြီအစ်ကိုကြီး…အစ်ကိုကြီးက ဟိုဘက်ကတူး၊ ကျွန်တော်က ဒီဘက်ကတူးမယ်"

ယောက်မနှစ်ယောက်ကို သတ်မယ်ဆိုတဲ့ဓားဟာ သူသားနဲ့ ကမြေပုံကို တူးတဲ့ဓားဖြစ်သွားတယ်။

အချိန်တော်တော်ကြာ အားစိုက်တူးလိုက်တဲ့အခါမှာ ပွစိ ထက်နေတဲ့ မြေကြီးထဲက အခေါင်းကြီးကို တွေ့လိုက်ရတယ်။

"ဟာ…အခေါင်းကြီးက လှုပ်နေတယ်"

ဖြစ်ချင်တော့ အခေါင်းကြီးက တုန်တုန်ခါခါ လှုပ်နေတယ်။

"အခေါင်းထဲမှာ ဘာရှိလဲမသိဘူး၊ လှုပ်တုတ်လှုပ်တုတ်"

"ကြာတယ်ကွာ…အခေါင်းကြီးကို ကလော်ပြီး ဖွင့်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကိုကြီး"

သစ်ဆုံရွာက အခေါင်းကို မြောက်အူရွာသား မိုက်ခဲ ညီနောင်က လာဖွင့်ပေးရတယ်ဆိုတာ ဆန်းတော့ အဆန်းသား။

"အခေါင်းဖုံးကို မြန်မြန်ကလော်ပါဟေ့"

"ကလော်နေပြီ အစ်ကိုကြီး"

"တစ်ကောင်ကောင် ထွက်လာရင် လက်မနေးနဲ့ ခုတ်လိုက်နော်"

"ဟေ့ကောင်...ငါ့ဓားက ဘယ်သရဲတစ္ဆေ သွေးစုတ် ဖုတ်ကောင်ရော ဘာရောနားမလည်ဘူး၊ ဘယ်ဇက်မှ မရွေးဘူး ဟေ့"

"ကဲ...ကွာ"

"ဘုန်း"

"အမလေး"

အခေါင်းဖုံးကြီး ပွင့်သွားလေပြီ။

အခေါင်းထဲမှာတော့ ... တွေ့လိုက်ရတာ အသည်း တောင်ယားပါရဲ့။





"ဟာ...ငါးရှဉ့်တွေ...ငါးရှဉ့်တွေ အထွေးလိုက်ကြီး"

ငါးရှဉ့်တွေဟာ မြွေတွေတစ်ကောင်နဲ့တစ်ကောင် တွန့်လိမ်ကောက်ကွေးစွာ ရစ်ပတ်နေသလို အရိုးစုရဲ့ မျက်စေ့ထဲက ထွက်လာလိုက် နံရိုးတွေကြားမှာ အခွေလိုက် အခေါင်းနဲ့အပြည့် ပါပဲ...။

အခေါင်းရဲ့အောက်မှာလည်း ငါးရှဉ့်တွေဆိုတာ မြင်မကောင်းဘူး။ တွန့်လိမ်ပြီး တစ်ကောင်နဲ့တစ်ကောင် ရစ်ထွေးနေလို့ အခေါင်းကြီးဟာ ကြွလိုက် အောက်ကျလိုက်ဖြစ်ပြီး လှုပ်ရှားနေတယ်။ အပေါ်ယံက မြေကြီးတွေကလည်း ဒီရေတွေ ဝင်ထားတော့ စိုစွတ်နေတယ်။ ဒီတော့ အောက်က ငါးရှဉ့်က လှုပ်လေလေ...

အခေါင်းကြီးထဲက ငါးရှဉ့်ကလည်း လှုပ်လာတယ်။

နောက်ကျွိကျွိ...ကျွိကျွိဆိုတဲ့အသံကြီးတွေလည်းပေါ်လာတယ်။ အားလုံးလှုပ်ရှားမှုတွေ ပေါင်းလိုက်တော့ အပေါ်ယံက ရေစိုနေတဲ့မြေကြီးဟာ ပွလာပြီး ကြွတက်လာတယ်။

ငါးရှဉ့်တွေငြိမ်သွားရင် မြေကြီးတွေနိမ့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါးရှဥ့်တွေရဲ့ လှုပ်ရှားမှုအတိုင်း…

မြေကြီးတွေဟာ လှုပ်ရှားနေမှန်းယခုကောင်းစွာ သိခဲ့ရပြီ။

“အမလေး…အခေါင်းထဲက သရဲပဲထွက်လာမလား၊ သွေးစုတ်ဖုတ်ကောင်ပဲ ထွက်လာမလားဆိုပြီး ကြောက်လိုက်ရတာ အခုတော့ ငါးရှဥ့်တွေဟော့ …ငါးရှဥ့်တွေဟ”

သိချင်တဲ့စိတ်ကို လွန်စွာမျိုသိပ်ထားရတဲ့ ဖိုးပေါက်က ရင်ထဲမှပွင့်အန်စွာ အော်ပြောလိုက်သည်။

“ဒို့တစ်ရွာလုံးခြောက်ခြောက်ချားချားဖြစ်ခဲ့ရတာလည်း ဖြူမနဲ့ ရင်မောင်တို့နဲ့တွေ့မှပဲ အပြေပေါ်တော့တယ်”

“ဟုတ်တယ် မင်းတို့နှစ်ယောက်ကိုငါတို့ကောင်းကောင်း ဂုဏ်ပြုရမယ်”

“ဂုဏ်ပြုမယ့်အတူတူ တစ်ခါတည်းပဲ မင်္ဂလာဆောင်ကိစ္စပါ တာဝန်ယူလိုက်ပါ့မယ်ဗျာ”

ရပ်မိရပ်ဖများက ငါးရှဥ့်ရဲ့ကောင်းမှုကြောင့် မိုက်ခဲညီနောင်ကို တစ်ခါတည်း နားဖောက်လိုက်တယ်။ ဖြူမရဲ့





ကံဇာတာ ဆန်းကြယ်မှုကြောင့် တစ်ရွာလုံး ခြောက်ချားခဲ့ရတဲ့ အိပ်မက်ဆိုးကြီးက လွတ်မြောက်ခဲ့ပြီ…။

မိုက်ခဲညီနောင်ကလည်း ဒီလိုကြံကြံဖန်ဖန် ဂုဏ်တက်တဲ့ ညီမအတွက် ဂုဏ်ယူဝံ့ကြွားရင်း…

“ကျွန်တော့်ညီမလေး ဖြူမက နဂိုကတည်းက ကံကိုကောင်းတာဗျ”

လို့ ခပ်ကြွားကြွားလေး ပြောလိုက်တယ်။

ဒီတော့ ရွာကလူကြီးအဖွဲ့ကလည်း…

“ဟုတ်ပါတယ်…ခင်ဗျားညီမလေး ဖြူမဟာ ကျုပ်တို့ရွာနဲ့ ကံစပ်ပါတယ်ဗျာ၊ ရင်မောင်နဲ့အတူ ကျွန်တော်တို့ရွာက ရပ်မိရပ်ဖတွေနဲ့ ဖြူမကို ခင်ဗျားတို့ဆီမှာ ကြီးကြီးကျယ်ကျယ် လာပြီးတောင်းပါ့မယ်၊ ပြီးတော့လည်း ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးမယ်ဗျာ”

“ကျေးဇူးတင်ပါတယ် ဦးကြီးတို့ရယ်၊ အဲဒီလိုဆိုရင် မြောက်အူရွာနဲ့ သစ်ဆုံရွာဟာ နှစ်ရွာတစ်ရွာအဖြစ်နဲ့ ရွှေလမ်း ငွေလမ်းပေါက်ပြီပေါ့ခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့...ဒါပေါ့ အရင်တုန်းက သီးခြားနေခဲ့တဲ့ရွာတွေဖြစ်ပေမယ့် အခုတော့ ... ဖြူမကျေးဇူးကြောင့် နှစ်ရွာတစ်ရွာဖြစ်သွားပါပြီ"

"ကဲ...ဒါဆို ဖြူမကိုခေါ်ပြီး ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါခင်ဗျာ"

"ကောင်းပါပြီ"

"အစ်ကိုရင်မောင်ရေ...ဖြူမလိုက်သွားတော့မယ်နော်"

"ကောင်းပါပြီ...အစ်ကို လူကြီးစုံရာနဲ့ လာခဲ့မယ်နော်"

"ဟုတ်ကဲ့ပါ အစ်ကိုရင်မောင်ရယ်...ဖြူမတို့ရဲ့ဖူးစာကိုက ဆန်းကြယ်လှပါတယ်"

"ဟုတ်တယ် ... ဟုတ်တယ် သင်္ချိုင်းကုန်းမှ ငါးရှဉ့်ဖူးစာလို့တောင်ပြောရမလို ဖြစ်နေပြီ"

"အို...အစ်ကိုကလည်း နိမိတ်မရှိ နမာမရှိနဲ့"

"ဘာပဲဖြစ်ဖြစ် ...ဇက်ပြုတ်မယ့်အရေးမှာ ငါးရှဉ့်ကယ်ပေလို့"

"ကဲ...အစ်ကိုရင်မောင်ရေ ဖြူမသွားပြီ"





"ကောင်းပါပြီ ဖြူမရေ"

ဖြူမက အားလုံးကို လက်ပြကာ မိုက်ခဲညီနောင်နောက်ကို လိုက်သွားခဲ့တယ်။

ရင်မောင်နဲ့ ရဲမောင်က မတိုင်ပင်ထားဘဲ ကိုယ့်လည်ပင်းကိုယ် နှစ်ဦးသားကိုင်ရင်း...

"လည်ပင်းယားတယ်"

"လည်ပင်းယားတယ်"

လို့ ပြိုင်တူပြောလိုက်တယ်...

ဒီတော့ ဖိုးပေါက်က...

"ဟော့ကောင်တွေ ... လည်ပင်းယားမနေနဲ့၊ အဲဒီငါးရှဉ့်တွေ နိုင်သလောက် ယူလာခဲ့"

"ဘာလုပ်မလို့လဲ အစ်ကိုဖိုးပေါက်"

"ဒီလောက် ဒုက္ခပေးဟဲ့ငါးရှဉ့်တွေ ကင်ပြီး အရက်နဲ့မြည်းလိုက်မယ်"

"အဲဒါ အကောင်းဆုံးပါပဲ"

ရဲမောင်နဲ့ ရင်မောင်ဟာ ပုဆိုးတွေကိုချွတ်ပြီး ငါးရှဉ့်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ရသလောက် သယ်လာခဲ့တယ်။ သူတို့မှာတော့ အောက်ခံ ဘောင်းဘီကိုယ်စီနဲ့ ပြီးနောက် ဖိုးပေါက်တို့ ကာလသားအုပ်စုဆီသို့ ပေးလိုက်တယ်။

အဲဒီအချိန်ကစပြီး သစ်ဆုံရွာကလေးဟာ အေးချမ်းမှု အပြည့်အဝ ရရှိခဲ့တယ်။ များမကြာမီမှာ ဖြူမနဲ့ ရင်မောင်တို့ရဲ့ မင်္ဂလာပွဲကြီးဟာ ခြိမ့်ခြိမ့်သဲသဲ တစ်ရွာလုံးပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြတယ်။

တစ်ခါတရံမှာ…ဒီလို ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်မျိုးတွေလည်း ရှိတတ်ပါတယ်…။

သိုက်ဖွား




အိုယွန်းယုဥ်စာပေ

# သိုက်ဖွား

## ထွက်ရှိပြီး ချောက်ချောက်ချားချား လုံးချင်းဝတ္ထုသစ်

၁။ ကိုးသချိုင်းအစိဋ္ဌာန်ရှင်

၂။ အဆောင်မှာခြောက်တဲ့ သရဲကြီး

၃။ တစ္ဆေဖိုင် နံပါတ် ၁၃

၄။ သရဲလိုဏ်ဂူ

၅။ သေရွာပြန်တမလွန်ခရီး

၆။ တတိယမြောက် သေရွာပြန်တမလွန်ခရီး

၇။ တစ္ဆေ ရှိ၊ မရှိ

၈။ မောရမြိုင်မှ ကြမ္မာရိုင်း

၉။ တစ္ဆေညည်းသံ

ယခုလ ထွက်ရှိ

၁၀။ မကောင်းဆိုးဝါး

www.burmeseclassic.com